# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အမျက်ဒေါသ မရှိ**

အမျက်ဒေါသသည် ဆင်းရဲစေ၏။ စိုးရိမ်ပူပန်ရ၏။ ထို့ကြောင့် အမျက်ဒေါသကို ပယ်နိုင်ရန် သည်းခံတတ်သော စိတ်ကို မွေးမြူရာ၏။ အမျက်ဒေါသမရှိ သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံတော်မူသော ရဟန္တာမြတ်တို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့ကြည်ညိုရာ၏။ **ခုဒ္ဒကနိကာယ်(ဓမ္မပဒ - ၄၀၀)**


၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက် | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်၊ စနေနေ့ | အတွဲ (၅၆)၊ အမှတ် (၀၉၂)


# ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေများအတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီများဖွဲ့စည်း

နေပြည်တော် ဒီဇင်ဘာ ၃၀

**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီက ယနေ့ရက်စွဲဖြင့် ကြေညာချက်အမှတ် ၁/၂၀၁၆ ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။**

**အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ**

**ကြေညာချက်အမှတ်၊ ၁/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်

(၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်)

**“ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေများအတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီများဖွဲ့စည်းခြင်း”**

၁။ ခေတ်အဆက်ဆက် အမြစ်တွယ်ရှင်သန်ခဲ့သော လက်နက်ကိုင်ပဋိပက္ခများကို လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းအောင်မြင်နိုင်မည်မဟုတ်ဘဲ နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာမှသာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ အလားတူ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှသာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ ဤမျှော်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံပထမအစည်းအဝေးကို ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့အထိ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ပထမအစည်းအဝေး မတိုင်မီနှင့် အစည်းအဝေးကျင်းပပြီး နောက်ပိုင်းကာလများတွင် နိုင်ငံရေးဆွေးနွေးမှုမူဘောင်များ ပြန်လည်သုံးသပ်ခဲ့ပြီး ယင်းဆွေးနွေးပွဲများ၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာမက လက်မှတ်ရေးထိုးခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း ဖိတ်ကြားတက်ရောက်စေခဲ့ပါသည်။ ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးအတွက် အရေးကြီးလှသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးကိုလည်း ဦးစားပေးဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

၃။ နိုင်ငံရေးဆွေးနွေးမှုမူဘောင်ဆွေးနွေးပွဲများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်ဆိုင်ရာ ဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အစိုးရ၊ လွှတ်တော်နှင့်တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရာတွင် အရေးကြီးလှသော


*စာမျက်နှာ ၃ ကော်လံ ၁* ❁


# ကင်းထောက်များအကြားတွင် သိကျွမ်းနိုင်သလို ယဉ်ကျေးမှုချင်းဖလှယ်နိုင်ရန် အခွင့်အလမ်းရရှိနိုင်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ဂျပန် အမျိုးသမီးကင်းထောက်များ၏ စခန်းချမီးပုံပွဲ၌ အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ၌ မြန်မာကင်းထောက် အမျိုးသမီးအဖွဲ့နှင့် ဂျပန်ကင်းထောက်အမျိုးသမီးအဖွဲ့တို့ ပူးပေါင်း၍ စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်း (Fourth International Camp for MMGG and GSJ) တက်ရောက်လျက်ရှိသည့် မြန်မာ-ဂျပန် အမျိုးသမီးကင်းထောက်များ၏ စခန်းချမီးပုံပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

စခန်းချမီးပုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တောစခန်းထွက်သည့်အတွက် တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးမှုများ ရရှိပါကြောင်း၊ ကင်းထောက်များအား သင်ကြားပေးသည့် လက်တွေ့ကျကျ ပညာများကိုလေ့ကျင့်နိုင်ရန်ဟု နားလည်ပါကြောင်း၊ အရေးကြီးသည်မှာ မိတ်ဖြစ်ဆွေဖြစ် အားလုံးစုစုရုံးရုံးနှင့် နေနိုင်ရန်ဖြစ်ကြောင်း၊ ယခုလို တောစခန်းထွက်ခြင်းအားဖြင့် အခြားနိုင်ငံမှ ကင်းထောက်များနှင့် ပိုမိုသိကျွမ်းရန်


*စာမျက်နှာ ၄ ကော်လံ ၄* ❂



**ရွှေပြည်နန်း** သနပ်ခါး

ရှင်မတောင်မွှေးမွှေးလေးကို ရွေးချယ်ကာလိမ်းလို့ထား . . . မြန်မာတို့ရဲ့ နာမည်ကျော် ရွှေပြည်နန်းသနပ်ခါး



ဒေါ်မွှေးသင်းကြိုင်
(စာရေးဆရာမ)

မိမိသည် သားအကြီး၏ အိမ်သို့သွားရောက်လည်ပတ်ရာ ချွေးမလုပ်သူမှာ ဝမ်းသာအားရဖြင့် ဤသို့ပြောကြားပါသည်။ မြေးအငယ်ဆုံးလေး (၃)နှစ်သမီးမှာ ဘာများအစား မှားသည်မသိ၊ အိပ်ရာဝင်ချိန် ည၁၂ နာရီလောက်မှာ ယားတယ်၊ ယားတယ်ဟုဆိုကာ အိပ်ရာမှထကာ ကုတ်နေတော့သည်တဲ့။ ထို့နောက်တစ်ကိုယ်လုံး အဖုသေးသေးလေးမှ နေ၍ အဖုကြီးများ ၊အပိမ့်များထွက်လာသည်ကို တွေ့ရသည်။ အိမ်၌လိမ်းဆေးများလည်းမရှိ ဆရာဝန်သွားပြရန် ဆေးခန်းများလည်း ပိတ်သွားပြီဖြစ်ရာ **ရွှေပြည်နန်းရှင်မတောင် သနပ်ခါး**ကို ရေနှင့်ပျစ်ပျစ်ဖျော်ပြီး လိမ်းပေးလိုက်ရာ၊ အယားသက်သာသွားပြီး အိပ်ပျော်သွားသည်ဟု သိရသည်။ နံနက်မိုးလင်းသောအခါ အဖုအပိမ့်များ လုံးဝပျောက်သွားပြီး နဂို အသားအရေအတိုင်း ပြန်ဖြစ်သွားသည်ဟုပြောသည်။ ထို့ကြောင့်ရွှေပြည်နန်းသို့ ကျေးဇူးတင်ကြောင်းပြောပေးပါရန် မိမိအားပြောခဲ့သည်။ ထို့အပြင် မိမိမှာလည်း ယခင်ကဆို နွေရာသီတွင် လိမ်းရန်သနပ်ခါးတုံးများကို ဝယ်ယူစုဆောင်းတတ်သည်။ ယခုတော့ ရွှေပြည်နန်း၏ကောင်းခြင်းမျိုးစုံ ဂုဏ်သတ္တိတို့ကြောင့် ကျောက်ပျဉ်မလို၊ သွေးစရာမလို သက်တောင့်သက်သာ လွယ်ကူစွာဖြင့် ရေနှင့်ဖျော်လိမ်းလို့ရပြီး အေးမြလန်းဆန်းမွှေးကြိုင်ကာ အသားအရေကို ကျန်းမာစိုပြေစေသောကြောင့် ရွှေပြည်နန်းသနပ်ခါးဘူး ကလေးများကိုသာ ဝယ်ယူသုံးစွဲရန် ဆုံးဖြတ်ချက်ချနိုင်မှာစွာ ချမှတ်လိုက်ပါတော့သည်။ သို့ပါ၍ ရွှေပြည်နန်းသနပ်ခါး ထုတ်လုပ်သူများကို မိမိတို့မိသားစုအားလုံးက ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရေးသား ဂုဏ်ပြုပါကြောင်း။

မွှေးသင်းကြိုင်(စာရေးဆရာမ(မွေးသူတာရသ)) တိုက်(၁) အခန်း(၉) ရွှေဂုံတိုင်မွန်အိမ်ယာ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်။



ထပ်ဆင့်ထောက်ခံသူ
မောင်စနလင်း WORLD WIDE SHIPPING(SECOND ENGINEER)

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် (အမှတ်-၅၃၁ (B)၊ မိုးကုတ်လမ်းသွယ်၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့)သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

မြန်မာ့အလင်း

# အနာဂတ်ကို မျှော်မှန်း၍ ဆောင်ရွက်ကြရမည့်လုပ်ငန်းစဉ်

တစ်နှစ်ကုန်၍ တစ်နှစ်ဆန်းတော့မည်။ အချိန်ကာလ ရာသီစက်ယန္တရားသည် တစ်ပတ်ပြီးတစ်ပတ် လည်ပတ်ကာ ရွေ့လျားပြောင်းလဲလျက်ရှိသည်။ နှစ်သစ်နှင့် မကြာမီ မိမိတို့ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကြီးကိုလည်း အမြို့မြို့ အနယ်နယ်တွင် ဆင်ယင်ကျင်းပကြဦးမည် ဖြစ်သည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက် ကိုလိုနီနယ်ချဲ့လက်အောက် ကျွန်သပေါက်နိုင်ငံဘဝမှ လွတ်မြောက်လာချိန်ကစ၍ မြန်မာ့နိုင်ငံရေး မုန်တိုင်းထန်ခဲ့သည်ကို မိမိတို့အားလုံး သိရှိခဲ့ကြပြီးဖြစ်သည်။ လွတ်လပ်ရေးရပြီးကာလ ကိုယ့်ရေ၊ ကိုယ့်မြေ၊ ကိုယ့်နိုင်ငံနှင့် ကိုယ့်လူမျိုးတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အမျိုးသား၊ ကိုယ့်တိုင်းရင်းသားတို့ စည်းလုံးညီညွတ်စွာ အားထုတ်ကြိုးပမ်းမှု မပြုနိုင်ခဲ့ကြဘဲ သံသယပွားကာ လက်နက်စွဲကိုင်ခဲ့ကြချိန်မှစ၍ မိမိတို့နိုင်ငံ၏ အတိတ်သမိုင်းကြောင်း မလှခဲ့သလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလည်း နှောင့်နှေးခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ အတိတ်သမိုင်းဟူသည် သင်ခန်းစာယူရန်ဖြစ်သည်။ အတိတ်ကာလထဲမှာပင် တဝဲဝဲလည်နေပါက ပစ္စုပ္ပန်နှင့်အနာဂတ်တို့ ပျောက်ဆုံးရလိမ့်ဦးမည်။ မျက်မှောက်ကမ္ဘာနှင့် မိမိတို့နိုင်ငံ၏ ပစ္စက္ခ အခြေအနေတို့က မိမိတို့အားလုံးစည်းလုံးညီညွတ်ကြဖို့ ပြဆိုနေသည်။ လက်နက်စွဲကိုင်တိုက်ခိုက်ခြင်းတည်းဟူသော နည်းလမ်းဟောင်းကို စွန့်လွှတ်၍ စားပွဲဝိုင်းတွင် တွေ့ဆုံညှိနှိုင်းသည့် နည်းလမ်းသစ်ဖြင့် အနာဂတ်နိုင်ငံတော်ကြီး တည်ဆောက်သွားရန် အချိန်အခါသို့ ကျရောက်နေပြီ။ စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကြီး ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဖော်ဆောင်နေဆဲကာလအတွင်း မိမိတို့၏ ပြည်ထောင်စုကြီး မပြိုကွဲသွားစေရေး၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား စည်းလုံးညီညွတ်မှုများ မပြိုကွဲသွားစေရေး၊ နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးမခံဘဲ ကာကွယ်စောင့်ရှောက်ရေးတို့အတွက် မိမိတို့ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ စုစည်းမှုအားဖြင့်ပင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရဦးမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ဒီမိုကရေစီစံချိန်စံညွှန်းများနှင့် ကိုက်ညီသော၊ မိမိတို့နိုင်ငံနှင့် သင့်လျော်သော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရေးအတွက်ကိုလည်း မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်သည်။ ထို့အပြင် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော၊ အစဉ်အဆက်မပြတ်တိုးတက်မှုရရှိစေရန် ရည်ရွယ်သောနိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ စီးပွားရေးအခြေအနေကောင်းများ ရရှိလာစေရေး ဆောင်ရွက်သွားကြရဦးမည်ဖြစ်ရာ အထက်တွင်ဖော်ပြခဲ့သော အချက်များသည် မိမိတို့အားလုံးလက်ငင်း မျက်မှောက် ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များပင်ဖြစ်သည်။

သို့ဖြစ်သည့်အလျောက် မကြာမီကျင်းပမည့် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များအဖြစ်-

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှ ရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်း ဆောင်ရွက်ရေးဟူ၍ ချမှတ်ထားပြီးဖြစ်ရာ ဦးတည်ချက်(၄)ရပ် အကောင်အထည်ပေါ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရမည်ဟု တိုက်တွန်းလိုပါကြောင်း။ ။

# ၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး။

## လက်ပံတန်းဈေးကြီး မီးဘေးကာကွယ်ဆောင်ရွက်

**လက်ပံတန်း ဒီဇင်ဘာ ၃၀**

လက်ပံတန်းမြို့ မြို့မဈေးကြီးတွင် ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက မီးငြိမ်းသတ်ရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်နေမှုကို တာဝန်ရှိသူများက အားပေးကြည့်ရှုကြသည်။

အဆိုပါ သရုပ်ပြလေ့ကျင့်မှုကို မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ဈေးအတွင်း ဈေးပြင်ပတို့မှ မော်တော်ယာဉ်များဖြင့် မီးငြိမ်းသတ်ခြင်းကိုလည်းကောင်း၊ ဈေးမီးသတ်တပ်ဖွဲ့မှ အပေါ့စား မီးသတ်စက်ဖြင့် မီးငြိမ်းသတ်ခြင်းကိုလည်းကောင်း လက်တွေ့ သရုပ်ပြသကြသည်။

(၀၅၃)




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံအခမ်းအနား ဓာတ်ပုံ - မျိုးမင်းထိုက် (IPRD)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၃၀-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၂၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၆၀/၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၇၁၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၇၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ · ၈၈ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၁၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ · ၂၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၂၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆော်ဒီအာရေဗျဘုရင့်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျဘုရင့်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့် H.E. Mr. Sahal Moustafa Ahmed Ergesous အား ယနေ့ မွန်းလွဲ ၃ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျဘုရင့်နိုင်ငံ သံအမတ်ကြီး H.E. Mr. Sahal Moustafa Ahmed Ergesous အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်**
(သတင်းစဉ်)




# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များစကားဝိုင်း (PEACE TALK) (ငြိမ်းချမ်းရေးစကားဝိုင်း) ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များစကားဝိုင်း (PEACE TALK) (ငြိမ်းချမ်းရေးစကားဝိုင်း)ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ (MICC - II ) ၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ PEACE TALK (ငြိမ်းချမ်းရေးစကားဝိုင်း)ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ မှစတင်၍ တိုက်ရိုက် (Live) ဖြင့် ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး Myanmar State Counsellor Office Page မှလည်း Live Streaming ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❀ ရှေ့ဖုံးမှ

မှုဘောင်များနှင့် လုပ်ငန်းလမ်းညွှန်များကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီမှ သဘောတူဆုံးဖြတ်နိုင်ခဲ့ပါသည်။

၄။ ယခုအခါ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ပါ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဝါဒများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့်အညီ လူမျိုးကို အခြေခံသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ကရင်ပြည်နယ်တွင်လည်းကောင်း၊ ဒေသကိုအခြေခံသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီးတွင် လည်းကောင်း၊ အကြောင်းအရာကို အခြေခံသည့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (CSO Forum)ကို နေပြည်တော်ကောင်စီနယ်မြေတွင် လည်းကောင်း စတင်ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၅။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာအစုအဖွဲ့မှ အဆိုပြုတင်ပြလာသော ကိုယ်စားလှယ်များ၏ အမည်စာရင်းများကိုလည်း ဒုတိယဥက္ကဋ္ဌ (၃) ဦးက သဘောတူထောက်ခံကြောင်း ထပ်ဆင့်တင်ပြလာခဲ့ပါသည်။

၆။ သို့ပါ၍ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေများအတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

**(က) ကရင်ပြည်နယ်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှု ကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးမင်းတင်ဝင်း | (တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး) |
| (၂) | ဗိုလ်မှူးကြီး တင်ထွဋ် | (တပ်မတော်) |
| (၃) | ဒေါ်နန်းသန်းသန်းလွင် | (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| (၄) | ပဒိုစောရွှေမောင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၅) | နော်ကပေါ်ထူး | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၆) | စောစိန်ဝင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၇) | ဦးတေဇထွဋ်လှိုင်ထွေး | (နိုင်ငံရေးပါတီ) |
| (၈) | ဦးစောမြင့်ဦး | (နိုင်ငံရေးပါတီ) |
| (၉) | ဦးစောထွန်းအောင်မြင့် | (နိုင်ငံရေးပါတီ) |

**(ခ) တနင်္သာရီတိုင်းဒေသကြီး အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှု ကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးစောလုကာ | (တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး) |
| (၂) | ဗိုလ်မှူးကြီးမောင်မောင် | (တပ်မတော်) |
| (၃) | ဒေါ်တင်တင်ရီ | (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| (၄) | ပဒိုဆာပီးတုတ် | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၅) | ပဒိုဘီးလယ် | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၆) | ပဒိုဖလော့စိုးဝင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၇) | ဦးကင်းရှိန် | (နိုင်ငံရေးပါတီ) |
| (၈) | ဦးကျော်ကျော် | (နိုင်ငံရေးပါတီ) |
| (၉) | ဦးခင်မောင်မြင့် | (နိုင်ငံရေးပါတီ) |

**(ဂ) နေပြည်တော်ကောင်စီနယ်မြေ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးအောင်မြင့်ထွန်း | (နေပြည်တော်ကောင်စီဝင်) |
| (၂) | ဗိုလ်မှူးကြီးသိန်းဇော် | (တပ်မတော်) |
| (၃) | ဦးမျိုးဇော်ဦး | (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| (၄) | ပဒိုစောကွယ်ထူးဝင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၅) | ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၆) | ဦးမျိုးဝင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၇) | ဦးဝင်းထိန် | (နိုင်ငံရေးပါတီ) |
| (၈) | ဦးခင်မောင်ဌေး | (နိုင်ငံရေးပါတီ) |
| (၉) | ဦးမြင့်ဦး | (နိုင်ငံရေးပါတီ) |

၇။ အပိုဒ် (၆) ပါ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီများသည် နိုင်ငံရေးဆွေးနွေးမှုမူဘောင်ပါ ၍ပူးတွဲကော်မတီက အတည်ပြုထားပြီးဖြစ်သော ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့်အညီ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စေရေး၊ စနစ်တကျရှိစေရေး၊ လုပ်ငန်းလမ်းညွှန်များနှင့် ညီညွတ်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

**(ပုံ) အောင်ဆန်းစုကြည်**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံ အိုဆာကာ အမျိုးသမီးကင်းထောက်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ် (သတင်းစဉ်)

ရှေ့ဖုံးမှ

အခွင့်အရေးရပါကြောင်း၊ မိမိတို့ ငယ်စဉ်က တောစခန်းထွက်သည့်အခါ ထိုင်းနိုင်ငံမှ ကင်းထောက်များ ပထမဆုံး လာရောက်ပြီး မိမိတို့နှင့်အတူ တစ်ပတ်၊ နှစ်ပတ်ကြာ နေထိုင်သွားပါကြောင်း၊ ယခုကဲ့သို့ ဂျပန်နိုင်ငံမှ ကင်းထောက်များ လာရောက်ခြင်းဖြင့် ကင်းထောက်များ အကြားတွင် သိကျွမ်းနိုင်သလို ယဉ်ကျေးမှုချင်း ဖလှယ်နိုင်ရန် အခွင့်အလမ်း ရရှိနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်နှင့် ဂျပန်နိုင်ငံ အိုဆာကာ အမျိုးသမီးကင်းထောက်အဖွဲ့မှ Ms.Kuniko Tatamitani က ကျေးဇူးတင်စကားပြောကြားသည်။

**လက်ဆောင်ပစ္စည်းပေးအပ်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂျပန်နိုင်ငံ အိုဆာကာ အမျိုးသမီးကင်းထောက်အဖွဲ့မှ Chief Executive Organizer Ms. Kuniko Tatamitani၊ အပြည်ပြည်ဆိုင်ရာ ကော်မရှင်နာ Ms. Michiko Hanaoka ၊ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်နှင့် ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာတို့က အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများ၊ မြန်မာ-ဂျပန် ကင်းထောက်မယ်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် စခန်းချမီးပုံပွဲကို ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်နှင့် ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာ၊ ဂျပန်နိုင်ငံ အိုဆာကာ အမျိုးသမီးကင်းထောက်အဖွဲ့မှ Chief Executive Organizer Ms. Kuniko Tatamitani၊ အပြည်ပြည်ဆိုင်ရာ ကော်မရှင်နာ Ms. Michiko Hanaoka တို့က စတင်မီးညှိပေးကြသည်။

**ကင်းထောက်တေးသီချင်းဖျော်ဖြေ**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာ-ဂျပန် ကင်းထောက်မယ်များ၏ ကင်းထောက်တေးသီချင်းနှင့် သရုပ်ပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

**စခန်းချလေ့ကျင့်**

စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်းကို ဒီဇင်ဘာ ၂၈ ရက်မှ ၃၁ ရက်အထိ စခန်းချလေ့ကျင့်လျက်ရှိပြီး သင်တန်းတွင် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များမှ မြန်မာကင်းထောက်အမျိုးသမီး ၉၂ ဦး၊ ဂျပန်နိုင်ငံမှ ကင်းထောက်အမျိုးသမီး ၄၁ ဦး စခန်းချလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ စည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၃၀**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၁၆)ကို ယနေ့ မွန်းလွဲ ၁ နာရီက ပြည်ထဲရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် ဗဟိုအဖွဲ့ဝင်များဖြစ်သော ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များ၊ အစိုးရဌာနဆိုင်ရာအသီးသီးမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အဖွင့်အမှာစကားပြောကြားခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လုပ်ငန်းဆောင်ရွက်ချက်များ ဆွေးနွေးတင်ပြပြီး ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့က လုပ်ငန်းဆောင်ရွက်ချက်များ ဆွေးနွေးတင်ပြ၍ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့က လုပ်ငန်းဆောင်ရွက်ချက်များ တင်ပြဆွေးနွေးသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များနှင့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တတိယ(၅)နှစ်စီမံကိန်း ၂၀၁၇-၂၀၂၁ မူကြမ်းအား ဆွေးနွေးတင်ပြသည်။ အတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး တက်ရောက်လာသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မိမိတို့ကဏ္ဍများအလိုက် ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ယင်းနောက် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။



**(သတင်းစဉ်)**

# မဏ္ဍိုင် ၄ ရပ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင် ၃ ရပ်နှင့် စတုတ္ထမဏ္ဍိုင် ဖြစ်သည့် သတင်းမီဒီယာတို့အကြား ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန်၊ ပြည်သူများအား တိကျခိုင်မာသည့် သတင်းအချက်အလက်များ ပေးပို့နိုင်ရန်အတွက် မဏ္ဍိုင် ၄ ရပ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**



အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မဏ္ဍိုင်သုံးရပ်မှ ပုဂ္ဂိုလ်များအနေဖြင့် မိမိတို့သည် ပြည်သူက ရွေးကောက်တင်မြှောက်ထားသည့် ပုဂ္ဂိုလ်များ၊ ကိုယ်စားပြုထားသည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက် ပြည်သူကို မိမိတို့က ဘာတွေတာဝန်ယူဆောင်ရွက်နေသလဲဆိုတာ အစီရင်ခံရန်လိုအပ်မှု၊ မေးမြန်းမှုများကိုလည်း ဖြေကြားရန် လိုအပ်မှုနှင့် ကြားခံပစ္စည်းဖြစ်သည့် မီဒီယာများကို ပြည်သူနှင့် ပေါင်းကူးပေးသည့် တံတားများအဖြစ် နားလည်လက်ခံပြီး ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက် ပိုမိုတိုးတက်အောင် ကျင့်သုံးဆောင်ရွက်ပေးရန်၊ သတင်းမီဒီယာများအနေဖြင့်လည်း မဏ္ဍိုင်များ၏ ရပ်တည်ရသည့်အနေအထားများကို နားလည်သိရှိပြီး မိမိတို့လွတ်လပ်ခွင့်ကို ကျင့်သုံးသည့်နေရာတွင် ခလုတ်တိုက်မှုများ မရှိရန်နှင့် ခလုတ်ကန်သင်းဖြစ်မည့်အရာကို ရှင်းလင်းနိုင်ရန်အတွက် စနစ်တကျ ဥပဒေများ ပြုစုပြဋ္ဌာန်းခြင်း၊ လုပ်ထုံးလုပ်နည်းများ ဖြစ်လာရန်နှင့် ဓလေ့ထုံးစံများ ဖြစ်လာရန် တည်ဆောက်သည့်နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်ခြင်းအားဖြင့် မိမိတို့တိုင်းပြည်တွင် မီဒီယာလွတ်လပ်ခွင့်များကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ကြပါစေ၊ မိမိတို့ နိုင်ငံ၏ ဒီမိုကရေစီစနစ်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အားလုံးဝိုင်းဝန်းကူညီနိုင်ကြပါစေဟု ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာ ဒုတိယဥက္ကဋ္ဌ(၁) ဦးအောင်လှထွန်းက မီဒီယာ၏ သဘောသဘာဝကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့် မဏ္ဍိုင် ၃ ရပ်မှ တာဝန်ရှိသူများ၏ ပူးပေါင်းဆောင်ရွက်မှု၊ နားလည်မှုသည် သတင်းမီဒီယာသမားများအတွက် အရေးကြီးပါကြောင်း၊ သို့မှသာ လွတ်လပ်၍ တရားမျှတသည့် သတင်းအချက်အလက်များကို ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးသီဟစောက မဏ္ဍိုင် ၄ ရပ် အလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲ တက်ရောက်လာကြသူများက သတင်းအချက်အလက်များ မှန်ကန်မြန်ဆန်စွာ ဖြန့်ဖြူးပေးနိုင်ရေး၊ သတင်းရယူပိုင်ခွင့်တို့နှင့်စပ်လျဉ်းပြီး လွတ်လပ်ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ ရလဒ်အနေဖြင့် သတင်းမီဒီယာသမားများသည် ဌာနဆိုင်ရာများနှင့်ပတ်သက်သည့် သတင်းရယူကြရာတွင် သတင်းမီဒီယာသမားဖြစ်ကြောင်း အထောက်အထား လည်ဆွဲကတ်များ ချိတ်ဆွဲထားပြီး သတင်းရယူရန်၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များတွင် ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်များနှင့် ပြောရေးဆိုခွင့်ရ အဖွဲ့ထားရှိရန်နှင့် အသစ်ပြောင်းလဲမှုများရှိပါက Update ပြုလုပ်ပေးရန်၊ သတင်းထောက်များကို အခြေခံသတင်းကျင့်ဝတ်များ သိရှိစေရေး သင်တန်းများပေးရန်နှင့် အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူများနှင့် ပူးပေါင်းပြီး သင်တန်းများပေးရန်တို့အတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ စီစဉ်ပေးရန်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် ဒေသဆိုင်ရာမီဒီယာသမား ဖွံ့ဖြိုးတိုးတက်လာရေးသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ကျင်းပပေးရန်၊ တရားရုံးအဆင့်ဆင့်တွင် သတင်းများရယူရာ၌ တရားရုံးသတင်းမီဒီယာလက်စွဲနှင့်အညီ သက်ဆိုင်ရာတရားရုံး သတင်းပြန်ကြားရေးအရာရှိများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန်၊ အစိုးရဌာနများနှင့် လွှတ်တော်များတွင် Press Corner ထားရှိပေးရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများက တိုင်းရင်းသားမီဒီယာသမားများ သတင်းရယူရာတွင် တန်းတူအခွင့်အရေးရရှိရေး ဆောင်ရွက်ပေးရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် သတင်းရယူရာတွင် သတင်းပုံမှန်ရယူမည့် သတင်းထောက်အား ၁ နှစ် သက်တမ်း သက်သေခံကတ်ပြားထုတ်ပေးရန် စသည့်အချက်များ အပါအဝင် အချက် ၁၆ ချက်ပါ သဘောတူညီချက်များကို အတည်ပြုခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မဏ္ဍိုင် ၄ ရပ် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်၌ ပထမဆုံးအကြိမ် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မန္တလေးမြို့ရှိ မဟာမုနိ၊ ကုသိုလ်တော်နှင့် ကျောက်တော်ကြီးဘုရားများ၌ ဆေးလိပ်ငွေ့ကင်းစင်နယ်မြေသတ်မှတ်မည်



**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ဆေးလိပ်ငွေ့ကင်းစင်ရေးကော်မတီက မန္တလေးမြို့ရှိ မဟာမုနိ၊ ကုသိုလ်တော်နှင့်ကျောက်တော်ကြီး ဘုရားများ၌ ဆေးလိပ်ငွေ့ကင်းစင်ရေးနယ်မြေအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူများ၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ဆေးလိပ်ငွေ့ကင်းစင်ရေးနှင့် မူးယစ်ဆေးကင်းစင်ရေးဒေသများ ဖြစ်ထွန်းလာစေရန်ရည်ရွယ်ချက်ဖြင့် တိုင်းဒေသကြီး ဆေးလိပ်ငွေ့ကင်းစင်ရေးကော်မတီကို ယခုအစိုးရသစ်လက်ထက်တွင် ပြန်လည်ဖွဲ့စည်းကာပထမဆုံးအနေဖြင့် အဆိုပါဘုရားများမှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းကော်မတီမှ တွဲဖက်အတွင်းရေးမှူးဖြစ်သူ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က ပြောကြားသည်။

"ကော်မတီအစည်းအဝေးကို ယခုဒီဇင်ဘာ ၂၈ ရက် က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမမှာ ကျင်းပခဲ့တယ်၊ ဒီအစည်းအဝေးမှာ သက်ဆိုင်ရာ ဂေါပကအဖွဲ့တွေနဲ့လည်း ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ဆေးလိပ်မသောက်ရနေရာတွေမှာထားရှိမယ့် ဆိုင်းဘုတ်တွေကို နိုင်ငံတကာ အဆင့်မီပြုလုပ်ဖို့စီစဉ်နေပါတယ်။ ပုဂံဒေသမှာတော့ ၂၀၁၅ ခုနှစ် ကတည်းက သတ်မှတ်ခဲ့ပါတယ်"ဟု ၎င်းကပြောကြားသည်။

ထို့အပြင် မန္တလေးမြို့တွင်း၌လည်း အများပြည်သူ သွားလာရာနေရာများဖြစ်သည့် ဆေးရုံ၊ ဘဏ်၊ ကျောင်း တက္ကသိုလ်၊ အစိုးရရုံးများ၊ ဘူတာရုံနှင့်လေယာဉ်ကွင်း စသည့် နေရာများ၌ဆေးလိပ်ငွေ့ကင်းစင်ရေးနေရာများ ဆက်လက် သတ်မှတ်ပေးမည်ဖြစ်သကဲ့သို့ ဆေးလိပ်သောက်ရန်နေရာများ ကိုလည်း တစ်ပြိုင်နက်တည်း သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးလိပ်ကင်းစင်ရေးကော်မတီတွင် နာယကအဖြစ် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဦးဆောင်ပြီး ဥက္ကဋ္ဌအဖြစ် မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ အတွင်းရေးမှူးအဖြစ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနမှူး ဦးစိုးလင်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်နှင့်သက်ဆိုင်ရာဌာနများမှ အဖွဲ့ဝင် ၁၁ ဦးတို့ဖြင့် ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

◆ *ကျောဖုံးမှ*

အရာရာ သတိရှိရှိ ကြိုးပမ်းဆောင်ရွက်ကြရန်၊ ယခုလို ဆောင်ရွက်သည့်အခါတွင် စာရွက်ပေါ်က စီမံကိန်းများ၊ အစီအစဉ်များ သက်သက်မဖြစ်စေဘဲ လက်တွေ့ကျပြီး အလုပ်ဖြစ်အောင် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

စက်မှုဖွံ့ဖြိုးရေးတွင် သဘာဝပတ်ဝန်းကျင်ကို လျစ်လျူရှုရာမရောက်အောင်လည်း မိမိတို့အထူးသတိထားရန် လိုကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်အောင် အစဉ်အမြဲ နှလုံးသွင်းနေရမည်ဖြစ်ကြောင်း၊ မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးတွင် အဲ့ဒီအသိ ကျယ်ကျယ်ပြန့်ပြန့် ရှိနေစေဖို့ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရာသီဥတုပြောင်းလဲမှုကို တွေ့ကြုံ**

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ် ပြင်းထန်စွာခံစားရနိုင်သည့် နိုင်ငံများတွင် ပါဝင်နေသည့်အပြင် ရာသီဥတုပြောင်းလဲမှုကို လက်တွေ့ တွေ့ကြုံနေရပါကြောင်း။

သက်ဆိုင်ရာဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ခွင့်ပြုဆောင်ရွက်နေသည့် စက်ရုံ၊ အလုပ်ရုံများနှင့် သယံဇာတအခြေခံ စီမံကိန်းလုပ်ငန်းစာရင်းများနှင့်ဆက်စပ်သည့် အချက်အလက်များ စုစည်းပေးနိုင်ရန်၊ လက်ရှိလည်ပတ်ဆောင်ရွက်နေသည့် စက်ရုံ၊ အလုပ်ရုံများနှင့် သယံဇာတအခြေခံစီမံကိန်းလုပ်ငန်းများကြောင့် သဘာဝနှင့် လူမှုပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများမဖြစ်ပေါ်အောင် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးကြပ်မတ်သွားနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကြီးကြပ်မှုကော်မတီများ၏ ဦးဆောင်ကြီးကြပ်မှုနှင့် လိုအပ်သည့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး ကွင်းဆင်းစစ်ဆေးမှုများကို အစီအမံရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

**ဇုန်နယ်မြေများသတ်မှတ်**

ထို့ပြင် ဒုတိယသမ္မတက ယနေ့အချိန်အခါအရ လူဦးရေတိုးပွားမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မြို့ကြီးများ တိုးချဲ့ရာတွင် မြို့ပြဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှုများအတွက် ဇုန်နယ်မြေများသတ်မှတ်ပြီး မြေအသုံးချမှု၊ လူနေအိမ်ရာချထားမှု၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများကို ဖြစ်ပေါ်တိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ စီမံခန့်ခွဲခြင်း၊ နည်းပညာများ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

လက်တွေ့နယ်ပယ်တွင် ကြုံတွေ့နေရသည့် ခရိုင်၊ မြို့နယ်အဆင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ထိထိမိမိပေါင်းစပ်ဖြေရှင်းနိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်မှုအောက်တွင် ခရိုင်အဆင့်၊ မြို့နယ်အဆင့်ကြီးကြပ်မှုကော်မတီများကို ဆက်လက်ဖွဲ့စည်းသွားနိုင်ရေးကိုလည်း ဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဖိတ်ခေါ်အားပေး ဆောင်ရွက်လျက်ရှိရာတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်သွားနိုင်ရန်နှင့် နိုင်ငံတကာ စံချိန် စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားနိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၏ အဓိကအချက်မှာ အမျိုးသားအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကဏ္ဍအလိုက် စနစ်တကျ ထည့်သွင်းပေါင်းစပ် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်ဖြစ်ကြောင်း၊ မူဝါဒမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ၊ ဥပဒေပိုင်းဆိုင်ရာ ရေးဆွဲဆောင်ရွက်မှုများ ဆောင်ရွက်နေသကဲ့သို့ ပညာရေးနှင့် အသိပညာပြန့်ပွားရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်မှုများကို ဆိုင်ရာကဏ္ဍအလိုက်၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ စိတ်စေတနာထက်သန်မှုကိုအခြေခံပြီး အပြန်အလှန် ခင်မင်လေးစားမှုဖြင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားခြင်းဖြင့် ရေရှည် တည်တံ့သောလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

**နိုင်ငံတကာအဖွဲ့အစည်းများဖြင့်ပူးပေါင်း**

ထို့နောက် ဗဟိုကော်မတီဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က နိုင်ငံတကာနှင့် နိုင်ငံတကာ အဖွဲ့အစည်းများဖြင့် ပူးပေါင်းပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အကူအညီရယူဆောင်ရွက်သွားရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းဆိုင်ရာ လုပ်ငန်းကော်မတီ၊ စက်မှုစီမံကိန်းများ၊ မြို့ပြနှင့် ရပ်ရွာများ၏ ပတ်ဝန်းကျင်နှင့် စွန့်ပစ်ပစ္စည်း စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကော်မတီ၊ သဘာဝသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး လုပ်ငန်းကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် အသိပညာပြန့်ပွားရေးလုပ်ငန်းကော်မတီ၊ အစိမ်းရောင်စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ဗဟိုကော်မတီအနေဖြင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ အရပ်ဘက်အဖွဲ့အစည်းနှင့် ပုဂ္ဂလိကအဖွဲ့အစည်းတို့မှ ပညာရှင်များက ရာသီဥတုဆိုးရွားလာမှု ဖြစ်စဉ်များ၊ ရင်ဆိုင်ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**(သတင်းစဉ်)**

---

● *ကျောဖုံးမှ*

ဒုတိယကမ္ဘာစစ်အတွင်းက ကားများနှင့် ရှေးဟောင်းကားများ စုစည်းပြသခြင်း၊ ခရီးကြမ်း/လမ်းကြမ်း မောင်းနှင်သည့် ကားများ ပြသခြင်း၊ ကမ္ဘာတွင် နာမည်အကြီးဆုံး ကားများပြသခြင်း (Super Model Cars) တို့ပါဝင်ကြောင်း သိရသည်။

"နိုင်ငံအတွင်းက ဝါသနာရှင်တွေပေါ်ထွက်လာပြီး နိုင်ငံတကာကားပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်တဲ့ သူတွေပေါ်ထွက်လာဖို့၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေလိုက်နာမောင်းနှင်းစေဖို့ ရည်ရွယ်ပါတယ်"ဟု ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ကိုစိုင်းကျော်နိုင်ဦးက ပြောသည်။ ဒုတိယရက်တွင် ကားမောင်း ကျွမ်းကျင်သူများ၊ အုပ်စုနှင့် လေ့ကျင့်ဆဲ ဝါသနာရှင်များ အုပ်စုဟူ၍ ခွဲခြားကာ နိုင်ငံတကာကားမောင်းပြိုင်ပွဲစံနှုန်းများအတိုင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အမှတ်ပေးဒိုင်များက အကဲဖြတ်ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကားပြပွဲ၌ ရှေးဟောင်းကားများ၊ နောက်ဆုံးပေါ် မော်ဒယ်ကားများနှင့် ပြိုင်ကားဒီဇိုင်းအလှဆင်ထားသည့် ကားများ အစီးရေ ၂၀ ပြသခဲ့ပြီး ပြိုင်ပွဲဝင်ဦးရေ ၅၀က ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပထမနေ့တွင် ဆိုင်ကယ်စတန့်ပြကွက်များ၊ ကား Drift ဆွဲခြင်းပြကွက်များကိုပြသခဲ့ကြောင်း၊ ဒုတိယရက်တွင် ပြိုင်ပွဲများ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

---



❍ *ကျောဖုံးမှ*

စုစုပေါင်း ၃၀ ဖြင့် လေ့ကျင့်ပြင်ဆင်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် နယ်သာလန်နိုင်ငံသား ရော်ဂျာရိုင်နာက ကိုင်တွယ်လျက်ရှိပြီး ပဏာမကစားသမားများတွင် ဝါရင့်ကစားသမားများဖြစ်သည့် စန်းစန်းမော်၊ ခင်မိုးဝေ၊ ခင်မာလာထွန်း စသည့် ကစားသမားများ ပါဝင်လာသကဲ့သို့ ယူ-၁၉ အသင်းမှ ကစားသမားများကိုလည်း ရွေးချယ်ထားခြင်းကြောင့် လူကြီး၊ လူငယ်မျှတအောင် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မကြာမီရောက်ရှိလာတော့မည့် ၂၀၁၇ ခုနှစ်တွင် နိုင်ငံတကာပြိုင်ပွဲများစွာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယခုနောက်ပိုင်းနှစ်များအတွင်း မြန်မာအမျိုးသမီးအသင်းအတွက် နိုင်ငံတကာပြိုင်ပွဲအများဆုံး ယှဉ်ပြိုင်ရမည့်နှစ် ဖြစ်လာမည် ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ၂၀၁၇ ခုနှစ်တွင် ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ဇန်နဝါရီ ၁၉ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် တရုတ်ဖိတ်ခေါ် အမျိုးသမီး ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဧပြီလတွင် ၂၀၁၈ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ၊ မေလတွင် ၂၀၁၇ အာဆီယံအမျိုးသမီးပြိုင်ပွဲ၊ ဩဂုတ်လတွင် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်း ပထမဆုံးယှဉ်ပြိုင်မည့် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲတွင် တရုတ်လက်ရွေးစင်အသင်း၊ ယူကရိန်းလက်ရွေးစင်အသင်းနှင့် အခြားအသင်း စုစုပေါင်းလေးသင်းဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းအတွက် အတွေ့အကြုံကောင်းများ ရရှိနိုင်မည့်ပြိုင်ပွဲဖြစ်သည်။ မြန်မာအမျိုးသမီးအသင်း ဒုတိယမြောက်နိုင်ငံတကာပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ရမည့် အာရှဖလားခြေစစ်ပွဲကို ဧပြီလတွင် ကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲအုပ်စုမဲခွဲပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရလေ့ရှိသည့် အသင်းဖြစ်ပြီး ယခုပြိုင်ပွဲလည်း ခြေစစ်ပွဲ အောင်မြင်ရန် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ၂၀၁၇ အာဆီယံအမျိုးသမီးပြိုင်ပွဲကို မေ ၂၆ ရက်မှ ဇွန် ၄ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အာဆီယံဒေသတွင်း၏ အဆင့်မြင့်ဆုံးပြိုင်ပွဲ ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ပြိုင်ပွဲကို အိမ်ရှင်အဖြစ် မန္တလေးမြို့၌ လက်ခံကျင်းပခဲ့ပြီး မြန်မာအသင်းက တတိယနေရာရရှိကာ ထိုင်းအသင်းက ဗိုလ်စွဲခဲ့သည်။ မြန်မာအမျိုးသမီးအသင်း နောက်ဆုံးယှဉ်ပြိုင်မည့်ပြိုင်ပွဲမှာ မလေးရှား နိုင်ငံ၌ကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အာဆီယံ အမျိုးသမီး ပြိုင်ပွဲတွင် ချန်ပီယံဆုနှစ်ကြိမ်ရရှိဖူးသော်လည်း ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ရယူနိုင်ခြင်းမရှိသေးဘဲ အမြင့်ဆုံး ဒုတိယနေရာသာ ရရှိသေးသောကြောင့် အဓိက ပြိုင်ပွဲသုံးခုစလုံးတွင် အောင်မြင်မှုရရန် ရည်ရွယ်ပြင်ဆင်လျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် အဓိကပြိုင်ပွဲများမယှဉ်ပြိုင်မီ ပြည်ပနိုင်ငံများ၌ လေ့ကျင့်မှုများပြုလုပ်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် စီစဉ်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် နည်းပြ ရော်ဂျာလက်ထက်တွင် ချန်ပီယံ အောင်မြင်မှုမရသေးသော်လည်း ခြေစွမ်းပိုင်းတိုးတက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး လာမည့်နှစ်တွင် အောင်မြင်မှုရယူနိုင်ရန် ပြင်ဆင်လျက်ရှိသည်။

# ကြည်နူးစွာမြင်ခဲ့ရတဲ့ ရဲဘော်ရဲဘက်စိတ်

**ဝေဖြိုးဟန်(အင်းစိန်)**

**အာဏာရှင်အစိုးရလက်ထက် အဖမ်းအဆီးတွေကြမ်းတမ်းနေတဲ့ခေတ်ကြီးထဲမှာ မိသားစုတစ်စုရဲ့ အိမ်တွင်းဒီမိုကရေစီအကြောင်း ပြောပြချင်ပါတယ်။ ဒါနဲ့အတူ ရဲဘော်ရဲဘက်စိတ်ဆိုတာကိုလည်း ထည့်သွင်းပြောပြချင်လို့ပါ။ ဒီအကြောင်းဟာ ပုဂ္ဂိုလ်ရေးဆိုင်တယ်လို့ယူဆနိုင်ပေမယ့် တစ်နိုင်ငံလုံးက လူငယ်လူရွယ် ကလေးလေးတွေအတွက် အများကြီးအကျိုးရှိနိုင်မယ်ထင်ပါတယ်။ ခေတ်ဆိုးခေတ်ကျပ်ကြီးထဲမှာ ကြီးပြင်းခဲ့ကြရတဲ့လူငယ်တွေနဲ့ ဒီကနေ့ပွင့်လင်းမြင်သာမှုတွေရရှိပိုင်ဆိုင်ခွင့်ရပြီဖြစ်တဲ့ လူ့အဖွဲ့အစည်းခေတ်မှာ ကြီးပြင်းလာခဲ့တဲ့လူငယ်တွေအကြား ဒီမိုကရေစီခရီးကြမ်းကို ဖြတ်သန်းကျော်လွှားခဲ့ကြရပုံချင်း မတူညီကြပါဘူး။ ဒါ့ကြောင့် လူမမည် ကလေးလေးတစ်ယောက်နဲ့သူ့ဖခင်နိုင်ငံရေးသမားတစ်ယောက်အကြား ဒီမိုကရေစီသဘောတရားတွေ ဘယ်လိုထားရှိခဲ့ကြရတယ်ဆိုတာရယ်၊ အနီးသားအဖနှစ်ယောက်အကြား နိုင်ငံ့ခေါင်းဆောင်ကောင်းတစ်ဦး ဘယ်လိုပါဝင်ပတ်သက်ခဲ့ရတယ်ဆိုတာကို ရှင်းပြချင်ပါတယ်။**

ကျွန်တော်တို့အားလုံး မှီတင်းနေထိုင်တဲ့ မြန်မာနိုင်ငံတော်ဟာ ၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေးရခဲ့ပါတယ်။ လွတ်လပ်ရေးရပြီး ဆယ်စုနှစ်တစ်ခုကျော်ကျော် လောက်သာ ဒီမိုကရေစီကို ကောင်းမွန်စွာအသုံးချနိုင်ခဲ့ပါတယ်။ အဲ့ဒီနောက်မှာတော့ ဖက်ဒရယ်ဟာ ခွဲထွက်ရေးပါဆိုတဲ့ အယူဝါဒလက်ကိုင်ပြုပြီး နိုင်ငံတော်တစ်ခုလုံး အာဏာရှင်စနစ်ပုံစံအသွင်းခံခဲ့ကြရပါတော့တယ်။ အာဏာရှင်စနစ်အောက်မှာ ပြည်သူလူထုဟာ လွတ်လပ်စွာပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာနိုင်ငံရေးလှုပ်ရှားဆောင်ရွက်ခွင့်၊ လွတ်လပ်စွာ သဘောထားဆန္ဒထုတ်ဖော်ခွင့်တွေ မရနိုင်ဖြစ်နေတဲ့အချိန်ပါ။ ဒီအချိန်မှာ နိုင်ငံရေးသမားတစ်ဦး ပထမအကြိမ်ထောင်ကျပြီး ထောင်ကနေလွတ်မြောက်လာခဲ့ပါတယ်။

### ရွေးချယ်ရခက်

နိုင်ငံရေးသမားတွေအများစု ထောင်ကနေလွတ်လာရင် နိုင်ငံရေးပြန်လုပ်တဲ့သူတွေရှိသလို တချို့လည်း နိုင်ငံရေးနဲ့ခပ်ခွာခွာနေပြီး မိသားစုစားဝတ်နေရေး၊ ကိုယ့်ဘဝ၊ သားသမီးတွေ ဘဝနောင်ရေးအတွက် စီးပွားရှာအလုပ်လုပ်သွားတဲ့သူတွေလည်း အများအပြားရှိပါတယ်။ ဒီနိုင်ငံရေးသမားကတော့ သူထောင်ကနေလွတ်လာပြီးနောက် နိုင်ငံရေးဆက်လုပ်သင့်၊ မသင့် စဉ်းစားပါတယ်။ တစ်ဖက်မှာကလည်း မိန်းမနဲ့ကလေးတွေနဲ့ မိသားစုနဲ့။ တစ်ဖက်မှာကလည်း အာဏာရှင်စနစ်ဖြုတ်ချရေး၊ ဒီမိုကရေစီတိုက်ပွဲဝင်နေတဲ့ ရဲဘော်ရဲဘက်တွေနဲ့အတူ တိုင်းပြည်အတွက်။ သူရွေးချယ်ရခက်လည်း ခက်လောက်ပါတယ်။ ဒီတော့ သူ့အနာဂတ်အတွက် မိသားစုရဲ့အဆုံးအဖြတ်ကို မဲခွဲခံယူပါတယ်။ ဒါဒီမိုကရေစီပါပဲ။ မိသားစုအတွက် သူဟာ အိမ်ဦးနတ်၊ ယောကျ်ားကောင်း၊ ဖခင်ကောင်းဖြစ်ဖို့လိုသလို၊ တိုင်းပြည်ကျဉ်းထဲကျပ်ထဲရောက်နေချိန်မှာ ရဲဘော်ရဲဘက်တွေကိုပစ်ထားခဲ့ပြီး ကိုယ့်အကျိုးတစ်ခုအတွက် အများအကျိုးကို စွန့်လွှတ်ဖို့ဆိုတာကလည်း တော်တော်မလွယ်ကူတဲ့ အနေအထားဖြစ်နေပါတယ်။

### ကန့်ကွက်မဲတစ်မဲပါ

ဒီတော့ ဝေခွဲမရဖြစ်နေမယ့်အတူတူ မိသားစုတွေရဲ့ဆုံးဖြတ်ချက်အတိုင်း ဆက်လုပ်ဖို့ သဘောတူလိုက်တယ်။ အဲ့ဒီအခါမှာ မိသားစုဝင်အားလုံးက သူ့ကို နိုင်ငံရေးဆက်လုပ်ဖို့ ထောက်ခံမဲပေးလိုက်ကြတယ်။ ဒါပေမယ့် တစ်ယောက်သောသူကတော့ ကန့်ကွက်လိုက်ပါတယ်။ ကန့်ကွက်မဲတစ်မဲပါနေခဲ့ပါတယ်။ ဘယ်သူကန့်ကွက်သလဲဆိုတော့ သူ့ရဲ့အငယ်ဆုံး အထွေးဆုံး သမီးလေးပဲဖြစ်ပါတယ်။ သူ့သမီးလေးက ဘာကြောင့်ကန့်ကွက်သလဲဆိုရင် သူ့အဖေကို ထပ်ဖမ်းသွားမှာစိုးရိမ်လို့ပါ။ သူ့အဖေ ထောင်ထဲပြန်ဝင်သွားမှာကို သူမလိုလားဘူး။ သူ့အဖေထောင်ကျနေတုန်းကာလတစ်လျှောက် အဖေနဲ့အကြာကြီးခွဲခဲ့ရတဲ့ သမီးငယ်တစ်ယောက်ရဲ့ခံစားချက်ဟာ ဒီအဖေကို နောက်တစ်ကြိမ်ထပ်ခွဲရမှာ အကြောက်ဆုံးဖြစ်နေပုံရပါတယ်။ ဒါကြောင့်လည်း ကျန်တဲ့မိသားစုဝင်တွေက နိုင်ငံရေးဆက်လုပ်ဖို့ထောက်ခံပေမယ့် သူကတော့ကန့်ကွက်ခဲ့ပါတယ်။

ဒီအခြေအနေတစ်ရပ်ကို သူ့အဖေရဲ့ နိုင်ငံရေးခေါင်းဆောင်က သိရှိသွားတယ်။ ဒီနိုင်ငံရေးခေါင်းဆောင်ဟာလည်း သူလူမမည်ကလေးအရွယ်မှာ သူ့အဖေ နိုင်ငံရေးသမားကြီးနဲ့ နိုင်ငံရေးလုပ်ကြံခံရမှုကြောင့် သေကွဲကွဲခဲ့ရဖူးသူဖြစ်နေပါတယ်။ ဒါကြောင့် သူဟာ ကလေးလေးမို့ ပစ်ပယ်မထားလိုက်ဘူး။ ကလေးပဲ လူကြီးတွေလုပ်ချင်ရာလုပ်မယ် ဘာမှဝင်မပါနဲ့ဆိုတဲ့ အယူအဆကို မနှစ်သက်ဘူး။ ကလေးပေမယ့် သူ့ရဲ့သဘောထားဆန္ဒကို အလေးဂရုပြုသင့်တယ်လို့ မှတ်ယူလိုက်တယ်။ ဒါ့အပြင် လုပ်ဖော်ကိုင်ဖက်ကောင်းတစ်ဦး၊ ရဲဘော်ရဲဘက်ကောင်းတစ်ဦးကို စွန့်လွှတ်ရမှာကိုလည်း နှမြောတာပါပါတယ်။ သမီးထွေးလေးကိုခေါ်ပြီး နိုင်ငံရေးခေါင်းဆောင်က သေသေချာချာရှင်းပြတယ်။ သမီးလေးက ဖေဖေ့ကို နိုင်ငံရေးပြန်မလုပ်စေချင်တာ ဘာကြောင့်လဲလို့မေးတော့ သူ့အဖေ ထောင်ထပ်ကျမှာစိုးလို့လို့ ရိုးရိုးရှင်းရှင်းလေးပြန်ဖြေတယ်။ ဒီတော့ နိုင်ငံရေးခေါင်းဆောင် ပြန်ပြောတဲ့စကားဟာ သမီးထွေးလေးရဲ့ရင်ထဲတင်မက ကျွန်တော်တို့အားလုံးရဲ့ရင်ထဲကိုပါ စူးစူးရှရှထိမိစေခဲ့ပါတယ်။

### လုပ်သင့်လုပ်ထိုက်တဲ့အလုပ်မို့လုပ်ရတာဖြစ်

နိုင်ငံရေးခေါင်းဆောင်လုပ်သူကပြောတယ်။ "သမီးစိုးရိမ်တာကို နားလည်တယ်။ ဒါပေမယ့် ဒီလိုလုပ်ရတာဟာ သမီးလိုမြန်မာနိုင်ငံအနှံ့က ကလေးလေးတွေ သူတို့ရဲ့ဖေဖေတွေကို ဘယ်တော့လာဖမ်းပြီး ထောင်ချမလဲဆိုတဲ့စိုးရိမ်ပူပန်မှုတွေ မခံစားရတော့အောင်ဖြစ်တယ်၊ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်မို့လုပ်ရတာဖြစ်တယ်၊ အခုလည်း နောက်ထပ်တစ်ခါထပ်ပြီး အဖမ်းမခံရတော့ဘူးလို့ အာမမခံနိုင်ဘူး" လို့ရှင်းပြလိုက်တယ်။ အဲ့ဒီအခါ သမီးလေးဟာ ကလေးလေးပေမယ့် လူကြီးတစ်ယောက်လို တွေးခေါ်တတ်တဲ့ကလေးဖြစ်လို့ ခေါင်းညိတ်ရင်း သူ့ဖေဖေ ဒီမိုကရေစီ ခရီးကြမ်းကို ဆက်လျှောက်လှမ်းဖို့ သဘောတူခဲ့ပါတော့တယ်။ မကြာပါဘူး။ အဲ့ဒီကလေးလေး စိုးရိမ်ပူပန်ထားသလိုပဲ သူ့ဖေဖေဟာ နောက်တစ်ကြိမ်ဖမ်းဆီးခံရပြီး ထောင်ကျသွားပါတော့တယ်။ အဲ့ဒီလို ဖခင်ဖြစ်သူ ထောင်ကျသွားတဲ့အခါ နိုင်ငံရေးခေါင်းဆောင်ဟာ သမီးငယ်လေးကို သူကိုယ်တိုင်စောင့်ရှောက်ခဲ့ပါတယ်။ ကိုယ်ရောစိတ်ပါ ရင့်ကျက်ပြီး အများအကျိုးကြည့်တတ်တဲ့ ကလေးလေးတစ်ယောက်ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးခဲ့ပါတယ်။ အဲ့ဒီကလေးလေးဟာလည်း လိမ္မာရေးခြားရှိပြီး အများအကျိုးရှေးရှုတတ်တဲ့သူတစ်ယောက်အဖြစ် လူ့လောကအလယ် ကြီးပြင်းလာခဲ့ပါတယ်။

ဒီဇာတ်လမ်းနဲ့ ဒီအကြောင်းအရာဟာ အင်မတန်အရေးပါလှပါတယ်။ နံပါတ်တစ်အချက်အနေနဲ့ ဘာကိုတွေ့နိုင်သလဲဆိုရင် နိုင်ငံရေးခေါင်းဆောင်နဲ့ နိုင်ငံရေးသမားတစ်ဦးကြားက ရဲဘော်ရဲဘက်စိတ်ဓာတ်ဖြစ်ပါတယ်။ သွေးရင်းသားရင်း ညီအစ်ကိုမောင်နှမဆိုတာ ကိုယ်ရွေးချယ်ခဲ့တာမဟုတ်ဘဲ တော်ခဲ့ကြရတာဖြစ်ပါတယ်။ ရဲဘော်ရဲဘက်ဆိုတာက ကိုယ်ကိုယ်တိုင် ရွေးချယ်ခဲ့တာဖြစ်လို့ ရဲဘော်ရဲဘက်ဆက်ဆံရေးဟာ ပိုပြီးလေးနက်ပါတယ်။ ဒါကြောင့် တစ်ဦးကိုတစ်ဦး နားလည်နိုင်ရမယ်၊ သစ္စာရှိရမယ်၊ သည်းခံနိုင်ရမယ်၊ သည်းခံခွင့်လွှတ်မှုကို အလေးထားဖို့လိုပါတယ်။ ဘယ်အလုပ်ပဲလုပ်လုပ် ရဲဘော်ရဲဘက်စိတ်ဟာ အင်မတန်အရေးကြီးပါတယ်။ ရဲဘော်ရဲဘက်လို့ ခံယူသတ်မှတ်တယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်လို့ပါပဲ။ နောက်ကျောက ဓားနဲ့ထိုးမယ့်သူ မဟုတ်ဘူးဆိုတာလည်း သေချာလို့ပါပဲ။ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင်အဖြစ် ခံယူနိုင်လို့လည်းဖြစ်ပါတယ်။

အခုလည်း နိုင်ငံရေးသမားတစ်ဦးဟာ ခေတ်စနစ်အခြေအနေကြောင့် အဖမ်းခံရမယ်၊ ထောင်ကျမယ်။ ဒါဟာရိုးရိုးလေးတွေးကြည့်ရင် ဒါလုပ်ရင် ဒါဖြစ်မယ်ဆိုတာ သိနေတာပါပဲ။ ရှောင်လွှဲလို့မရဘူး။ ဒါပေမယ့် ခေါင်းဆောင်လုပ်တဲ့သူဟာ ရဲဘော်ရဲဘက်စိတ်အပြည့်နဲ့ နိုင်ငံရေးသမားတွေရဲ့ ဘဝတွေ၊ မိသားစုတွေကို စာနာနားလည်မှုပေးပြီး ဘယ်လောက်ငယ်တဲ့ကလေးလေး တစ်ယောက်ပဲဖြစ်နေပါစေ အလေးထားဂရုတစိုက်ရှင်းပြတယ်။ နှစ်သိမ့်တယ်။ အားပေးတယ်။ သူနဲ့အတူလက်တွဲလုပ်နေတဲ့ သူတွေ၊ ရဲဘော်ရဲဘက်တွေရဲ့ မိသားစုတွေအပေါ် ဘယ်တော့မှ လျစ်လျူမရှုဘူး။ တစ်ဖက်က လူတွေကလည်း နိုင်ငံအတွက်၊ သူတို့ခေါင်းဆောင်အတွက်ဆိုရင် ရဲဘော်ရဲဘက်စိတ်အပြည့်နဲ့ အသက်ပေးရပေးရ၊ ဆက်လက်တိုက်ပွဲဝင်ဖို့ စိတ်ဓာတ်ခွန်အားတွေအပြည့်ရလာတယ်။ ဒါဟာတိုင်းပြည်အတွက် အင်မတန်အရေးကြီးတဲ့ မက်ဆေ့ချ်ဖြစ်ပါတယ်။ ရဲဘော်ရဲဘက်စိတ်ဟာ သာတဲ့အချိန်မှာရှိတာထက် နာတဲ့အချိန်မှာရှိဖို့ အထူးလိုအပ်ပါတယ်။ သာတဲ့အခြေအနေမှာ ခင်မင်ဟန်ပြပြီး နာတဲ့အချိန် ဖယ်ကြဉ်ထားတဲ့ သာခင်နာကြဉ်စိတ်အခံရှိသူတွေကတော့ ဘယ်တော့မှ ရဲဘော်ရဲဘက် ဖြစ်လာစရာအကြောင်းမရှိပါဘူး။

### နိုင်ငံရေးအတွက် အသုံးချ၊ အနစ်နာခံမှုတွေလုပ်ပေး

နောက်တစ်ချက်ကတော့ လူငယ်လေးတွေအတွက်ဖြစ်ပါတယ်။ တစ်ချိန်တစ်ခါတုန်းကလူငယ်လေးတွေ၊ ကလေးလေးတွေဟာ သူတို့ရဲ့ဘဝတွေကို နိုင်ငံရေးအတွက် အသုံးချ၊ အနစ်နာခံမှုတွေလုပ်ပေးခဲ့ကြရပါတယ်။ မိဘတွေ နိုင်ငံရေးလုပ်ကြလို့ သားသမီးတွေဘဝ ကစဉ့်ကလျားဖြစ်သွားကြရတဲ့အခြေအနေတွေအများကြီးရှိခဲ့ပါတယ်။ ဒီလောကဓံတွေကို ကြံ့ကြံ့ခံရင်ဆိုင်ဖို့ဆိုတာ တော်ရုံစိတ်ဓာတ်နဲ့မရပါဘူး။ ငါဒီကနေ့ခံစားနေရတာဟာ နောင်တစ်ချိန်ငါ့လိုသူများတွေ ထပ်မခံစားကြရစေဖို့ဖြစ်တယ်။ ငါဒီကနေ့အနစ်နာခံနေရတာဟာ နောင်တစ်ချိန်ငါ့လို သူများတွေထပ်ပြီးမနစ်နာကြရစေဖို့ဖြစ်တယ်ဆိုတာကို အထက်ပါတင်ပြခဲ့တဲ့ဇာတ်လမ်းထဲက ကလေးလေးက ပုံဖော်ပြသခဲ့ပြီးဖြစ်ပါတယ်။ အနီးကလေးလေးလို ကလေးတွေလည်း ကျွန်တော်တို့နိုင်ငံမှာ အများကြီးရှိနေလိမ့်မယ်ထင်ပါတယ်။ အများကြီးဆက်လက်ရှိနေဖို့လည်းလိုပါတယ်။

လူထုခေါင်းဆောင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ အပြုံးတွေဝေဆာစွာနဲ့ သတို့သမီးလေး ချစ်စုနဲ့သူ့အဖေ ဦးဝင်းထိန်ကြီးရဲ့အကြောင်းကို မင်္ဂလာဧည့်ခန်းမကြီးထဲက စင်မြင့်ထက်မှာ ပြန်ပြောင်းပြောပြနေပါတယ်။ သူ့လက်ပေါ်မှာ ကြီးပြင်းခဲ့တဲ့ ကလေးလေးတစ်ယောက် အချိန်တန်အရွယ်ရောက်လို့ အိမ်ထောင်ပြုတဲ့အချိန်တောင် ရောက်ခဲ့ပါပြီ။ ဒါပေမယ့် သူနဲ့ကလေးလေးရယ်၊ သူ့အဖေရယ်၊ ဒီမိုကရေစီခရီးကြမ်းရယ် ဆက်နွယ်ပတ်သက်ခဲ့ပုံတွေကို မင်္ဂလာအမှတ်တရစကားတွေအဖြစ် ပြန်ပြောနေတာ မနေ့တစ်နေ့က အဖြစ်အပျက်တွေလိုပါပဲ။ ကျွန်တော်တို့အားလုံး နားထောင်ရင်း ရင်ထဲမှာပီတိတွေကိုဖြာလို့။ ဩော်...ရဲဘော်ရဲဘက်စိတ်ဆိုတာ ဒါပါလား။ ။

**သွေးရင်းသားရင်း ညီအစ်ကိုမောင်နှမဆိုတာ ကိုယ်ရွေးချယ်ခဲ့တာမဟုတ်ဘဲ တော်ခဲ့ကြရတာဖြစ်ပါတယ်။ ရဲဘော်ရဲဘက်ဆိုတာက ကိုယ်ကိုယ်တိုင်ရွေးချယ်ခဲ့တာဖြစ်လို့ ရဲဘော်ရဲဘက်ဆက်ဆံရေးဟာ ပိုပြီး လေးနက်ပါတယ်။ ဒါကြောင့် တစ်ဦးကိုတစ်ဦး နားလည်နိုင်ရမယ်၊ သစ္စာရှိရမယ်၊ သည်းခံနိုင်ရမယ်၊ သည်းခံခွင့်လွှတ်မှုကို အလေးထားဖို့လိုပါတယ်**

## ၂၀၁၆ - ၂၀၁၇ တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီး၌ ဖြေဆိုခွင့်လျှောက်ထားသူပိုများ

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ခုနှစ် ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် လျှောက်ထားသူဦးရေမှာ ယမန်နှစ်ထက် ပိုမိုများပြားကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

၂၀၁၅-၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဖြေဆိုခွင့်လျှောက်ထားသူ ၉၅၆၅၆ ဦးရှိပြီး ဖြေဆိုသူဦးရေမှာ ၉၁၆၈၇ ဦး ရှိခဲ့ကာ ယခု ၂၀၁၆-၂၀၁၇ခုနှစ်အတွက် လျှောက်ထားသူဦးရေမှာ ၁၀၄၉၇၂ဦး ရှိနေသဖြင့် ယမန်နှစ်ထက် ၉၃၁၆ဦး ပိုမိုများပြားနေကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မနှစ်က တစ်တိုင်းလုံးအတွက် စာစစ်ဌာန ၁၆၅ ခု ထားရှိပြီး စစ်ဆေးခဲ့ပေမယ့် ဒီနှစ်မှာတော့ ဖြေဆိုမယ့်ဦးရေတိုးတက်လာတဲ့အတွက် စာစစ်ဌာနတွေတိုးပေးဖို့ တင်ပြထားပါတယ်။ ဒါ့အပြင် ဒီနှစ်မှာ စာဖြေခန်းတစ်ခန်းကို ဖြေဆိုသူ ၃၀ နဲ့ လက်ထောက်ကြီးကြပ်ရေးမှူး နှစ်ဦးထားရှိပြီး စစ်ဆေးသွားဖို့ စီစဉ်ထားပါတယ်"ဟု ၎င်းကဆက်ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း နှစ်အလိုက်ဖြေဆိုသူဦးရေများအနေဖြင့် ၂၀၁၄-၂၀၁၅ပညာသင်နှစ်တွင် ဖြေဆိုသူ ၉၁၂၄၀ ရှိခဲ့ပြီး အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၃၄ ဒသမ ၄၀ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆တွင် ဖြေဆိုသူ ဦးရေ ၉၁၆၈၇ဦး ရှိခဲ့ပြီး အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၃၈ ဒသမ ၅၆ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့်လည်း ဖြေဆိုခွင့်လျှောက်ထားသူဦးရေမှာ ၇၆၇၁၈၉ ဦး ရှိခဲ့ရာ ခရိုင် ၇၁ ခရိုင်၊ မြို့နယ်ပေါင်း ၃၃၅ မြို့နယ်အတွက် စာစစ်ဌာနပေါင်း ၁၅၉၀ ထားရှိစစ်ဆေးရန် လျာထားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် (၉) ရပ်ကွက် အောင်ဇေယျလမ်းမကြီးတွင် ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက ကိုယ်ပိုင်မော်တော်ယာဉ်၊ အငှားယာဉ်မောင်းနှင်သူများနှင့် လိုက်ပါစီးနင်းသူများ ယာဉ်အန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာနှင့် အသက်ဆုံးရှုံးမှုများအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ခါးပတ်ပတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ အမှတ် (၆၁) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးအောင်နိုင်ဦး ဦးဆောင်သောအဖွဲ့က မော်တော်ယာဉ်များအား စစ်ဆေး၍ အသိပညာပေးဟောပြောစဉ် ကိုကျော်(သုံးခွ)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဆော်ဒီအာရေဗျဘုရင့်နိုင်ငံ သံအမတ်ကြီး H.E. Mr. Sahal Moustafa Ahmed Ergesous အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Sahal Moustafa Ahmed Ergesous အား လက်ခံတွေ့ဆုံစဉ်**
(သတင်းစဉ်)

# နိုင်ငံတကာလွှတ်တော်ပါလီမန်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့်ကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဆော်ဒီအာရေဗျဘုရင့်နိုင်ငံ သံအမတ်ကြီး H.E. Mr. Sahal Moustafa Ahmed Ergesous အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံစဉ် ဆော်ဒီနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာ လွှတ်တော်ပါလီမန်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလင်းဟန်ကို စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးကျော်ဇေယျ | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဒေါ်နွဲ့နွဲ့ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်ကို ယင်းရုံး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ထည့်သွင်းခြင်းသည် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးပန်းတိုင်ကိုရရှိရန် အထောက်အကူဖြစ်စေမည်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို မူဝါဒသစ်များချမှတ်ပြီး အမျိုးသမီးများအခွင့်အရေး အပြည့်အဝရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး အေးချမ်းလုံခြုံစွာ လက်တွဲနေထိုင်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာစေရေး ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းငြိမ်းချမ်းရေးကို အဓိကဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ထည့်သွင်းဆောင်ရွက်ခြင်းသည် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးပန်းတိုင်ကို ရရှိရန် အထောက်အကူဖြစ်စေကြောင်း ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဒီမိုကရေစီ-ပြောင်းလဲနိုင်စွမ်းရှိသော အမျိုးသမီးများ ညှိနှိုင်းဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။ **(အပေါ်ယာပုံ)**




ဆက်လက်၍ ပြောကြားရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ ပြည်သူလူထု၏ အသံအားလုံးပါဝင်ရန် နိုင်ငံတော်အစိုးရ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများက လူထုအစည်းအဝေးပွဲများ ကျင်းပရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပဋိပက္ခကို ဆန်းစစ်သုံးသပ်ရန် လိုအပ်ပြီး အကြမ်းဖက်မှုနှင့် မလုံခြုံမှုများကို လူမှုရေးရှုထောင့်မှ ထည့်သွင်းစဉ်းစားရန် အရေးကြီးကြောင်း၊ အမျိုးသမီးနှင့် အမျိုးသမီးငယ်ရွယ်များ အတွက် ကာကွယ်စောင့်ရှောက်မှု အစီအစဉ်များကို အသင့်ပြင်ဆင်ထားပြီး အထူးစီမံချက်များနှင့် ပွင့်လင်းမြင်သာစွာဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်လျှောက်လုံး၏ အဆင့်များဖြစ်သည့် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးပွဲများ၊ နိုင်ငံရေးစကားဝိုင်းများ၊ ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးအထောက်အကူပြု ဖွံ့ဖြိုးရေးကဏ္ဍများတွင် အမျိုးသမီးများ၏ ပါဝင်မှု၊ ဆောင်ရွက်မှုများကိုလည်း နိုင်ငံတော်အစိုးရက အားပေးသကဲ့သို့ အမျိုးသမီးအင်အားစုများက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ UN နှင့် INGO အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပါဝင်မှုအတွက် အားသာချက်နှင့် စိန်ခေါ်မှုများ၊ ပဋိပက္ခအခြေအနေများတွင် ဖြစ်ပေါ်လေ့ရှိသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းနှင့် ကြိုတင်ကာကွယ်ရေးအစီအစဉ်များ၊ အကြမ်းဖက်မှုကြုံတွေ့ခံစားရသည့် အမျိုးသမီးများအတွက် ကာကွယ်စောင့်ရှောက်မှုနှင့် ပဋိပက္ခအလွန် ပြန်လည်ထူထောင်ရေးနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဂျပန်-မြန်မာ နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းမည့် ပညာရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်သည် University of Miyazaki မှ Prof. Mitsuhiro YOKOTA (Dean of Faculty of Engineering UOM) နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီက ပြည်သူ့လွှတ်တော်ရေးရာဆောင်အမှတ် (I-13) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်-မြန်မာ နှစ်နိုင်ငံ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမည့် ပညာရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**ချောင်းဆုံ ဒီဇင်ဘာ ၁၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက် လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ၊ မြစိမ်းရောင်စီမံကိန်းကျေးရွာများ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့သည်။

ထို့နောက် မုရစ်ကလေးကျေးရွာ၊ ကရင်ဝင်းစိန်ကျေးရွာနှင့် ရွာလွတ်ကျေးရွာ လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းများကို ကြည့်ရှု၍ စီမံကိန်းကော်မတီဝင်များ၊ CF,TF တာဝန်ခံများနှင့်တွေ့ဆုံပြီး လုပ်ငန်းများ ယခုထက်အောင်မြင်အောင် ပြည်သူများ ပိုမိုပူးပေါင်းပါဝင်လာရေး စည်းရုံးဆောင်ရွက်ပေးရန်နှင့် တည်ဆောက်ပြီးစီးသည့် လုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်းသွားရန် ပြောကြားခဲ့သည်။

**မောင်သိန်း(ကျေးလက်)**

# မူဆယ်ခရိုင်အတွင်းရှိ စစ်ဘေးရှောင်ပြည်သူများနှင့် ဒေသခံများအတွက် ခေါင်းစွပ်ပါအနွေးထည် ၁၄၀၀၀ ကျော် လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံအတွင်း လာနီညာရာသီဥတုကြောင့် အအေးလွန်ကဲနိုင်သော ဒေသများသို့ ခေါင်းစွပ်ပါအနွေးထည်များ စဉ်ဆက်မပြတ် လှူဒါန်းလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက မူဆယ်မြို့နယ်ရှိ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မူဆယ်ခရိုင်အတွင်းရှိ ကြူကုတ်(ပန်ဆိုင်း)၊ မုံးကိုးနှင့် နမ့်ခမ်းဒေသများရှိ စစ်ဘေးရှောင်ပြည်သူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် သက်ကြီးဘိုးဘွားများအတွက် ဆောင်းရာသီ အအေးဒဏ်ကာကွယ်နိုင်ရန် ခေါင်းစွပ်ပါအနွေးထည် ၁၄၀၀၀ ကျော်ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။




အခမ်းအနားတွင် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးသက်အောင်နှင့် ကမ္ဘောဇဘဏ်လီမိတက် မူဆယ်ဘဏ်ခွဲ(၁) တာဝန်ခံ ဒေါ်နန်းဖူးဖူးခိုင်တို့က ခေါင်းစွပ်ပါ အနွေးထည်များကို ပေးအပ်လှူဒါန်းရာ မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ်နှင့် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းတို့က လက်ခံယူခဲ့သည်။

ထို့နောက် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ဦးကျော်ကျော်ထွန်းက ယခုကဲ့သို့ ခရိုင်အတွင်း၌ရှိသော စစ်ဘေးရှောင်ပြည်သူများနှင့် ဒေသခံဘိုးဘွားများ၊ ပြည်သူများအား အနွေးထည်များ လှူဒါန်းသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း၊ ယခုကာလတွင် မူဆယ်၊ မုံးကိုး အစရှိသော ဒေသများသည် အလွန်အေးသောအချိန်ဖြစ်သည့်အတွက် ယခုလှူဒါန်းသော အနွေးထည်များသည် တန်ဖိုးမဖြတ်နိုင်သည့် လှူဒါန်းမှုတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း၊ ဦးကိန်မန်၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ ဖောင်ဒေးရှင်းအနေဖြင့် မူဆယ်ဒေသသို့ အနွေးထည်လှူဒါန်းမှုသည် ဒုတိယအကြိမ် လှူဒါန်းခြင်းဖြစ်ပြီး ပထမအကြိမ်ကလည်း လှူဒါန်းခဲ့ပြီးဖြစ်သည်။

အလားတူ ဖောင်ဒေးရှင်းသည် ဒီဇင်ဘာ ၂၇ ရက်က ချင်းပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် ခေါင်းစွပ်ပါအနွေးထည် ၂၀၀၀၀ ကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်ထံ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးခင်မောင်ထွေးနှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များက သွားရောက် လှူဒါန်းခဲ့သည်။

ဖောင်ဒေးရှင်းအနေဖြင့် မြန်မာနိုင်ငံအနှံ့အပြား ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ် အမျိုးမျိုး အစရှိသည့် ကဏ္ဍမျိုးစုံတို့အတွက် ယနေ့အချိန်အထိ လှူဒါန်းငွေ ၁၁၀ ဒသမ ၆၈၂ ဘီလီယံကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(မြန်မာစာ)**

# စာဆိုရာသီ စာပေဟောပြောမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် မိသားစုတို့၏ စာဆိုရာသီ အထိမ်းအမှတ် ဒုတိယအကြိမ် စာပေဟောပြောပွဲကို ဇ နန်နဝါရီ ၁ ရက် (တနင်္ဂနွေနေ့) ည ၇ နာရီခွဲတွင် ရာဇသင်္ကြန်လမ်း မေတ္တာညွန့်ဈေးရှေ့၌ ဆရာချစ်ဦးညို၊ ဆရာဦးဘုန်း(ဓာတု)နှင့် ဆရာမသန်းမြင့်အောင်တို့က စာပေ အနုပညာအကြောင်း ဟောပြောကြမည်ဖြစ်သည်။

**ကိုချစ်**

# စိတ်ပိုင်းဆိုင်ရာစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း သင်တန်း တတိယအကြိမ်ထပ်မံ ဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံစိတ်ပညာအသင်းသည် အသင်း၏ရည်မှန်းချက်တစ်ခုဖြစ်သော လူတိုင်းအတွက် စိတ်ပညာ (Psychology for Everyone Program) အရ အသုံးချပညာဆိုင်ရာ ရက်တိုသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချက်လျက်ရှိသည်။

ယခုလာမည့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင်လည်း လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကုမ္ပဏီအစုအဖွဲ့နှင့် လူတစ်ဦးချင်းစီတို့အတွက် စိတ်ပိုင်းဆိုင်ရာ စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း (Test and Assessment ) သင်တန်းကို တတိယအကြိမ်အဖြစ် မြန်မာနိုင်ငံစိတ်ပညာအသင်းမှ ဆရာကြီး ဦးအုန်းလှိုင် (အထက်တန်း စိတ်ပညာရှင်)က ဟောပြောပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စား၍ တက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံ စိတ်ပညာအသင်းရုံးခန်းအမှတ် (၂၁)၊ (၉) လမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၁၂၂၄၃၊ ၀၁-၂၃၁၆၈၆၁၊ ၀၉-၅၀၀၁၁၂၃ သို့ အချိန်မီဆက်သွယ်၍ တက်ရောက်နိုင်ကြောင်းနှင့် သင်တန်းသားဦးရေ ကန့်သတ်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# စစ်ဘေးရှောင်အမျိုးသမီးများအတွက် သီပေါအမျိုးသမီးကွန်ရက်က ပစ္စည်း ၁၉ မျိုးပေးအပ်



**သီပေါ ဒီဇင်ဘာ ၃၀**

မိမိတို့ရပ်ရွာအိမ်ဂေဟာဌာနသို့ ပြန်လည်ထွက်ခွာနိုင်ခြင်းမရှိသေးသည့် သီပေါမြို့နယ် ကယ်ဆယ်ရေးစခန်းများ၌ ဆက်လက် ခိုလှုံလျက်ရှိကြသော စစ်ဘေးရှောင်သွေးချင်း အမျိုးသမီးများအတွက် ပစ္စည်း ၁၉ မျိုးပါဝင်သော အမျိုးသမီး အသုံးအဆောင်ပစ္စည်းများ ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က ဘော်ကြို၊ မန်ကောင်းနှင့် မိုးတေကယ်ဆယ်ရေးစခန်းတို့၌ ကျင်းပသည်။**(ဓါတ်ပုံ)**

အဆိုပါ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများကို နိုင်ငံတကာ လူမှုကူညီရေးအဖွဲ့နှင့် သီပေါအမျိုးသမီးကွန်ရက်တို့က ကူညီထောက်ပံ့ခြင်းဖြစ်ပြီး သီပေါ အမျိုးသမီးကွန်ရက်တာဝန်ခံ ဒေါ်ခင်နှင်းဆီနှင့်အဖွဲ့က အစုအဖွဲ့အလိုက် ပြန်လည်ပေးအပ်ခဲ့သည်။

**စိုင်း(သီပေါ)**

# ရန်ကုန်အရှေ့ပိုင်းခရိုင် ၁၄ မြို့နယ်မှ လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုကလေးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုကလေးပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက သဃ်န်းကျွန်းမြို့နယ် ခရိုင်ရုံးအစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ၁၄ မြို့နယ်မှ မွေးကင်းစမှ နှစ်နှစ်အရွယ်အထိ အပိုင်းသုံးပိုင်းခွဲကာ ကလေးငယ် ၅၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြို့နယ်များမှ ပထမဆုရကလေးငယ် ၄၂ ဦး၊ နှစ်မွှာပူးကလေးငယ် ၁၄ ဦးနှင့် သုံးမွှာပူး ကလေးငယ်သုံးဦးစုစုပေါင်း ၅၉ ဦးတို့ဖြစ်သည်။ ပြိုင်ပွဲဝင်ကလေးများအား ခရိုင်ပြည်သူ့ကျန်းမာရေး ဒုတိယဦးစီးမှူး ဒေါက်တာဒေါ်စုစုလွင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ စောအောင်ရွှေဖြူနှင့် ကျန်းမာရေးဦးစီးဌာန ဆရာဝန်များက အုပ်စုလေးစုခွဲ၍ ပေါင်ချိန်၊ ပေတိုင်း၊ သတ်မှတ်ကာကွယ်ဆေးများထိုးနှံမှုတို့ကိုစစ်ဆေးကာ ဆုရွေးချယ်ပေးကြသည်။ ပြိုင်ပွဲဝင်ကလေးအားလုံးကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးက ကြက်ဥ၊ ဘီစကွတ်၊ ကွေကာအုပ်အာဟာရများနှင့် ကလေးကစားစရာများကို လက်ဆောင်ပေးအပ်သည်။

ထို့နောက် ဆုရကလေးငယ်များအား တာဝန်ရှိသူများက ငွေသားနှင့် ဂုဏ်ပြုလက်ဆောင်ဆုများ ပေးအပ်ချီးမြှင့်သည်။ အလှူရှင်များ၏ လှူဒါန်းငွေများကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်းက လက်ခံယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# ချောင်းသာကမ်းခြေ ဈေးသည်များ ဥပဒေနှင့်အညီ ဈေးပြန်လည်ရောင်းချခွင့်ပြုရေး ဆန္ဒထုတ်ဖော်

**ပုသိမ် ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဒေါ်လဲ့လဲ့ခိုင်နှင့် ဦးထွန်းထွန်းဦးတို့ဦးဆောင်၍ ချောင်းသာကမ်းခြေ ဈေးသည်များအား ဥပဒေနှင့်အညီ အမြန်ဆုံး ဈေးများပြန်လည်ရောင်းချခွင့် သတ်မှတ်ပေးရေး ငြိမ်းချမ်းစွာစီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲက ပုသိမ်မြို့တော်ခန်းမရှေ့၌ ပြုလုပ်ကြောင်း သိရသည်။**(ဓာတ်ပုံ)**



ဆန္ဒထုတ်ဖော်ပွဲကို မြို့တော်ခန်းမရှေ့၌ စုဝေးပြီး ယင်းနေရာမှ စတင်ထွက်ခွာရာ ရွှေမုဋ္ဌောဘုရားကို တစ်ပတ်ပတ်၍ မြို့တော်ခန်းမရှေ့အရောက်၌ ပြီးဆုံးပြီး လူ ၂၀၀ ခန့်ပါဝင်ခဲ့ကြောင်း သိရသည်။ ဆန္ဒထုတ်ဖော်ပွဲပြုလုပ်ရခြင်းသည် ချောင်းသာကမ်းခြေတွင် ဈေးသည်များအား ဖယ်ရှားခံရပြီး ရင်ဆိုင်ကြုံတွေ့နေရသော မိသားစုဝင်များ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအခက်အခဲများကို တာဝန်ရှိသူများသိရှိစေရန် ရည်ရွယ်၍ ဆန္ဒထုတ်ဖော်ရခြင်းဖြစ်ပြီး ငြိမ်း ၊ စု ၊ စီ ခွင့်ပြုချက်ဖြင့် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

# ၂၀၁၇ ခုနှစ် နှစ်သစ်ကူးအကြိုညတွင် ဆောင်ရွက်မည့် လုံခြုံရေးအစီအမံများ စည်းဝေး



**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ(၁)၌ နှစ်သစ်ကူးအကြိုညတွင်ဆောင်ရွက်မည့် လုံခြုံရေးအစီအမံများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးကို တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းကဦးဆောင်ပြီး အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲရေးမှူး ရဲမှူးချုပ် မြဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်နှင့် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ စည်ပင်သာယာရဲတပ်ဖွဲ့ အမှတ်(၂) မှုခင်း ရဲတပ်ဖွဲ့ခွဲ၊ အမှတ်(၂) သတင်းရဲတပ်ဖွဲ့ခွဲ၊ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲတို့မှ အရာရှိကြီးများ၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ စုစုပေါင်း ၁၁၅ ဦးတက်ရောက်ခဲ့သည်။ နှစ်သစ်ကူးအကြိုညတွင် ပြည်သူများ စနစ်တကျအေးချမ်းပျော်ရွှင်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ အစည်းအဝေးတက်ရောက်လာသည့် တပ်ဖွဲ့၊ ဌာနများပူးပေါင်းကာ လုံခြုံရေးကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ကွက်ပြည့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# KIA လက်နက်ကိုင်အဖွဲ့ဝင်တစ်ဦးက ခရီးသွားယာဉ်ကိုလက်နက်ငယ်ဖြင့်ပစ်ခတ်ပြီး ဆက်ကြေးကောက်၊ ပြည်သူတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း နမ့်ခမ်းမြို့နယ် ၁၂ မိုင် ကျေးရွာအနီး၌ ဒီဇင်ဘာ ၂၉ ရက်က KIA လက်နက်ကိုင်အဖွဲ့ဝင်တစ်ဦးက ခရီးသွားယာဉ်ကို လက်နက်ငယ်ဖြင့် ပစ်ခတ်ပြီး ဆက်ကြေးကောက်ခံခဲ့ရာ ခရီးသွားပြည်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

နမ့်ခမ်းမြို့နယ် ၁၂ မိုင်ကျေးရွာအနီး၌ မန္တလေးမှ နမ့်ခမ်းဘက်သို့ ယာဉ်မောင်း ဇော်မျိုးမောင်းနှင်၍ ခရီးသွားပြည်သူလေးဦးလိုက်ပါလာသည့် မာ့ခ်တူး အမျိုးအစားယာဉ်ကို ဒီဇင်ဘာ ၂၉ ရက် ညနေ ၄ နာရီခွဲခန့်က လက်နက်ငယ်ကိုင်ဆောင်ထားသည့် KIA လက်နက်ကိုင် အဖွဲ့ဝင်တစ်ဦးက ယာဉ်ကိုရပ်တန့်ခိုင်းရာ ယာဉ်မောင်းက မောင်းနှင်ထွက်ပြေးသဖြင့် လက်နက်ငယ်ဖြင့် ယာဉ်ကို ပစ်ခတ်ခဲ့ရာ ယာဉ်ပေါ်ပါ ခရီးသွား ပြည်သူတစ်ဦး လက်နက်ငယ်ထိမှန် ဒဏ်ရာရရှိခဲ့သဖြင့် ယာဉ်ကိုရပ်တန့်ပေးခဲ့ရာ အဆိုပါ လက်နက်ကိုင်က ယာဉ်မောင်းထံမှ ငွေကျပ် ၂၀၀၀၀ ဆက်ကြေး ကောက်ယူသွားကြောင်း၊ အဆိုပါ နေရာတစ်ဝိုက်ကို တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိပြီး လက်နက်ငယ်ထိမှန် ဒဏ်ရာရရှိခဲ့သူကို တပ်မတော်မှ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့နှင့် ပင်လောင်းမြို့တို့၌ ၅ ဒီဂရီစင်တီဂရိတ်စီ၊ ပူတာအိုမြို့၌ ၆ ဒီဂရီစင်တီဂရိတ်နှင့် နောင်ချိုမြို့၌ ၇ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

# မောင်တောမြို့နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များ၌ ပါဝင်ခဲ့သူများကို ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်ခဲ့ သူ နှစ်ဦးကို ယမန်နေ့ မွန်းလွဲပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ်အတွင်း ကျီးကန်းပြင်ကျေးရွာအနီးရှိ အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ်ကို အောက်တိုဘာ ၉ ရက်က အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုတွင် ပါဝင်ခဲ့သူများသည် ကျီးကန်းပြင် (အနောက်ရွာ) တစ်ဝိုက် ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီ ခန့်က ကျေးရွာအတွင်း ဝင်ရောက်ရှင်းလင်းရာ အကြမ်းဖက်မှု ဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် ဇော်ကီအာမောက်၏သား ကော်ဒီမူလာနှင့် ပုန်းအောင်းနေသည့် အော်လီအာမတ်၏ သား မာမွတ်အာလောင်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများကို တရားဥပဒေအရ အရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# လားရှိုးမြို့အနီး လက်ပစ်ဗုံးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့မှ ငါးမိုင်ခန့်အကွာ ဘိလပ်မြေစက်ရုံဟောင်းအနီးတွင် ယမန်နေ့ မွန်းလွဲပိုင်းက ပူးပေါင်းအဖွဲ့က ရှောင်တစ်ခင်စစ်ဆေးရာ လက်ပစ်ဗုံးနှစ်လုံး သိမ်းဆည်းရမိခဲ့ ကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုး-တန့်ယန်းသွား ကားလမ်း လားရှိုးမြို့မှ ငါးမိုင်ခန့်အကွာရှိ ဘိလပ်မြေစက်ရုံဟောင်းအနီး၌ ရှောင်တခင်စစ်ဆေး ဆောင်ရွက်ရာ ယမန်နေ့မွန်းလွဲ ၂ နာရီခန့်က ဦးစိုင်းလွန်းဆာ မောင်းနှင်လာ သည့် ကန်ဒါအမျိုးအစား ဆိုင်ကယ်ကို စစ်ဆေးစဉ် ဆိုင်ကယ်တူးဘောက် အတွင်းမှ လက်ပစ်ဗုံးနှစ်လုံး၊ မြန်မာငွေ ကျပ် ၁၀ သိန်းကျော်နှင့် ဟန်းဆက်နှစ်လုံး တို့အား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူကို တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး လားရှိုးမြို့မ ရဲစခန်းသို့စနစ်တကျ လွှဲပြောင်းအပ်နှံ ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဂွဆုံကျေးရွာ ရာအိမ်မှူးအား တုတ်၊ ဓား လက်နက်ကိုင်ဆောင်ထားသူများက ရိုက်နှက်၍ ဖမ်းဆီးခေါ်ဆောင်သွား

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မောင်တောမြို့နယ် ဂွဆုံကျေးရွာ ရာအိမ်မှူးကို ဒီဇင်ဘာ ၂၉ ရက် ညနေပိုင်းက တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်ထားသူ ခြောက်ဦးက ဝိုင်းဝန်း ရိုက်နှက်ပြီး ကြိုးဖြင့်တုတ်ကာ ဖမ်းဆီးခေါ်ဆောင် သွားကြောင်း သိရသည်။

မောင်တောမြို့နယ် ဂွဆုံကျေးရွာနေ ရာအိမ်မှူး အန်နာမူလာသည် အလုပ်ကိစ္စဖြင့် ဂွဆုံအလယ်ကျေးရွာသို့ သွားရောက်စဉ် လမ်း၌ တုတ်၊ ဓား လက်နက်များ ကိုင်ဆောင်ထားသူ ခြောက်ဦးက ဝိုင်းဝန်းရိုက်နှက်ပြီး ကြိုးဖြင့်တုတ်ကာ ရွာအရှေ့ဘက်ရှိ မေယုတောင် ကြောပေါ်သို့ ခေါ်ဆောင် သွားကြကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ်စုံစမ်းပြီး ဖမ်းဆီးခေါ်ဆောင်သွားသူများကို တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နယ်မြေရှင်းလင်းရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းအား TNLA လက်နက်ကိုင်အဖွဲ့က နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် ယနေ့နံနက် ၁၁ နာရီခန့်က တော့ဖေကျေးရွာအနီးသို့အရောက် လက်နက်ကိုင်အဖွဲ့များထောင်ထားသည့် တိုက်မိုင်းတစ်လုံး တိုက်မိပေါက်ကွဲခဲ့ရာ စစ်သည်တစ်ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီး စစ်သည်အချို့ မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့သည်။

ထို့အပြင် ကျောက်မဲမြို့နယ်အတွင်း နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းကို ယနေ့နံနက် ၁၁ နာရီခန့်က တော့ဖေကျေးရွာ၏ အနောက်တောင်ဘက် ၁ မိုင်ခန့်အကွာ၌ TNLA လက်နက်ကိုင်အဖွဲ့ အင်အား ၂၀ ခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်တိုက်ခိုက်ရာ လက်နက်ကိုင်အဖွဲ့များ အနောက်မြောက်ဘက်သို့ ဆုတ်ခွာသွားကြောင်း သိရသည်။

အဆိုပါ နေရာတစ်ဝိုက်ကို တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ဒီဇင်ဘာ ၂၉ ရက် ည ၉ နာရီက သီပေါ(နမ့်ပေါ့) တံတားဘေး ၁၅ ပေအကွာခန့်၌ ချိန်ကိုက်မိုင်းတစ်လုံးပေါက်ကွဲခဲ့ပြီး မပေါက်ကွဲသည့် မိုင်းတစ်လုံးကျန်ရှိကာ အဆိုပါမိုင်းကို ရှင်းလင်းရန် မိုင်းရှင်းလင်းရေးအဖွဲ့က ဆောင်ရွက်စဉ်**

(အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် တံတားထိခိုက်ပျက်စီးမှု တစ်စုံတစ်ရာမရှိပါကြောင်း သိရသည်။)

**(မြို့နယ် ပြန်/ဆက်)**

# တမူးမြို့ မြို့မ(၁၃)ရပ်ကွက်၌ ပေါက်ကွဲမှုဖြစ်ပွား

**တမူး ဒီဇင်ဘာ ၃၀**

တမူးမြို့ မြို့မ(၁၃)ရပ်ကွက်အတွင်းရှိ ဦးရွှေလှပိုင်ဆိုင်ပြီး ဒေါ်မိုး(နတ်ကတော်လုပ်ငန်းလုပ်ကိုင်သူ)ငှားရမ်းနေထိုင်သည့် နေအိမ်ခြံစည်းရိုးအနီး အမှိုက်ပုံနေရာ၌ ဒီဇင်ဘာ ၂၉ ရက်ည ၈ နာရီ ၁၀ မိနစ်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားရာနေရာသို့ တမူးခရိုင်မှ အုပ်ချုပ်ရေးနှင့်လုံခြုံရေး အဖွဲ့အစည်းမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ ဒေသန္တရလက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပြီး ပေါက်ကွဲမှုကြောင့် လူ၊ ပစ္စည်း၊ တိရစ္ဆာန်များထိခိုက်ဒဏ်ရာ ပျက်စီးမှုတစ်စုံတစ်ရာမရှိဘဲ အဆိုပါနေရာ၌ အနက် လေးလက်မ၊ အချင်း ရှစ်လက်မခန့်မြေကျင်း တစ်ခုဖြစ်ပွားကြောင်းသိရသည်။

**(၁၅၈)**

# ဘရာဇီးနိုင်ငံဆိုင်ရာ ဂရိသံအမတ်ကြီးရီယိုမြို့သို့ သွားစဉ်ပျောက်ဆုံး

**ရီယိုဒီဂျနေရိုး ဒီဇင်ဘာ ၃၀**

ဘရာဇီးနိုင်ငံဆိုင်ရာ ဂရိသံအမတ်ကြီး Kyriakos Amiridis သည် ရီယိုမြို့သို့သွားရောက်စဉ် လမ်းခရီး၌ပျောက်ဆုံးသွားပြီး အသတ်ခံရနိုင်ခြေများကြောင်း ဘရာဇီးနိုင်ငံအာဏာပိုင်များက ယမန်နေ့က ပြောခဲ့သည်။

သံအမတ်ကြီးစီးသည့်ကားနှင့် ပုံစံတူ လိုင်စင်နံပါတ်တူ ကားတစ်စီးကို ရီယိုမြို့ ဧရိယာအတွင်းရှိ Nova Iguacu ၌ တွေ့ရှိခဲ့ကြောင်း သိရသည်။ မီးလောင်ကျွမ်းနေသည့် အဆိုပါကားအတွင်း လူသေအလောင်းတစ်လောင်းအားတွေ့ရှိခဲ့ပြီး ကျန်ခန္ဓာကိုယ်အစိတ်အပိုင်းများကို အတည်ပြုစစ်ဆေးရန် ဓာတ်ခွဲခန်းသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

သက်ဆိုင်ရာ အာဏာပိုင်များက သံအမတ်ကြီး ပျောက်ဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဘရာဇီးနိုင်ငံဆိုင်ရာ ဂရိသံအမတ်ကြီး ၂၀၁၆ ခုနှစ် မေလက ဘရာဇီးနိုင်ငံသို့သွားရောက်စဉ်

သံအမတ်ကြီး၏ မိသားစုဝင်များက လွန်ခဲ့သည့်ရက်ပိုင်းတွင် ပြန်ရွေးငွေတောင်းခံသော ဖုန်းဆက်သွယ်မှုမရှိကြောင်း ပြောခဲ့သော်လည်း ရဲတပ်ဖွဲ့က ပြန်ပေးဆွဲနိုင်သည့် အခြေအနေကို ထည့်သွင်းစဉ်းစားလျက်ရှိကြောင်း သိရသည်။

Amiridis ၏ ဇနီးဖြစ်သူက ၎င်း၏ခင်ပွန်းအား Nova Iguacu ၌ ဒီဇင်ဘာ ၂၆ ရက်က ဖုန်းအဆက်အသွယ်ရှိခဲ့ကြောင်း သံအမတ်ကြီး ပျောက်ဆုံးသွားသည့် ဒီဇင်ဘာ ၂၈ ရက်တွင် ရီယိုရဲတပ်ဖွဲ့က ပြောခဲ့သည်။

Amiridis သည် ဘရာဇီးနိုင်ငံဆိုင်ရာ ဂရိသံအမတ်ကြီးအဖြစ် ၂၀၁၆ ခုနှစ်အစောပိုင်းတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

(ဆင်ဟွာ)

# အပစ်ရပ်စဲရေးကို ရုရှားက ကျောထောက်နောက်ခံပေးထားသော်လည်း တိုက်ခိုက်မှုများဖြစ်ပွား

**မော်စကို ဒီဇင်ဘာ ၃၀**

ဆီးရီးယားနိုင်ငံ၌ ခြောက်နှစ်ကြာဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ် အဆုံးသတ်စေရေးအတွက် ရုရှားနှင့် တူရကီတို့က ဆီးရီးယား အပစ်အခတ်ရပ်စဲရေးကို ကျောထောက်နောက်ခံပြုထားပြီး ဒီဇင်ဘာ ၃၀ ရက်တွင် ငြိမ်းချမ်းရေးဆွေးနွေးမှု ပြုလုပ်ရန်ဦးဆောင်ခဲ့ကြသော်လည်း ငြိမ်းချမ်းရေးသဘောတူညီမှု စတင်သက်ရောက်ချိန်ဖြစ်သည့် ညသန်းခေါင်ယံအချိန်မှစတင်ကာ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် စာချုပ်ကို အနှောင့်အယှက်ဖြစ်စေခဲ့ကြောင်း သိရသည်။



ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်၏ အဓိက မဟာမိတ်ဖြစ်သည့် ရုရှားသမ္မတဗလာဒီမာပူတင်သည် ဒီဇင်ဘာ ၂၉ ရက်က အပစ်အခတ်ရပ်စဲရေးကို ကြေညာခဲ့ပြီး ဆီးရီးယားအတိုက်အခံအဖွဲ့အား ကြာမြင့်စွာကူညီထောက်ပံ့သူဖြစ်သည့် တူရကီနှင့်အတူ သဘောတူစာချုပ်ကို ဦးဆောင်ခဲ့သည်။

ဒီဇင်ဘာ ၂၉ ရက် ညသန်းခေါင်ယံအချိန်တွင် အီဒလစ်နှင့် ဟာမားပြည်နယ်တစ်လျှောက်၌ အစိုးရအဖွဲ့ဝင်အင်အားစုများနှင့် သူပုန်အဖွဲ့များအကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း စစ်ရေးထိန်းချုပ်မှုအဖွဲ့နှင့် သူပုန်အဖွဲ့အာဏာပိုင်များက ပြောကြားခဲ့သည်။

နိုင်ငံတောင်ပိုင်း၌လည်း သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဆီးရီးယားအစိုးရ အင်အားစုများနှင့် မဟာမိတ်များသည် မဟာဗျူဟာကျသည့် ဒမတ်စကတ်အနောက်မြောက်ပိုင်းရှိ တောင်ကြားဒေသ၌ သူပုန်များနှင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း ဆီးရီးယားရှိ လူ့အခွင့်အရေးလေ့လာစောင့်ကြည့်မှုအဖွဲ့က ပြောကြားခဲ့သည်။

(ရိုက်တာ)

# တိုကျိုမြို့၏ လူဦးရေ လာမည့် ၁၀ နှစ်အတွင်း အမြင့်ဆုံးထိရောက်ရှိနိုင်

**တိုကျို ဒီဇင်ဘာ ၃၀**

တိုကျိုအစိုးရက မြို့တော်၏လူဦးရေသည် လာမည့် ၂၀၂၅ ခုနှစ်တွင် အမြင့်ဆုံးထိရောက်ရှိလာနိုင်ကြောင်း ခန့်မှန်းခဲ့သည်။

ယခုခန့်မှန်းမှုသည် ယခင်ခန့်မှန်းမှုပြီးနောက် ငါးနှစ်ကြာပြီးမှ ခန့်မှန်းခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် တိုကျို၌ လူဦးရေ ၁၃ ဒသမ ၅၂ သန်းနေထိုင်လျက်ရှိကြောင်း သိရပြီး လာမည့် ၂၀၂၅ ခုနှစ်တွင် ၁၃ ဒသမ ၉၈ သန်းအထိမြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားသည်။

လူဦးရေထူထပ်သိပ်သည်းမှုသည် ပိုမိုများပြားလာနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အသစ်တည်ဆောက်လျက်ရှိသည့် တိုကျိုမြို့ရှိ လူနေအဆင့်မြင့်တိုက်ခန်းများသို့ မိသားစုဝင်များစွာ ပြောင်းရွှေ့နေထိုင်မှုများ တိုးပွားလာခဲ့ကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)



# လျှပ်စစ်ကားများ ပြောင်းလဲထုတ်လုပ်မှုကြောင့် အလုပ်အကိုင်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာမည်ဖြစ်

**ဘာလင် ဒီဇင်ဘာ ၃၀**

လျှပ်စစ်ကားများအား အစားထိုးထုတ်လုပ်ခြင်းသည် ဂျာမန်မော်တော်ထုတ်လုပ်ရေးကုမ္ပဏီမှ အလုပ်အကိုင်များစွာကို ဆုံးရှုံးစေလိမ့်မည်ဖြစ်ကြောင်း၊ သို့သော် အဆိုပါအလုပ်အကိုင်နေရာများအား လျှပ်စစ်မော်တော်ကား ထုတ်လုပ်မှုဆိုင်ရာ အလုပ်အကိုင်နေရာသစ်များဖြင့် အစားထိုးကာ ဟန်ချက်ထိန်းသွားမည်ဖြစ်ကြောင်း ဂျာမန်မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီ အမှုဆောင်အရာရှိချုပ်က သတင်းစာတစ်စောင်သို့ ပြောကြားခဲ့ကြောင်း သိရသည်။

တန်ဖိုးငွေလျှော့ချသတ်မှတ်ထားမှုကြောင့် ထုတ်လုပ်ရေးဆိုင်ရာအလုပ်အကိုင်များ ဆုံးရှုံးရဖွယ်ရှိကြောင်း အမှုဆောင်အရာရှိချုပ် အယ်လ်မာဒီဂန်ဟတ်၏ ပြောဆိုမှုကို ကိုးကားလျက် ဂျာမန်အပတ်စဉ်ထုတ် ဂျာနယ်တစ်စောင်ဖြစ်သည့် Welt am Sontag က ဖော်ပြခဲ့သည်။ အလုပ်အကိုင်ဆုံးရှုံးမှု အရေအတွက်သည် အသစ်ထပ်မံခန့်ထားမည့်အရေအတွက်ထက် ပိုမိုများပြားခြင်းရှိမရှိကို မကြာမီသိရလိမ့်မည်ဖြစ်ကြောင်း အယ်လ်မာဒီဂန်ဟတ်က ပြောကြားခဲ့သည်။

လျှပ်စစ်ကားပြောင်းလဲထုတ်လုပ်မှုအတွက် ဒီဇိုင်းဖန်တီးရန် အချိန်လုံလောက်စွာရှိပြီး အကြီးအကျယ်ထိခိုက်နစ်နာစေမှုများကို ရှောင်ရှားနိုင်ရန် ကိုင်တွယ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ မော်တော်ကားကုမ္ပဏီသည် လာမည့်နှစ်များတွင် လျှပ်စစ်ကားများထုတ်လုပ်မှုအတွက် အသုံးစရိတ်ကို တိုးချဲ့သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

(ရိုက်တာ)

# အိန္ဒိယနိုင်ငံ၌ ကျောက်မီးသွေးတွင်းပြိုကျ၊ ၁၅ ဦးဒဏ်ရာရပြီး လူ ၆၀ ကျော်ပိတ်မိနေ

**နယူးဒေလီ ဒီဇင်ဘာ ၃၀**

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းပြည်နယ်တစ်ခုဖြစ်သော ဂျာခန်၌ ကျောက်မီးသွေးမိုင်းတွင်းပြိုကျမှုကြောင့် အနည်းဆုံး ၁၅ ဦး ဒဏ်ရာရရှိခဲ့ပြီး ၆၀ ကျော်မှာ မိုင်းတွင်းထဲ၌ ပိတ်မိနေကြောင်း ရဲအရာရှိတစ်ဦးက ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

မိုင်းတွင်းပြိုကျမှုသည် ဂေါ့တာခရိုင် Eastern Coldfields ကုမ္ပဏီပိုင် Rajmahal Open Cast Mines တွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မြူခိုးများ ထူထပ်စွာကျနေသည့်ကြားမှ ကယ်ဆယ်ရေးလုပ်ငန်းများကို ဒီဇင်ဘာ ၃၀ ရက် နံနက်တွင် စတင်ခဲ့ပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး သေဆုံးသူမရှိကြောင်း အမည်မဖော်လိုသူ ရဲအရာရှိက ပြောခဲ့သည်။

ကျောက်မီးသွေးတွင်းသည် မြေအောက်အနက် ၆၁ ပေတွင် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ အိန္ဒိယသည် ကမ္ဘာပေါ်၌ ကျောက်မီးသွေးထုတ်လုပ်မှု တတိယအကြီးဆုံးနိုင်ငံဖြစ်ပြီး နိုင်ငံ၏စွမ်းအင်လိုအပ်ချက်ကို ၆၁ ရာခိုင်နှုန်း ထောက်ပံ့ပေးနေကြောင်း သိရသည်။

(ဆင်ဟွာ)



## သီပေါမြို့နယ်မှ တိုက်ပွဲရှောင်ဒေသခံပြည်သူများ မိမိတို့နေထိုင်ရာဌာနေသို့ ပျော်ရွှင်စွာထွက်ခွာ



**သီပေါ ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်နှင့်နမ္မတူမြို့နယ်တို့တွင် တိုက်ပွဲများ ဖြစ်ပွားနေသဖြင့် ဒေသခံသွေးချင်း ညီအစ်ကိုမောင်နှမများသည် သီပေါ မြို့နယ် ကယ်ဆယ်ရေးစခန်းများ၌ ရောက် ရှိခိုလှုံလျက်ရှိကြရာမှ နယ်မြေအေးငြိမ်း တည်ငြိမ်စပြုနေပြီဖြစ်၍ ဒီဇင်ဘာ ၃၀ ရက် နံနက်က ဘော်ကြိုစခန်းတွင် ခိုလှုံနေကြသော ကျေးလက်ပြည်သူများ မိမိတို့နေထိုင်သည့် ဌာနေသို့ ပျော်ရွှင်စွာထွက်ခွာသွားကြပြီဖြစ်သည်။

အဆိုပါအိမ်ပြန်ခရီးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများက နှုတ်ခွန်းဆက်အားပေးစကား ပြောကြားကြသည်။

ဘော်ကြို ကယ်ဆယ်ရေးစခန်းမှ ပြန်လည်ထွက်ခွာကြသည့် ပန်ခါးကျေးရွာနှင့်မန်လွယ်ကျေးရွာမှ အိမ်ထောင်စု ၁၂၂ စု၊ လူဦးရေ ၅၂၇ ဦးတို့ကို ဝမ်းမောလူမှုကယ်ဆယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာ နှင့်အဖွဲ့က မော်တော်ယာဉ်ခုနစ်စီးဖြင့်လည်းကောင်း ရွာစဉ်အလိုက် အိမ်တိုင်ရာရောက် လိုက်ပါကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ဒစ်ဂျစ်တယ်နည်းဖြင့် ဈေးကွက်မြှင့်တင်ခြင်းစနစ် စွန့်ဦးတီထွင်လုပ်ငန်းများအတွက် ပိုမိုအထောက်အကူဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ငွေကြေးအရင်းအနှီးအနည်းငယ်ဖြင့် လုပ်ငန်းစတင်ကြမည့် စွန့်ဦးတီထွင်သမားများအနေဖြင့် ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အွန်လိုင်းပေါ်မှတစ်ဆင့် ဒစ်ဂျစ်တယ်နည်းဖြင့် ဈေးကွက်မြှင့်တင်ခြင်းကြော်ငြာစနစ်မှာ ထိရောက်မှုအရှိဆုံးဖြစ်ကြောင်း အွန်လိုင်းအလုပ်အကိုင်ရှာဖွေရေး ဝက်ဘ်ဆိုက်ဖြစ်သည့် www.work.com.mm မှ သိရသည်။

အွန်လိုင်းပေါ်မှတစ်ဆင့် လူမှုကွန်ရက်များ၊ ဝက်ဘ်ဆိုက်များ၊ မိုဘိုင်းအမ်ပလီကေးရှင်းများမှတစ်ဆင့် ကြော်ငြာသည့်စနစ်မှာ ကုန်ကျစရိတ်သက်သာမှုရှိပြီး လူထုအကြားပျံ့နှံ့မှု များပြားလွယ်ကူသည့်အတွက် စွန့်ဦးတီထွင်သမားများအတွက်ပို၍ အသုံးတည့်သည့်စနစ်ဖြစ်ကြောင်း work.com. Business Development Executive ဦးကျော်ဝင်းထွန်းက ပြောသည်။

"ခုအချိန်မှာ ကုမ္ပဏီမှတ်ပုံတင်စရိတ်တွေကလည်း လျှော့ချပေးလိုက်ပြီ။ မိုဘိုင်းအော်ပရေတာတွေလည်း ဝင်လာပြီဆိုတော့ ကိုယ့်မှာရှိတဲ့ အကြံဉာဏ်နဲ့ အွန်လိုင်းပေါ်ကနေ ဒစ်ဂျစ်တယ်စနစ်နဲ့ လူသိများအောင် ကြော်ငြာလို့ရပြီး ငွေကြေးအင်အားများတဲ့ ကုမ္ပဏီကြီးတွေနဲ့ ကြော်ငြာတဲ့နေရာမှာ ယှဉ်ပြိုင်နိုင်ပါပြီ။ ဒါပေမယ့် ဒစ်ဂျစ်တယ်မားကတ်တင်းကို ဘယ်လိုစနစ်တကျ လုပ်သင့်လဲဆိုတာတော့ သိထားဖို့လိုပါတယ်" ဟု ၎င်းက ပြောသည်။

ပြည်တွင်း၌ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လိုခြင်းကလူငယ်များအကြား ရေပန်းစားလာသော်လည်း စွန့်ဦးတီထွင်လုပ်ငန်းများမှတစ်ဆင့် အောင်မြင်သောစီးပွားရေးလုပ်ငန်းအဖြစ်သို့ ရောက်ရှိလိုပါက စွန့်ဦးတီထွင်သမားများအနေဖြင့် ၎င်းတို့၏ စီးပွားရေးစီမံကိန်းမူကြမ်း (သို့မဟုတ်) ထုတ်ကုန်ကို လူအများအကြား ပိုမိုသိရှိစေရန် ကြော်ငြာပြီးမှသာ ရင်းနှီးမြှုပ်နှံလိုသူများ၊ အကျိုးတူပူးပေါင်းမည့်သူများ၊ ကုန်ပစ္စည်းဝယ်သူများ စတင်ရှာဖွေခြင်းက လုပ်ငန်းလည်ပတ်ရန် အထောက်အကူဖြစ်စေကြောင်းလည်း သိရသည်။

**မွန်းဦးနဒီ**

## မန္တလေး-လားရှိုး ကားလမ်း ရထားသံလမ်းကူး ပြုပြင်ဆောင်ရွက်

**နောင်ချို ဒီဇင်ဘာ ၃၀**

နောင်ချိုမြို့အရှေ့ဘက် မန္တလေး-လားရှိုးကားလမ်း၊ ကားနှင့်ရထားလမ်းကူးနေရာသည် မိုးရွာသွန်းမှုကြောင့်လည်းကောင်း၊ နေ့စဉ်ကားစီးရေ ၃၀၀၀ ကျော် အတက်အဆင်းဖြတ်သန်းသွားလာနေရသောကြောင့် လည်းကောင်း အဆင်းယာဉ်၊ အတက်ယာဉ်များ ခက်ခဲစွာ ဖြတ်သန်းမောင်းနှင်လျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက နောင်ချိုမြို့နယ် မြန်မာ့မီးရထားသံလမ်းအင်ဂျင်နီယာနှင့် ဝန်ထမ်းများ၊ အိုရီယမ်တယ်လမ်းစီမံကိန်းအင်ဂျင်နီယာနှင့် ဝန်ထမ်းတို့က အဆိုပါနေရာတွင် ကတ္တရာ၊ ကျောက်များ ဖြည့်တင်းခင်းကျင်းခြင်း၊ ကားလမ်းကွေ့တိုးချဲ့ခင်းကျင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ကားလမ်းပြုပြင်ခင်းကျင်းပြီးစီးပါက ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## ရပ်ကွက်ပြည်သူများစုပေါင်း၍ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဆောက်လုပ်

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့မတောင်ရပ်ကွက်ပန်းသီတာဥယျာဉ်၏ အနောက်ဘက်မြေ ကေ ၀ ဒသမ ၇၅၂ ကေ ပေါ်တွင် ရပ်ကွက် မူလတန်းကျောင်းဆောင်တစ်ဆောင်အား ရပ်ကွက်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိရာ ပင်မကျောင်းဆောင်၏ အောက်ခံခုံလုပ်ငန်း ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



မြို့မတောင်ရပ်ကွက်တွင် အိမ်ထောင်စု ၂၃၅ စုနှင့် လူဦးရေ ၁၀၂၀ ဦးရှိပြီး ယခုစာသင်နှစ်တွင် မူလတန်းအဆင့် ပညာသင်ကြားသူ ကျောင်းသားဦးရေ ၈၃ ဦး ရှိကြောင်းသိရပြီး ကလေးများမှာ ပတ်ဝန်းကျင်ရပ်ကွက်များဖြစ်သည့် သီရိမင်္ဂလာရပ်ကွက် မြို့မရပ်ကွက်တို့တွင် ကျောင်းတက်ကြရကြောင်း သိရသည်။ ၁၉၈၆ ခုနှစ် မတိုင်မီကာလများက မြို့မတောင်ရပ်ကွက်တွင် မြို့ရှေ့မူလတန်းကျောင်းရှိခဲ့ပြီး ယင်းကျောင်းမှာ အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့သဖြင့် သီရိမင်္ဂလာရပ်ကွက်၏အရှေ့ဘက်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရာမှ မြို့မတောင်ရပ်ကွက် မူလတန်းကျောင်းမှာ ကျောင်းဆောင်အခက်အခဲ ဖြစ်ပေါ်ခဲ့ပြီး၊ ဘုန်းတော်ကြီးကျောင်းတွင် လေးနှစ်ခန့် ဖွင့်လှစ်ခဲ့ရကြောင်း သိရသည်။ ထို့နောက် မြေနေရာပါ ပျောက်ဆုံးခဲ့သည်။ မြို့မတောင်ရပ်ကွက်တစ်ခုသာ မူလတန်းကျောင်း ဖွင့်လှစ်နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ အဆိုပါ ကျောင်းပြန်လည်ဖွင့်လှစ်ခွင့်ရရှိရေးနှင့် မြေနေရာပြန်လည်ရရှိရေးကို ရပ်ကွက် ရပ်မိ၊ ရပ်ဖ များပူးပေါင်း၍ ၂၀၁၃ ခုနှစ်မှ စတင်ကြိုးပမ်းခဲ့ရာ မူလမြေနေရာကို ပြန်လည်ရရှိခဲ့ပြီဖြစ်သဖြင့် ကျောင်းဖြစ်မြောက်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရပ်ကွက်မူလတန်းကျောင်းကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် စာသင်ခန်းသုံးခန်းပါ ကျောင်းဆောင် (၆၀ × ၃၀×၁၂) ပေကို သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းဆောက်လုပ်နေခြင်းဖြစ်ပြီး ၂၀၁၇ခုနှစ် ဇန်နဝါရီလအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ရာ မြို့မတောင် ဒေသခံအဝေးရောက်သူများအနေဖြင့် အလှူငွေထည့်ဝင်လှူဒါန်းလိုပါက ကျောင်းဖြစ်မြောက်ရေးကော်မတီ နာယက ဦးသန်းငွေ(ရပ်ကွက်အုပ်ချုပ်ရေးမှူး) ဖုန်း-၀၉-၇၉၇၁၈၀၀၁၂၅ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## အဆင့်မြင့်ရော်ဘာပြားထုတ်လုပ်ရေး ဆွေးနွေး

**ဘားအံ ဒီဇင်ဘာ ၃၀**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် လောင်းကိုင်ဖားကျကျေးရွာနေ ပြည်သူများ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်တွင်း ပြည်ပ ဈေးကွက်ဝင်ရောင်းချနိုင်စေရန်ရည်ရွယ်၍ ဈေးကွက်ဝင် ဆောင်းသီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော အဆင့်မြင့်ရော်ဘာပြားထုတ်လုပ်နိုင်ရေး ပညာပေးဆွေးနွေးခြင်းကို ဒီဇင်ဘာ ၂၈ ရက်က အဆိုပါကျေးရွာ၌ ပြုလုပ်သည်။

ကော့ကရိတ်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးလှသိန်းက စပါးအပြီးစိုက်ပျိုးကြသည့် မတ်ပဲနှင့် ဈေးကွက်ဝင် ဆောင်းသီးနှံများ စိုက်ပျိုးရန် စိုက်ပျိုးနည်းနှင့် ဈေးကွက်အခြေအနေများကို လည်းကောင်း၊ လက်ထောက်ဦးစီးမှူး ဦးသော်ဇင်ထွန်းက ရေရှည်တည်တံ့သော အဆင့်မြင့်ရော်ဘာထုတ်လုပ်ရေး၊ ရော်ဘာခြံ မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်းစနစ်များ၊ အရည်အသွေးပြည့်မီသော ရော်ဘာအစေးပြား ထုတ်လုပ်နည်းများနှင့် ပြည်တွင်း ပြည်ပ ရော်ဘာဈေးကွက်အခြေအနေများကို လည်းကောင်း ကျေးရွာပြည်သူများနှင့် တောင်သူများ ပညာပေးဆွေးနွေးခဲ့သည်။

အလားတူ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ရော်ဘာအရည်အသွေးမြှင့်တင်ရေးနှင့်ဈေးကွက်ရရှိရေး ပညာပေးသရုပ်ပြသခြင်းကို ဘုရားသုံးဆူမြို့ ပြောင်မထိန်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ တောင်သူဦးဆန်းဦး၏ ရော်ဘာခြံတွင် ပြုလုပ်ရာ ရော်ဘာစိုက်တောင်သူများအား ပြည်နယ်စိုက်ပျိုးပညာပေးတာဝန်ခံ ဦးဝင်းဇော်က ဘုရားသုံးဆူမြို့တွင် ရော်ဘာအထွက်နှုန်း ၇၇၈ ဒသမ ၈၉ ပေါင်နှုန်း ထွက်ရှိနေသဖြင့် တောင်သူအများစုမှာ အဆင့်မြင့်ရော်ဘာပြားများ မရောင်းဘဲ ခွက်ကပ်ကိုပဲ အလွယ်တကူရောင်းချနေပြီး ခွက်ကပ်တစ်ပေါင်မှာ ငွေကျပ် ၅၀၀ ရှိ၍ Grade-3 အဆင့် မှိုင်းခံရော်ဘာပြား တစ်ပေါင်လျှင် ငွေကျပ် ၁၂၀၀အထိ ရရှိသည်ဖြစ်သည့်အတွက် အဆင့်မြင့်ရော်ဘာပြားကို ထုတ်လုပ်မှသာ ဝင်ငွေတိုးစေမည်ဖြစ်ကြောင်းပြောကြားခဲ့ပြီး နည်းပညာများပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**



## ပသိဆည်သို့ လာရောက်လည်ပတ်သူများ အမှိုက်များကို စနစ်တကျ စွန့်ပစ်ကြရန်လို

**တောင်ငူ ဒီဇင်ဘာ ၃၀**

တောတောင်သဘာဝအလှများဖြင့် ပြည့်စုံလှသည့် တောင်ငူမြို့မှ အရှေ့မြောက်ဘက် ၁၁ မိုင်ခန့်အကွာရှိ ပသိဆည်သို့ အပန်းဖြေအနားယူရန် လာရောက်ကြသူများ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသည်နှင့်အမျှ နေရာအနှံ့အပြားတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကို တာဝန်ရှိသူများအနေဖြင့် သတိပေးစာတမ်းများကပ်ကာ အသိပေးထားသင့်ကြောင်း ဒေသခံများက ပြောသည်။ ပြာလဲ့ကြည်လင်သောရေနှင့်သာယာလှပသည့် တောတောင်များကြောင့် လာရောက်လည်ပတ်သူများ အေးအေးလူလူ အနားယူနိုင်ကြခြင်းကြောင့် မော်တော်ယာဉ်၊ ဆိုင်ကယ်များဖြင့် မိသားစုလိုက်၊ မိတ်ဆွေအစုအဖွဲ့လိုက် နေ့စဉ်လာရောက်လည်ပတ်လျက်ရှိပြီး ကမ်းစပ်နေရာများ တွင် ပျော်ပျော်ပါးပါး ရေချိုးဆော့ကစားကြသည်များကို မြင်တွေ့ခဲ့ရသည်။ "အလွန်သာယာပါတယ်။ အရင်ကတစ်ခါမှ မရောက်ဖူးသေးဘူး။ မိသားစုနဲ့လာကြတာပါ။ အမှိုက်တွေက အလွန်များတယ်။ လာရောက်ကြသူတွေ စနစ်တကျစွန့်ပစ်သင့်ပါတယ်။ နောင်ဆို ဒီနေရာဟာ အပန်းဖြေစခန်းလိုတောင် ဖြစ်နိုင်လို့ စည်ကားလာမှာသေချာပါတယ်"ဟု မော်တော်ယာဉ်ဖြင့် မိသားစုလိုက် လာရောက်လည်ပတ်သူတစ်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။

၂။ လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။

၃။ မီးဖို မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။

၄။ မီးဖိုနှင့် အမိုးနံရံအကြား အပူခံ အကာအရံများထားပါ။

၅။ ဆီအိုးတည်ပြီး မမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

# သရေခေတ္တရာမြို့ဟောင်း မြို့ရိုးထိန်းသိမ်း ဗုန်ရှောင်လမ်းဖောက်လုပ်မည်

**ပြည် ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့အနီးရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာရှေးဟောင်းဇုန်ရှိ ပြည်-ပေါက်ခေါင်း ကားလမ်းမအဖြစ် အသုံးပြုနေသည့် ရှေးဟောင်းမြို့ရိုးကို အပျက်အစီးနည်းပါးရန် ထိန်းသိမ်းသည့်အနေဖြင့် ဗုန်ရှောင်ကားလမ်းမတစ်ခု ဖောက်လုပ်တော့မည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် (သရေခေတ္တရာဌာနစု)မှ သိရသည်။

အဆိုပါ မြောက်မြို့ရိုးမှာ အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို အုပ်စိုးစဉ်က ပေါက်ခေါင်းဒေသမှ သစ်ထုတ်လုပ်ရန်အတွက် လမ်းအမာရှိပြီးသားဖြစ်သည့် မြို့ရိုးပေါ်ကို နဂါးတွန့်တံခါး မြို့ရိုးပေါက်အနီးမှ အရှေ့ဘက် တွင်းပြဲကျေးရွာအနီးထိ မိုင်ဝက်ခန့်ဖြတ်၍ ဖောက်လုပ်ထားကြောင်း၊ ထိုစဉ်ကတည်းက ယခုအချိန်ထိမော်တော်ကားလမ်းအဖြစ် အသုံးပြုလျက်ရှိပြီး လက်ရှိအချိန်တွင် ကုန်တင်ယာဉ်များ၊ ပေါက်ခေါင်း မြို့သို့ နေ့စဉ်ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်များ တိုးပွားလာလျက်ရှိနေကြောင်း၊ သို့အတွက် မြို့ရိုးထိန်းသိမ်းမှုအပိုင်းနှင့်ပတ်သက်၍ အဖြစ်နိုင်ဆုံး လုပ်ငန်းစဉ်များကို စဉ်းစားတိုင်ပင်ကြရာမှ အဆိုပါလုပ်ငန်းစဉ်ကို စဉ်းစားတွေးမိခဲ့ကြောင်း၊ လုံးဝပိတ်သိမ်းခြင်းမဟုတ်ဘဲ ကျေးရွာများအတွက်သာ အသုံးပြုနိုင်သည့်လမ်းအဖြစ်ထားရှိပြီး ယာဉ်ကြီးများနှင့် အဝေးပြေးယာဉ်များအတွက် နောက်ထပ်ဖောက်လုပ်မည့် လမ်းကသာ သွားလာနိုင်မည်ဖြစ်သည့်အတွက် ရှေးဟောင်းမြို့ရိုးပေါ်ရှိ လမ်းမကြီးမှာ ဝန်လျော့ကျသွားမည်ဖြစ်ကြောင်း သိရသည်။

နောက်ပိုင်း ဖောက်လုပ်မည့် ဗုန်ရှောင်လမ်းမှာ ပြည်-အောင်လံကားလမ်းမပေါ်ရှိ ပြည်မြို့ ထန်းပေါက်အုပ်စု ငါးရွာအနီးမှ ပြည်-ပေါက်ခေါင်း ကားလမ်းမပေါ်ရှိ PTU ကျောင်းအနီးသို့ ဖောက်လုပ်သွားရန် စီစဉ်ထားကြောင်း၊ အဆိုပါလမ်းဖောက်လုပ်နိုင်ရန် ရှေးဟောင်းဌာနမှ လမ်းအူကြောင်းသုံးခုရွေးပြီး တင်ပြထားကြောင်း၊ ယင်းလမ်းအူကြောင်းများထဲမှ အသင့်တော်ဆုံးတစ်လမ်းကိုရွေးချယ်ပြီး ဖောက်လုပ်သွားမည်ဖြစ်ကြောင်း၊ ဒေသခံများ ထိခိုက်နစ်နာမှုအနည်းဆုံးနှင့်အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ လမ်းအူကြောင်းမှ မြေပါသွားသည့် တောင်သူများအတွက်လည်း နစ်နာမှုမရှိအောင် အတတ်နိုင်ဆုံး စဉ်းစားထားပြီး ဖောက်လုပ်ပြီးဖြစ်နေသည့်ကျေးရွာချင်းဆက်လမ်းများကို အတတ်နိုင်ဆုံး အသုံးပြုသွားမည်ဖြစ်သည့်အတွက် ဒေသခံတောင်သူများ အနေဖြင့် ထိခိုက်မှုနည်းသွားမည့်အပြင် လမ်းပန်းဆက်သွယ်ရေးလည်း ပိုမိုကောင်းမွန်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် (သရေခေတ္တရာဌာနစု)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# အမျိုးသမီးကင်းထောက်မယ်တွေ ပူးပေါင်းပြီး ငြိမ်းချမ်းရေးဆီကို ဦးတည်လှုပ်ရှားဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မြန်မာ-ဂျပန်ကင်းထောက် အမျိုးသမီးအဖွဲ့တို့ ပူးပေါင်းပြီး စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်းကို နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ၌ ဒီဇင်ဘာ ၂၈ ရက်မှ ၃၁ ရက်အထိ စခန်းချလေ့ကျင့်သင်ကြားခြင်း အစီအစဉ်များကို ဆောင်ရွက်လျက်ရှိပြီး စခန်းတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုရရှိရေး၊ ကင်းထောက်ပညာ ဖလှယ်နိုင်ရေး၊ တောတွင်းစခန်းချအတွေ့အကြုံများဖလှယ်နိုင်ရေး၊ နိုင်ငံအလိုက်ရိုးရာယဉ်ကျေးမှုများ လေ့လာရေးတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယင်းစခန်းတွင် ဦးစီးဆောင်ရွက်လျက်ရှိသည့် တာဝန်ရှိသူများနှင့် ကင်းထောက်မယ်တို့၏ အတွေ့အကြုံများကို ပြန်လည်မျှဝေလိုက်ရပါသည်။

**ဒေါက်တာဒေါ်တင်လှကြည်**
**မြန်မာနိုင်ငံအမျိုးသမီး**
**ကင်းထောက်ချုပ်**

ဒီစခန်းချသင်တန်းမှာ ဂျပန်ကကင်းထောက်အမျိုးသမီး ၄၁ ယောက်နဲ့ ကျွန်မတို့ဆီက ၉၂ ယောက်ပါတယ်။ သင်ပေးတာကတော့ ဂျပန်တွေအနေနဲ့က ကျွန်မတို့ကို ကျန်းမာသန်စွမ်းမှုကို ဦးစားပေးတယ်။ ဒီသင်တန်းမှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်တာတွေလည်း သင်ရပါတယ်။ ဒါ့အပြင် ကျန်းမာရေးနဲ့ ပျော်ရွှင်မှုအတွက် ကလေးတွေကို နည်းမျိုးစုံနဲ့ ကစားနည်းလေးတွေလုပ်ပေးတယ်။ ဒီလို ကစားရင်းနဲ့တစ်ဦးနဲ့တစ်ဦး သည်းခံတတ်တဲ့စိတ်တွေ၊ ခင်မင်စိတ်တွေပေါ်လာမယ်။ အတူတကွ လုပ်ဆောင်တတ်တဲ့စိတ်လေးတွေပေါ်လာမယ်ပေါ့။ ဂျပန်နဲ့မြန်မာဖြစ်တဲ့အတွက် ဘာသာစကားပိုင်းမှာတော့ အားနည်းပါတယ်။ ဒါပေမယ့် ချစ်ခင်ရင်းနှီးမှုနဲ့တင် အဆင်ပြေနေတယ်။ အဘက်ဘက်ကပံ့ပိုးမှု အားပေးမှုကြောင့်လည်း မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့ဟာ ရှင်သန်နေပြီဖြစ်ပါတယ်။

**Ms. Kuniko Tatamitanl**
**Chief Executive Organizer**
**ဂျပန်နိုင်ငံအိုဆာကာ**



ဒေါက်တာဒေါ်တင်လှကြည်

**အမျိုးသမီးကင်းထောက်အဖွဲ့**

ကျွန်မက ဂျပန်နိုင်ငံအိုဆာကာက လာတာပါ။ အခုတော့ဒီ Camp မှာ ဂျပန်အဖွဲ့ရဲ့ တာဝန်ခံဒါရိုက်တာအနေနဲ့ လာခဲ့တာပါ။ ကျွန်မတို့ ဂျပန်အမျိုးသမီး ကင်းထောက်မယ်တွေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ အမျိုးသမီးကင်းထောက်မယ် တွေပူးပေါင်းပြီးတော့ အသိပညာဖလှယ်မယ်၊ ယဉ်ကျေးမှုဖလှယ်မယ်၊ အသိပညာတွေ တစ်ယောက်နဲ့တစ်ယောက် ဖလှယ်ပြီးတော့ မြန်မာနိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ ပူးပေါင်းပြီး လုပ်ဆောင်သွားတဲ့ ဆောင်ရွက်ချက်တွေအထဲမှာ ကမ္ဘာကြီးကိုလည်း ငြိမ်းချမ်းစေချင်တယ်။ အဓိကကတော့ ငြိမ်းချမ်းရေးဆီကို ဦးတည်ပြီးတော့ လှုပ်ရှားဆောင်ရွက်တာဖြစ်ပါတယ်။

ကျွန်မတို့က မြန်မာနိုင်ငံကို လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက လာခဲ့ပါတယ်။ အဲ့ဒီတုန်းကဆိုရင် အခုနဲ့ မတူပါဘူး။ ဆယ်နှစ်အတောအတွင်းမှာ နှစ်တိုင်း နှစ်တိုင်း လာရင်းလာရင်းနဲ့ မြန်မာနိုင်ငံနဲ့ ဂျပန်နိုင်ငံဟာ ရင်းနှီးမှုကို ရရှိပြီးတော့ မြန်မာနိုင်ငံကို အလွန်ကိုပိုပြီး ချစ်ခင်နှစ်သက်လာပါတယ်။

နောက်နှစ်နှစ်ကြာရင် ကျွန်မတို့ ဂျပန်ကင်းထောက်အဖွဲ့ရဲ့ နှစ် (၇၀) မြောက်ဖြစ်ပါတယ်။ အဲဒီအခါကျရင် မြန်မာနိုင်ငံရဲ့ ကင်းထောက်ငယ်လေးတွေကို ဖိတ်ခေါ်ဖို့အစီအစဉ်ရှိပါတယ်။



Ms. Kuniko Tatamitanl

**မအေးစန္ဒာအောင်**
**အမျိုးသားခန့်ခွဲမှု ပညာဒီဂရီကောလိပ်**
**တတိယနှစ်ကျောင်းသူ**

ဂျပန်ကင်းထောက်မယ်တွေက အလွန်ကို စည်းစနစ်ကျပါတယ်။ သူတို့အနေနဲ့ အကုန်လုံးကို သေချာစနစ်တကျ လုပ်ထားကိုင်ထားတာ တွေ့ရတယ်။ သူတို့အချင်းချင်း စည်းစည်းလုံးလုံးနဲ့ လုပ်ဆောင်သွားတာတွေ တွေ့ရတဲ့အတွက်ကြောင့် သမီးတို့ မြန်မာကင်းထောက်မယ်တွေ အများကြီး ဗဟုသုတတွေ ရပါတယ်။ သူတို့တွေက ဖိဖိစီးစီးနဲ့ မသိတာ မတတ်တာကို သင်ပေးတယ်၊ သမီးတို့ကင်းထောက်အဖွဲ့တွေကို နီးနီးကပ်ကပ်နဲ့ သင်ကြားပေးတဲ့အတွက် စည်းကမ်းတကျနဲ့ တကယ့်ကို ကင်းထောက်ကောင်းတွေဖြစ်လာမယ်လို့ ယုံကြည်ချက်တွေ ဖြစ်ပေါ်လာပါတယ်။

**ဒေါ်ခင်စောဥမ္မာ**
**ဒုတိယကင်းထောက်ချုပ်**

နိုင်ငံတကာ Camp က ဒါနဲ့ဆို လေးကြိမ်မြောက်ဖြစ်ပါတယ်။ ဂျပန်နိုင်ငံက ကလေးတွေနဲ့ ကျွန်မတို့ဆီကကလေးတွေ ကင်းထောက်အဖွဲ့အလိုက် ပူးပေါင်းပြီးအတူနေခွင့်ရတယ်။ အဲ့ဒီလိုအတူနေခွင့်ရတဲ့အတွက် ရင်းနှီးခင်မင်မှုရတယ်။ ဘာသာစကားဖလှယ်လို့ရတယ်။ ယဉ်ကျေးမှုဖလှယ်လို့ရတယ်။ ကင်းထောက်ကိစ္စတွေကို မျှဝေလို့ရတယ်။

**မျိုးမြင့်(သတင်းစဉ်)**

# ဦးပိန်တံတားနှင့်တောင်သမန်အင်းအနီး နိုင်ငံတကာမီးပုံးပျံပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၃၀**

(၁၉)ကြိမ်မြောက် နိုင်ငံတကာမီးပုံးပျံပွဲတော်အဖြစ် ဥရောပမှ ဆွစ်ဇာလန်နိုင်ငံသားများဦးဆောင်သည့် မီးပုံးပျံ ပျံသန်းသည့်အဖွဲ့သည် ပြည်တွင်း Golden Express Tour အဖွဲ့နှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၃၀ ရက် နံနက် ၆ နာရီက အမရပူရမြို့ ဦးပိန်တံတားနှင့် တောင်သမန်အင်းအနီးဝန်းကျင်နေရာများတွင် မီးပုံးပျံပျံသန်း၍ နေထွက်ချိန်အလှရှုခင်းများ မှတ်တမ်းတင်ရိုက်ကူးကြသည်။ မီးပုံးပျံအရေအတွက်မှာလေးလုံးဖြစ်ပြီး စုစုပေါင်း ၂၈ ဦး ပါဝင်စီးနင်းကြသည်။

မီးပုံးပျံအဖွဲ့သည် ၁၉၉၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံအတွင်းရှိ အထင်ကရနေရာများသို့ မီးပုံးပျံစီးခြင်း၊ လေထီးခုန်ခြင်းများ ဆောင်ရွက်ကြသည်။ ဒီဇင်ဘာ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဦးပိန်တံတားဝန်းကျင်အလှနှင့် နောက်ရက်များတွင် ပုဂံဝန်းကျင်ဒေသ၊ တောင်ကြီး၊ အင်းလေးဝန်းကျင်ဒေသနှင့် ရခိုင်၊ သံတွဲဒေသများသို့ ဆက်လက်စီးနင်း ပျံသန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**



ဦးပိန်တံတားနှင့် တောင်သမန်အင်းအနီး နိုင်ငံတကာမီးပုံးပျံပွဲကျင်းပ

# Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့၏ တတိယအကြိမ် အာမခံလျှောက်ထားမှုပယ်ချခံရ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုထားသော Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့၏ အမှုအား ယနေ့နံနက်ပိုင်းက ရုံးထုတ်ရာတွင် တတိယအကြိမ် အာမခံလျှောက်ထားမှုကို တာမွေမြို့နယ်တရားရုံးက ထပ်မံပယ်ချလိုက်ကြောင်း သိရသည်။

ယနေ့ရုံးထုတ်ရာတွင် တရားလိုဘက်ကို စတင်စစ်ဆေးရန်ချိန်းဆိုခဲ့သော်လည်း တရားလိုဘက်က ခွင့်တိုင်ကြားလာသည့်အတွက် စွပ်စွဲခံရသူတို့ဘက်မှလိုက်ပါဆောင်ရွက်သူ တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်က Eleven Media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင်အတွက် အာမခံရရှိရန် ရုံးတော်သို့တင်ပြလျှောက်ထားရာ မြို့နယ်တရားသူကြီးက ထပ်မံပယ်ချလိုက်ခြင်းဖြစ်သည်။

အမှုနှင့်ပတ်သက်၍ ဇန်နဝါရီ ၆ ရက်တွင် တရားလိုဘက်ကိုစစ်ဆေးသွားမည်ဖြစ်ရာ တရားလိုပြသက်သေ ၁၂ ဦး တင်သွင်းထားသည့်အနက် တရားလို ဦးမိုးဟိန်းကို စတင်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**

## မြန်မာ့ရုပ်မြင်သံကြား

**၃၁-၁၂-၂၀၁၆ (စနေနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ - Hyper Sports
- ၈း၃၅ - **သာယာရှုမောဖွံ့ဖြိုးဖို့ရည် မြိတ်ကျွန်းစုဒေသအလှများဆီ** (အပိုင်း-၂)
- ၈း၅၀ - **ပြည်သူ့အတွက် ရက် ၁၀၀ မျက်မှောက်ရေးရာအဖြာဖြာ**
- ၉း၃၅ - Business News
- ၁၃း၃၀ - "2016 World's Innovations"

**ညပိုင်း**

- ၁၅း၁၅ - **မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ် ၇၀ ပြည့် အထိမ်းအမှတ်တေးများ**
- ၁၅း၄၅ - **(၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုတေးအစီအစဉ်**
- ၁၆း၃၅ - NHK Programme "All about Rice" (စပါးများကိုရွေးချယ် စိုက်ပျိုးခြင်း) (Selective Rice Breeding)
- ၁၆း၅၀ - **လူငယ်ဖက်ရှင် ဒီဇိုင်နာတစ်ယောက်၏ အားထုတ်ကြိုးစား ဘဝပုံရိပ်များ**
- ၁၇း၁၅ - Football Magazine
- ၁၇း၃၅ - News Yearender 2016 (Part-7)
- ၁၇း၅၀ - **သက်ဝင်လှုပ်ရှား မန္တလေးပုံရိပ်များ**
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့ မာယာကလဲ့စား** (အပိုင်း-၁၉)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- - **ဆုတောင်းစကားသံ**
- - **လျှောက်လှမ်းခဲ့တဲ့ ကိုးလတာခရီး**
- - ဂီတတံခါးလေးဖွင့်ပါဦး
- - **ဆုတောင်းစကားသံ**
- - တေးဂီတအစီအစဉ်

**မှတ်ချက်။ ။နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာ သတင်းများ ထုတ်လွှင့်ပေးပါသည်။**



# ဘုန်းတော်ကြီးကျောင်းဆွမ်းစားဆောင်၌ ဖုန်းအားသွင်းရာမှမီးလောင်

**ကလေး ဒီဇင်ဘာ ၃၀**

ကလေးမြို့ အောင်သစ္စာရပ်ကွက် မဟာသန္တာရုံဘုန်းတော်ကြီးကျောင်း၏ အလျား ပေ ၁၀၀၊ အနံ ၄၅ ပေရှိ ဆွမ်းစားဆောင်တွင် အောင်ကျော်၏အားသွင်းထားသောဖုန်း အပူလွန်ကဲခြင်းကြောင့် ဒီဇင်ဘာ ၂၉ ရက် ည ၇ နရီ ၄၅ မိနစ်ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းသို့ မီးလောင်မှုဖြစ်ပွားရာတွင် ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်နှစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မဟာသန္တာရုံဘုန်းတော်ကြီးကျောင်းမှ ရဟန်းတော်များ၊ သာမဏေများနှင့် မြို့ပေါ်နေပြည်သူများ၏ ဝိုင်းဝန်းကြိုးပမ်းမီးငြိမ်းသတ်မှုဖြင့် ည ၇ နာရီ ၅၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**ဂျူနိုင်း**

# မီးကြွင်းမီးကျန်ကြောင့် နေအိမ်ခုနစ်လုံးနှင့် စပါးကျီ သုံးလုံးမီးလောင်

**မုဒုံ ဒီဇင်ဘာ ၃၀**

မုဒုံမြို့၏မြောက်ဘက် ခြောက်မိုင်ခန့်အကွာ နိုင်းပြိုင်ကျေးရွာ ဆယ်ရပ်ကွက် ရုပ်ရှင်ရုံလမ်း မ/၂၆၃ ဒေါ်အင်း(ခ) ဒေါ်တင်စိန်၏နေအိမ်မှ ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၂ နာရီကျော်က မီးကြွင်းမီးကျန်ကြောင့် မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် ဒေါ်အင်း(ခ) ဒေါ်တင်စိန် ပိုင်ဆိုင်သော အိမ်အပါအဝင်နေအိမ်ခုနစ်လုံးနှင့် ဦးဖက်(ခ) ဦးအောင်သိန်း၏ တင်း ၁၀၀၀ ပါ စပါးကျီတစ်လုံး၊ ဦးစိုးမင်း၏ တင်း ၆၀၀ ပါ စပါးကျီတစ်လုံး၊ ဦးအောင်သိုင်း၏ တင်း ၄၅၀ ပါ စပါးကျီတစ်လုံး စုစုပေါင်း စပါးကျီသုံးလုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မုဒုံမြို့နယ်ရဲမှူး ဦးစီးတပ်ဖွဲ့ဝင် ၁၂ ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးစီးသော သန္နေအင်အား ၃၀၊ အရန်မီးသတ် ၃၀၊ မီးသတ်ယာဉ် ၁၂ စီး၊ ရေသယ်ယာဉ်နှစ်စီး၊ အုပ်ချုပ်ရေးယာဉ် တစ်စီးလိုက်ပါပြီး မီးငြိမ်းသတ်ရာ နံနက် ၁ နာရီတွင် မီးညွန့်ကျိုးကာ ၂ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် အိုးမဲ့၊ အိမ်မဲ့အိမ်ထောင်စု ခုနစ်စု၊ လူဦးရေ၃၉ ဦးအား ကျေးရွာဓမ္မာရုံအတွင်း၌ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်နေရာချထား ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မီးလောင်မှုနှင့်ပတ်သက်၍ဒေါ်အင်း(ခ) ဒေါ်တင်စိန်ကို မုဒုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မုဒုံမောင်မောင်**

# ဥက္ကံသစ်တောကြိုးဝိုင်းတွင် တစ်နှစ်သားခန့်ရှိ ဆင်သေအရိုးစုတွေ့

**တိုက်ကြီး ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံသစ်တောကြိုးဝိုင်း အကွက်အမှတ်(၆၈) ကျောက်ပြားမြောင်အတွင်း ဒီဇင်ဘာ ၂၆ ရက်က တစ်နှစ်သားခန့်ရှိ ဆင်သေကောင်အရိုးစု တွေ့ရှိရကြောင်း မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ဦးသက်နိုင်က ပြောသည်။

"ဆင်သေအရိုးစုတွေရှိကြောင်းကို ဒေသခံတွေက ကျွန်တော်တို့သစ်တောကို သတင်းပို့လို့သွားကြည့်တော့ အရိုးစုတွေ့ပါတယ်။ ဒါပေမယ့် ဆင်ရဲ့အရိုးစုလား ၊ အခြားတိရစ္ဆာန်တစ်ကောင်ကောင်ရဲ့ အရိုးစုလားတော့ သေချာမသိခဲ့ရပါဘူး။ ဘာကြောင့်လဲဆိုတော့ အရိုးစုတွေက တစ်စစီကျိုးပဲ့ကျနေတာရယ်။ ခေါင်းပိုင်းကလည်း အပြည့်အစုံမရှိတာရယ်ကြောင့် ကွဲကွဲပြားပြားသိရအောင် သစ်ထုတ်လုပ်ရေးက ပညာရှင်တွေကို စစ်ဆေးပေးဖို့ တင်ပြထားပါတယ်" ဟု၄င်းက ပြောသည်။

ဒီဇင်ဘာ ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သစ်ထုတ်လုပ်ရေးဌာနမှ တာဝန်ရှိသူ ဆင်ဆရာဝန်များက တစ်နှစ်သားခန့်နို့စို့အရွယ် ဆင်ပေါက်ကလေးဖြစ်ကြောင်း၊ မြွေကိုက်၍ သေဆုံးခြင်းဖြစ်ကြောင်း အတည်ပြုပေးလိုက်သည်ဟု မြိုင်ဟေဝန် ဆင်စခန်းမှ ဦးကျော်ဝင်းက ပြောသည်။

တိုက်ကြီးမြို့နယ်တွင် တောဆင်ရိုင်းသေဆုံးမှု ၁၀ ကောင်ရှိပြီး ကွဲ့ဘုတ်ကျေးရွာအုပ်ချုပ်ရေးမှူး ပါဝင်သောဆင်သတ်မှုဆိုးဂိုဏ်းအဖွဲ့အား (သတင်းတွင်ဖော်ပြပြီး) လက်နက်များနှင့်အတူ ဖမ်းဆီးရမိပြီး အရေးယူထားလျက်ရှိသည်။ ယခုအခါ တောဆင်ရိုင်းများသည် စားကျက်ပျောက်ဆုံးပြီး တောင်သူလယ်သမားများ၏ စပါးသီးနှံများကို မကြာခဏဝင်ရောက်စားသောက်လေ့ရှိသည်။

ထို့ကြောင့် လူနှင့်ဆင် အန္တရာယ်မဖြစ်စေရေးနှင့် ဆင်ခိုးဂိုဏ်းများသတ်သည့်အန္တရာယ်မှကာကွယ်ရန်နှင့် ဆင်ကောင်ရေမည်မျှရှိသည်ကို ကာကွယ်နိုင်ရန် ပြင်သစ်နိုင်ငံ (WWF) အဖွဲ့မှ ရေဒီယိုကော်လာ တပ်ဆင်လျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ကျော်ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၃၀ ရက်က တောင်ကြီးမြို့နယ် တောင်ကြီး-မိတ္ထီလာ ကားလမ်း ဟဲဟိုးမြို့အနီး ဘဝသံသရာတံတား မိုင်တိုင်အမှတ်(၉၈)တွင် ဇော်ဌေးမောင်းနှင်ပြီး မစောမူဝင်းနှင့် ရဲလွင်ဦးတို့လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၉၁၉ ပြားကို လည်းကောင်း၊ အလားတူ ဒီဇင်ဘာ ၂၉ ရက်က ကျိုင်းတုံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ကျိုင်းတုံမြို့နယ် ကျိုင်းတုံ-တာချီလိတ်သွားကားလမ်း၊ နောင်ဝိုးဆီပန့်အနီး လယ်ကွက်တွင် တွေ့ရှိသူအားဟူအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၃၄ ပြား သိမ်းဆည်းရမိသဖြင့် ၄င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



**ကိုရဲ**

# ဂုတ်တွင်းကားလမ်းကွေ့၌ ယာဉ်တစ်စီးဘရိတ်ပေါက်ပြီး လမ်းဘေးထိုးကျ

**နောင်ချို ဒီဇင်ဘာ ၃၀**

နောင်ချိုမြို့နယ် မန္တလေး-လားရှိုးလမ်း ဂုတ်တွင်းကားလမ်းပိုင်း မိုင်တိုင်အမှတ် ၈၃/၇ ၌ ဒီဇင်ဘာ ၂၈ ရက်က ဘရိတ်ပေါက်ပြီး ကားလမ်းဘေးတိမ်းစောင်းလဲကျနေကြောင်း သတင်းရရှိသောကြောင့် နောင်ချိုမြို့မ ရဲတပ်ဖွဲ့စခန်းတာဝန်မှူးနှင့်အဖွဲ့ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးကြည့်ရှုခဲ့သည်။

ဖြစ်စဉ်မှာ နောင်ချိုဘက်မှ ကျောက်မဲဘက်သို့ ယာဉ်မောင်း အောင်ဆန်းဦး မောင်းနှင်လာသည့် 8A/ ----ဒိုင်နာခြောက်ဘီးအဖြူရောင်ယာဉ်သည် ကုန်များတင်ဆောင်လာစဉ် ရုတ်တရက် ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးဝဲဘက်သို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။ ယာဉ်ကို မဆင်မခြင် မောင်းနှင်သူ အောင်ဆန်းဦး (၄၀နှစ်) အား နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

ခရီးသွားမယ်ဆို၊ စိတ်ချလုံခြုံဆုံး ဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။




**အမြန်ဆက်သွယ်ပါ**

ကျွန်မ မရီရီလွင် ၁၂/လသယ(နိုင်)၀၂၉၂၀၃(ဘ)(ဦးသိန်းလွင်)၏ အစ်မ မခင်စန်းလွင် ၁၂/လမန(နိုင်)၀၀၆၅၄၅ အရေးကြီးကိစ္စ တိုင်ပင်စရာရှိ၍ အမြန်ဆုံးဆက်သွယ်ပါ။

**မရီရီလွင်**
**ဖုန်း-၀၉-၄၂၀၂၉၂၃၃၀၊ ၀၉-၇၇၄၆၁၂၀၆၅၀**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၂)၊ ဦးပိုင်အမှတ်(၈၅)၊ ၆၁×၆၂လမ်း၊ သာယာဝတီမင်းကြီး×ပျူစောထီးလမ်းရှိ ဒေါ်သန်းသန်းနွဲ့ အမည်ဖြင့်ချထားပေးသောမြေကွက်အား ဦးခိုဗ/နထက(နိုင်)၀၇၆၈၈၅ မှ မြေချထားမိန့်မူရင်းမှာ လက်ဝယ်တွင်အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၉လမ်းထောင့်၊ အနော်ရထာလမ်း၊ စင်ထရယ်တာဝါတွင် ဖွင့်လှစ်ထားသော ကုမ္ပဏီမှတ်ပုံတင်အမှတ် (ယာယီ) ၄၄၉ အက်ဖ်စီ/ ၂၀၁၆-၂၀၁၇(ရက) China Smart Construction Myanmar Co.,Ltd. လုပ်ငန်း ဖျက်သိမ်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းနိုင်**
**ဒါရိုက်တာ**
**ဖုန်း-၀၁-၃၉၅၇၈၂**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဗ-၂၁၊ ဦးပိုင်အမှတ် ၂၃·က၊ ၅၄×၅၅ ကြား၊ ဂန္ဓမာနှင့် ခတ္တာလမ်းကြားရှိ ဦးအောင်မိုးအမည်ဖြင့်ချထားပေးသောမြေကွက်အား ဒေါ်ဟောရှင်စင်း ၁/ဝမန(ဧည့်)၀၀၀၂၃၅မှ မြေစလစ်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုးလမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပေါ်လံကြီး ဆင်စခန်းသို့ နိုင်ငံခြားခရီးသွားများ လာရောက်လည်ပတ်



**ပေါက်ခေါင်း ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်အတွင်း ပဲခူးရိုးမအတွင်းရှိ လူသိနည်းသေးသည့် ပေါ်လံကြီးဆင်စခန်းသို့ နိုင်ငံခြားခရီးသွားဧည့်သည်များ ဒီဇင်ဘာ ၂၈ ရက်က လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆင်စခန်းမှာ ပြည်မြို့မှ မိုင် ၅၀ ခန့်အကွာ ပေါက်ခေါင်း-တောင်ငူ လမ်းမပေါ်ရှိ ပေါ်လံကြီးကျေးရွာအနီးတွင် တည်ရှိပြီး ပဲခူးရိုးမသစ်တောအတွင်း သစ်ထုတ်လုပ်မှုများရပ်ဆိုင်းထားသည့်အတွက် အနားယူထားသည့် ဆင် ၁၂ ကောင်ရှိ၍ သိရှိသူအလွန်နည်းပါးနေသေးပြီး ယခင်က အဆိုပါဆင်စခန်းသို့ နိုင်ငံခြားခရီးသွားများ တစ်ခါတစ်ရံသာ လာရောက် လည်ပတ်လေ့ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဆင်များအား လုပ်ငန်းမှအနားပေးထားရသည့်အတွက် အများပြည်သူနှင့်ပြည်ပဧည့်သည်များအား ဆင်စီးခြင်း၊ သရုပ်ပြသခြင်းများဖြင့် ဝန်ဆောင်မှုပေးကာ ဆင်ဝန်ထမ်းများက တာဝန်ယူဆောင်ရွက်လျက်ရှိနေပြီး လက်ရှိဆင်စခန်း၌ ဝန်ထမ်း ၂၆ ဦးရှိသည်။

လာရောက် လည်ပတ်ကြသည့် ပြည်ပခရီးသွား ဧည့်သည်များအနေဖြင့် ဆင်များနှင့်ဆင်လုပ်သားများ၏ လူနေမှုဘဝ ဆင်တို့၏လှုပ်ရှားမှု၊ ဆင်ရေချိုးခြင်းတို့ကို အလွန်စိတ်ဝင်စားသည့်အတွက် ခရီးစဉ်တွင် ထည့်သွင်းစီစဉ်ရခြင်းဖြစ်ကြောင်း ခရီးလမ်းကြောင်းဦးဆောင် စီစဉ်သူ ဦးစိုးစိုးကပြောသည်။ အဆိုပါ ဆင်စခန်းသို့ နိုင်ငံခြားသားများ သွားရောက်လေ့လာလျှင် ဇုန်ဝင်ကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀နှင့် ဆင်စီးမည်ဆိုလျှင် တစ်ဦးငွေကျပ် ၂၀၀၀၀ ပေးရမည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

# မြို့နယ်အဆင့်အခြေခံပညာကျောင်းပေါင်းစုံ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

၂၀၁၆-၂၀၁၇ ပညာသင်နှစ်ပညာရေးစုံညီပွဲတော် မြို့နယ်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ ပြေးခုန်ပစ် အားကစားပြိုင်ပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနားကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်းရှိ အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ဒီဇင်ဘာ ၂၁ ရက်က ယှဉ်ပြိုင်ကြရာ နေပြည်တော်(တိုင်း) ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်ဝင်း၊ ဇမ္ဗူသီရိမြို့နယ်ပညာရေးမှူး ဦးဝင်းဇော်နှင့်တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲများ ကျင်းပရာတွင် အထက်တန်း၊ အလယ်တန်းနှင့်မူလတန်း အဆင့်အလိုက် အပြေး(၅၀၊၇၅၊၁၀၀၊ ၂၀၀)မီတာ၊ လက်ဆင့်ကမ်းပြိုင်ပွဲ၊ အမြင့်ခုန်၊ အလျားခုန်၊ သံလုံးပစ်၊ သံပြားပစ်ပြိုင်ပွဲများကို သတ်မှတ်အားကစားအမျိုးအစားများအတိုင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီးဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။

**ခင်ဇော်(မင်္ဂလာ)**

# ဒေသခံပြည်သူများအား အခမဲ့ငှက်ဖျား သွေးဖောက်စစ်ဆေးခြင်းနှင့် ဆေးကုသခြင်းဆောင်ရွက်

**မြစ်သား ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရွာခိုင်ကြီးကျေးရွာအုပ်စု လွန်ကျော်ကျေးရွာကျန်းမာရေးဌာနခွဲတွင် မန္တလေးတိုင်းဒေသကြီး ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဒေသခံပြည်သူများအား အခမဲ့ ငှက်ဖျားသွေးဖောက်စစ်ဆေးခြင်းနှင့်ဆေးကုသခြင်းကို ဒီဇင်ဘာ ၂၇ ရက်နံနက်ပိုင်းက ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းကုသပေးရာတွင် ဒေသခံပြည်သူ ၃၀၀ ကျော်အား ငှက်ဖျားသွေးဖောက် စစ်ဆေးခြင်း၊ နာမကျန်းဖြစ်သူ ၃၀၀ ကျော်အား ဆေးကုသပေးခြင်း၊ ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး တိုင်းဒေသကြီး ငှက်ဖျားတိုက်ဖျက်ရေးမှ ဦးစီးအရာရှိ ဒေါ်နွဲ့နွဲ့အေး ဦးစီးသောအဖွဲ့နှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ကိုကို ဦးစီးပြီး ဒေါက်တာ ဇင်ငြိမ်းအိ၊ ဒေါက်တာ သိန်းမြင့်တို့နှင့်အဖွဲ့၊ လမ်းပြကြယ်ပရဟိတအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**



# ခါမ်းပါတ်မြို့တွင် ကျောင်းဆောင်များပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်မှုများဆောင်ရွက်

**ခါမ်းပါတ် ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခါမ်းပါတ်မြို့၌ ကျောင်းဆောင်များပြင်ဆင်ခြင်းနှင့် ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခါမ်းပါတ်မြို့ အမှတ်(၁)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ အလျား ၁၃၆ ပေ၊ အနံ ပေ ၃၀ မူလတန်းကျောင်းဆောင် အဆောက်အအုံတွင် အမိုးနှင့်အကာများ ပြန်လည်ပြုပြင်ခြင်းကို အခြေခံပညာဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး ဒီဇင်ဘာကျောင်းပိတ်ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ခါမ်းပါတ်မြို့ အမှတ်(၄)ရပ်ကွက်ရှိ နန်းစံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)တွင်လည်း အလျား ၆၂ ပေ၊ အနံ ပေ ၃၀ ရှိ သွပ်မိုးအုတ်ညှပ်တစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်ကို ဆောက်လုပ်လျက်ရှိသည်။

ထို့အတူ မင်းသမီးကျေးရွာသစ် အခြေခံပညာကျောင်းတွင် အလျား ၁၀၂ ပေ၊ အနံ ပေ ၃၀ ရှိ အာရ်စီနှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင်ကို လည်းကောင်း၊ ကနန်စံပြကျေးရွာ အခြေခံပညာကျောင်းတွင် အလျား ၈၂ ပေ၊ အနံ ပေ ၃၀ ပေရှိ အာရ်စီတစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင်ကိုလည်းကောင်း ဂျပန်သံရုံး၏ အစီအစဉ်ဖြင့် ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ ကျောင်းဆောင်များ ပြင်ဆင်ခြင်းနှင့် ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ခါမ်းပါတ်မြို့နယ်အတွင်းမှ အခြေခံပညာ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားရေးကို ပိုမိုအဆင်ပြေကောင်းမွန်စေမည်ဖြစ်ကြောင်း သိရသည်။



**(မြို့နယ် ပြန်/ဆက်)**

# သဘာဝဘေးသင့်ပြည်သူများအတွက် အနွေးထည်များလှူဒါန်း

**ဟားခါး ဒီဇင်ဘာ ၃၀**

ချင်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးရသော သဘာဝဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇအလင်းတန်းဖောင်ဒေးရှင်းမှ အနွေးထည်များ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းသို့ပေးအပ်လှူဒါန်းရာ၌ ကမ္ဘောဇအလင်းတန်းဖောင်ဒေးရှင်းမှ ပေးအပ်လှူဒါန်းသည့် အနွေးထည်များကို အနာဂတ်အလင်းတန်းဖောင်ဒေးရှင်း (အထက်မြန်မာပြည်ရုံးခွဲ)မှ အထွေထွေမန်နေဂျာ ဦးခင်မောင်ဌေးက ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က လက်ခံယူခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# တောင်ငူတွင် ဒီဇင်ဘာအားကစားပွဲတော်ကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၃၀**

တောင်ငူမြို့ ၁၈ ရပ်ကွက်မိသားစုဒီဇင်ဘာအားကစားပွဲတော်ကိုဒီဇင်ဘာ ၂၈ ရက်ကတောင်ငူမြို့၁၈ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီး၌ အားကစားမုခ်ဦးဖွင့်ပွဲ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးမိုးမခနှင့် ဦးအေးမင်းဝင်း၊ တောင်သူမြို့နယ် အုပ်ချုပ်ရေးမှူးဦးဝင်းစိုး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှသန်းနှင့် အားကစားကော်မတီဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မိုက်ခရိုမာရသွန် ပြိုင်ပွဲကို ကျင်းပသည်။

အဆိုပါအားကစားပွဲတော်တွင် ကျင်းပသည့်အားကစားပြိုင်ပွဲများမှာ မီတာ ၁၀၀၀ အပြေးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ မိုက်ခရိုမာရသွန် အပြေးပြိုင်ပွဲ၊ အာလူးကောက် အပြေးပြိုင်ပွဲ၊ သုံးချောင်းထောက်အပြေးပြိုင်ပွဲ ၁၃ နှစ်နှင့် ၁၀ နှစ်အောက် W ဂိုးဘောလုံးပြိုင်ပွဲ၊ သံပုံးရိုက်ပြိုင်ပွဲ၊ ကလေးမုန့်စားပြိုင်ပွဲများနှင့် အခြားပျော်စရာဂိမ်းပြိုင်ပွဲများကို ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# မနောသုခမျိုးစေ့ထုတ်မိုးစပါး စံကွက်ရိတ်သိမ်း

**စဥ့်ကူး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ် လက်ပန်လှကျေးရွာအုပ်စု မာလဲ-နတ်တောင်ဆည်ရေသောက်ဧရိယာအတွင်း မင်းကြီးကုန်းကျေးရွာ ကွင်းအမှတ်(၂၄)၊ ဧရိယာ ၂၅ ဧက တောင်သူဒေါ်သူဇာဝင်း၏ မနောသုခမိုးစပါး မျိုးစေ့ထုတ်စိုက်ကွက် ၀ ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၂၇ ရက်က အဆိုပါ စိုက်ခင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်ညွန့်က တောင်သူလယ်သမားများအား မျိုးကောင်းမျိုးသန့်များ၏ အရည်အချင်းလက္ခဏာများ၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ထွက်ရှိလာမည့် မျိုးသန့်များကို ဌာနအစီအစဉ်ဖြင့် ဝယ်ယူပြီး မျိုးလိုအပ်သည့်တောင်သူများထံသို့ ဖြန့်ဖြူးပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြီး ခေတ်မီစပါးရိတ်သိမ်းခြွေလှေ့စက် အသုံးပြုပါက လေလွင့်ဆုံးရှုံးမှုများ နည်းပါးခြင်း၊ အချိန်တိုအတွင်း မိုးလေကင်းစွာ ရိတ်သိမ်းခြွေလှေ့နိုင်ခြင်း၊ လုပ်သားရှားပါးမှုကို ပြေလည်စေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**ဝင်းမောင်(စဥ့်ကူး)**

# YMBA နှစ် ၁၀၀ ပြည့် ဘော်လီဘောပြိုင်ပွဲကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၃၀**

ပြင်ဦးလွင်မြို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) နှစ်တစ်ရာပြည့်ပွဲတော် အထိမ်းအမှတ်အဖြစ် ဘော်လီဘောပြိုင်ပွဲကို ရပ်ကွက်ကြီး(၄) ဗိုလ်ချုပ်လမ်းရှိ အသင်းရုံးအနီး၌ ဒီဇင်ဘာ ၂၇ ရက်က စတင်ကျင်းပပြီး ပြိုင်ပွဲကို သုံးရက်ကြာရက်အထိ ကျင်းပမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲတွင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဘော်လီဘောဝါသနာရှင်များ စုစည်းထားသော ရပ်ကွက်/ကျေးရွာ ကိုယ်စားပြုအသင်းများ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဇော်မျိုးထိုက်(ပြင်ဦးလွင်)**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကျင်းပ

**စဥ့်ကိုင် ဒီဇင်ဘာ ၃၀**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကို စဥ့်ကိုင်မြို့နယ် ဘယ်လင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ဒီဇင်ဘာ ၂၆ ရက်က စတင်ကျင်းပပြီး ပြိုင်ပွဲဖွင့်ပွဲတွင် ဘယ်လင်းကျေးရွာ အားကစားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းဗိုလ်က ပြိုင်ပွဲကျင်းပခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်အားကစားမှူး ဒေါ်စန်းစန်းအေးက ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲတွင် အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးအောင်(စဥ့်ကိုင်)**

# နိုင်ငံတစ်ဝန်းရေရှားပါးသည့်ဒေသများကို ငွေကျပ်သိန်းပေါင်း ၂၀၀၀ ကျော်အကုန်အကျခံ၍ ရေတွင်း၊ ရေကန်များ တူးဖော်ပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**
နိုင်ငံတစ်ဝန်း ရေရှားပါးသည့် ကျေးလက်ဒေသများအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)က ငွေကျပ်သိန်းပေါင်း ၂၀၀၀ အကုန်အကျခံကာ နွေဦးမရောက်မီ ရေတွင်း၊ ရေကန်များကို တူးဖော်ပေးသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၇ ရက်က ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာတွင် ပြုလုပ်သည့် သန့်ရှင်းပြည့်ဖြိုး ရေအကျိုး အစီအစဉ်မှ သိရသည်။

"ဒီလုပ်ငန်းကို တိုင်းဒေသကြီးနဲ့ ပြည်နယ်ခုနစ်ခုဖြစ်တဲ့ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ဧရာဝတီ၊ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်တို့မှာ လုပ်ဆောင်သွားမှာပါ။ လောလောဆယ်တော့ လတ်တလော လိုအပ်နေတဲ့ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျောက်ဆောက် ကုန်းကျေးရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နတ်ချောင်းကျေးရွာနဲ့ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ရွာဟောင်းကန်ကျေးရွာတွေမှာ ကနဦးလုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ကျေးလက် ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနရယ်၊ NGO တွေရယ် ပူးပေါင်းပြီး လိုအပ်တဲ့နေရာတွေမှာ ဆက်လက်တူးဖော်သွားမှာပါ"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) မှ ဦးမိုးသူရက ပြောသည်။

အဆိုပါ အစီအစဉ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အနေဖြင့် မြန်မာနိုင်ငံမှ ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့ (Network Activities Group - NAG) နှင့် ဂျပန်နိုင်ငံမှ Bridge Asia Japan (BAJ) တို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ လုပ်ငန်းအကောင်အထည်ဖော်မှုကို လာမည့် ဇန်နဝါရီလဆန်းပိုင်းမှ စတင်ကာ မိုးဦးမကျမီကာလအတွင်း သောက်သုံးရေရှားပါးသည့် မြန်မာနိုင်ငံအထက်ပိုင်း မန္တလေး၊ စစ်ကိုင်းနှင့် မကွေး သုံးနေရာတွင် စတင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့၏ အမှုဆောင်အရာရှိချုပ် ဦးဘော်ဘီက "ရေဆိုတာ နေ့စဉ်ဘဝမှာ လူသားတွေအတွက် မရှိမဖြစ်အရေးကြီးတဲ့အရာပါ။ နယ်ဒေသတွေမှာ ရေရှားပါးတဲ့အချိန်မျိုးဆိုရင် ဘယ်လောက်ခက်ခဲပြီး ပူပင်သောကရောက်ရတယ်ဆိုတာကို တကယ်ကြုံတွေ့နေရတဲ့ ပြည်သူတွေ သိပါတယ်။ အခုလို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနဲ့ ပူးပေါင်းပြီး ရေလိုအပ်တဲ့ ဒေသတွေမှာ ပါဝင်ကူညီပေးခွင့်ရတာ ဝမ်းသာမိပါတယ်။ ဒီအစီအစဉ်ဟာ နိုင်ငံအတွက်၊ ပြည်သူအတွက် တကယ့်ကို အနှစ်သာရနဲ့ပြည့်စုံပြီး အဓိပ္ပာယ်ရှိတဲ့ လုပ်ငန်းတစ်ခုပါ"ဟု ပြောသည်။

ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့ (Network Activities Group - NAG) သည် အာဆီယံဒေသတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆုကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ပထမဆုံးအကြိမ်အဖြစ် ရရှိခဲ့သည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**



# မိုင်းယန်းမြို့တွင် ရိုးရာကျွဲခတ်ပွဲကျင်းပ

**မိုင်းယန်း ဒီဇင်ဘာ ၃၀**
ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းယန်းမြို့တွင် ရိုးရာကျွဲခတ်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။

ဦးစွာပထမ ကျွဲများသွေးဆူ၍ တစ်ကောင်နှင့်တစ်ကောင် တိုက်ခိုက်ချင်လာအောင် အရက်အနည်းငယ် တိုက်၍ ပြိုင်ပွဲစတင်သည့်အခါ ယှဉ်ပြိုင်ကြမည့် ကျွဲနှစ်ကောင်ကို ခေါင်းချင်းဆိုင်ပေးလိုက်ပြီး ကျွဲပိုင်ရှင်နှစ်ဦးနှင့် ရွာသားအဖွဲ့များက မိမိတို့ကျွဲနောက်မှ အော်ဟစ်အားပေးကြသည်။



ကျွဲကြီးနှစ်ကောင်တို့သည် ဦးချိုဖြင့် ခတ်ကြ၊ ဝှေ့ကြ၊ တွန်းကြရာ ထွက်ပြေးသောကျွဲကို အရှုံးသတ်မှတ်ပြီး အနိုင်ရရှိသောကျွဲပိုင်ရှင်က မိမိတို့ကျွဲများကို ဆွဲခေါ်၍ ပရိသတ်ရှေ့တွင် နေရာယူကြရာ သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ၎င်းတို့အား အားပေးစကားပြောကြား၍ ဂုဏ်ပြုဆုငွေ ချီးမြှင့်ပေးသည်။

အဆိုပါ ကျွဲခတ်ပွဲကို နှစ်စဉ် ဒီဇင်ဘာလတွင် တစ်နှစ်လျှင် သုံးကြိမ်ကျင်းပကြောင်း ပထမပွဲကို မိုင်းလွေကျေးရွာ၌ လည်းကောင်း၊ ဒုတိယပွဲကို မိုင်းယန်းမြို့၌လည်းကောင်း တတိယပွဲကို မိုင်းဖျဲန်ကျေးရွာ၌လည်းကောင်း နေရာခွဲခြားသတ်မှတ်၍ ကျင်းပကြောင်းနှင့် ဇန်နဝါရီ ၂ ရက်တွင် မိုင်းယန်းမြို့၌ ဒုတိယအကြိမ်ထပ်မံ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာ့ရိုးရာလက်ဝှေ့ကျော် တူးတူးနှင့် ထိုင်းလက်ဝှေ့ကျော် Chana Jon တို့ စိန်ခေါ်ထိုးသတ်မည်

**မန္တလေး ဒီဇင်ဘာ ၃၀**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အားကစားအဖွဲ့ချုပ်ကကြီးမှူးပြီး ဆရာဒသဃစီစဉ်၍ မန္တလေးအောင်သမာဓိစိန်ရွှေရတနာဆိုင်၏ အဓိကကူညီပံ့ပိုးမှုဖြင့် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများ၊ ပြည်တွင်းမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဒိုင်းမွန်းပလာဇာ (5th Floor)၌ ဇန်နဝါရီ ၆ ရက် ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ထိုးသတ်မည့် တွဲဆိုင်းများမှာ တူးတူး(မြန်မာ)နှင့် Chana Jon (ထိုင်း)၊ သွေးသစ်ဝင်းလှိုင်(မြန်မာ)နှင့် Phra Lung Choi (ထိုင်း)၊ ထွန်းလွင်မိုး(မြန်မာ) နှင့် Hmung Lan Lex (ထိုင်း)၊ ဗထူးမောင်(မြန်မာ) နှင့် Phai See Cunt (ထိုင်း)၊ ဗျူဂ္ဃ(မြန်မာ)နှင့် Fa Him (ထိုင်း)၊ စိုးမောင်ဦး(ရတနာပုံ) နှင့် စောသဲဦး (STL)၊ အံပွား (United) နှင့် မိုက်မိုက် (STL)၊ မင်းထက်သာ(တောင်ဇလပ်) နှင့် ပြုံးပြုံးလေး(ဟံသာဝတီသား) တို့ တွဲဆိုင်းများ ပါဝင်မည်ဖြစ်သည်။

မန္တလေးမြို့ ဒိုင်းမွန်းပလာဇာ၌ ပထမဆုံးကျင်းပမည့်ပွဲဖြစ်ပြီး ရုံဝင်ကြေးမှာ ငွေကျပ်တစ်သောင်း၊ ငွေကျပ်နှစ်သောင်း၊ ငွေကျပ်သုံးသောင်းဟု သိရသည်။ ယခုပွဲသည် တူးတူးအတွက် အရေးပါသောပွဲဖြစ်သည်ဟုလည်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**




# ရေတာရှည်မြို့နယ် အထက်သိုင်းနယ်ဒေသများတွင် တောင်ယာမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ရေတာရှည် ဒီဇင်ဘာ ၃၀**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ပဲခူးရိုးမ အထက်သိုင်းနယ်ဒေသများတွင် တောင်ယာမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။ တောင်ပေါ်ဒေသကျေးရွာများဖြစ်သည်နှင့်အညီ စပါးစိုက်ပျိုးနိုင်သည့် မြေဧကနည်းပါးလွန်းသည့် အတွက် ဆီထွက်သီးနှံဖြစ်သော မြေပဲကိုသာအဓိက စိုက်ပျိုးကြရပြီး ယခုနှစ် စပါးဈေးနှုန်း ကျဆင်းသော်လည်း မြေပဲဆံဈေးနှုန်းကောင်းမွန်၍ ပဲစိုက်တောင်သူများ ဝင်ငွေကောင်းမွန်ခဲ့ကြောင်း သာဂရ-ကိုးပင်ရိုးမ ဖြတ်ကျော်ကားလမ်း (၃၂) မိုင်ရှိအုတ်ဖို ကျေးရွာနေ ဒေသခံတစ်ဦးက ပြောကြားသည်။ တောင်ပေါ်ကျေးရွာများဖြစ်ကြသော လှည်းပွဲလေး၊ လေ့ကားထောင်၊ ရေငန်း၊ အုတ်ဖို၊ သစ်ပုတ်ပင်၊ ဘုရားကုန်း၊ မြောင်သာ၊ လုံးရမ်း၊ ဘုရားကုန်း၊ စည်ကိုင်းကျိုး၊ ဇရဲပေါက် အစရှိသော ကျေးရွာများသည် လုံးရမ်းချောင်း ဝဲ/ယာများတွင် လည်းကောင်း တောင်ယာအတွင်း စိုက်ပျိုးထားကြသည်ကို တွေ့ရသည်။ "စိုက်ပျိုးချိန်ရောက်ရင် တချို့တောင်သူတွေက ပဲမျိုးကို အကြွေးလာယူတယ် အဆံတစ်တင်းယူရင် ပဲပေါ်ချိန် တစ်တင်းခွဲပြန်ပေးတဲ့စနစ်ပေါ့။ စိုက်တဲ့သူတွေဘက်ကလည်း စိုက်နိုင်ပါတယ်။ တစ်ဧကကို ပဲဆံသုံးတင်းစိုက်ရင် တင်း ၃၀ လောက်ပြန်ရတယ်"ဟု အုတ်ဖိုကျေးရွာနေသူတစ်ဦးက ပြောသည်။

ပဲစိုက်သူများအတွက် သစ်တောကြိုးဝိုင်းဒေသဖြစ်၍ တောဝက်များ ဖျက်ဆီးမှုကို နှစ်စဉ်ကြုံရလေ့ရှိကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**

## ကြက်၊ ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

**နေပြည်တော် ဒီဇင်ဘာ ၃၀**
ယခုအချိန်ကာလသည် ဆောင်းခိုငှက်များ ပြောင်းရွှေ့သွားလာတတ်သည့် ဆောင်းရာသီသို့ ကူးပြောင်းချိန်ဖြစ်ပြီး ကြက်၊ ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားလေ့ရှိသည့် ကာလဖြစ်ပါသည်။ ကြက်၊ ငုံးခြံများကို ဇီဝလုံခြုံမှုမြှင့်တင်ရန်လိုအပ်ပါသည်။ ကြက်၊ ငှက်များတွင် ကြက်၊ ငှက်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဆောင်းခိုငှက်များနှင့် အိမ်မွေးကြက်၊ ငှက်၊ ဘဲနှင့်ငုံးများ ဆက်စပ်ထိတွေ့မှုမရှိစေရေး ဂရုပြုဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲနှင့်ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကိုအထူးဂရုပြုဆောင်ရွက်ရန်၊
(ဂ) ကြက်၊ ငုံး မွေးမြူရေးခြံများနှင့် ကြက်၊ ဘဲအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဃ) မွေးမြူရေးခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(င) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(စ) အသား၊ ဥတို့ကို သေချာစွာချက်ပြုတ်ပြီးမှစားသုံးရန်၊
(ဆ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဇ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ဇေယျာတိုင်းအလှ ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**
ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးစီး၍ ဇေယျာတိုင်းအလှ ဓာတ်ပုံပြိုင်ပွဲကို ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်များအနေဖြင့် ဇန်နဝါရီ ၃၁ ရက်နောက်ဆုံးထား၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ မော်ကွန်းတိုက်(မုံရွာမြို့)သို့ (10"×14")၊ (10"×15") အရွယ်အစားရှိ ဓာတ်ပုံငါးပုံကို ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သမိုင်းအမွေအနှစ်များ၊ သဘာဝအလှအပနေရာများ၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့များကို မျှဝေခံစားနိုင်ရန်နှင့် တိုင်းဒေသကြီးအတွက် မှတ်တမ်းဓာတ်ပုံများ စာအုပ်ထုတ်ဝေသွားရန် ရည်ရွယ်၍ ပထမအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း အထက်မြန်မာပြည် ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးစစ်သွေးကျော်က ပြောသည်။

ပြိုင်ပွဲတွင် ငွေကျပ် ၂၈၅ သိန်းရှိ ဆုပေါင်း ၅၀ ကို ပေးအပ်သွားမည်ဖြစ်ရာ ပထမဆု ငွေကျပ်သိန်း ၂၀ သုံးဆု၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်း သုံးဆု၊ တတိယဆု ငွေကျပ် ၁၀ သိန်း သုံးဆုနှင့် နှစ်သိမ့်ဆု ငွေကျပ်ငါးသိန်းနှုန်းဖြင့် ဆု ၃၀ တို့ကို ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဖုန်း- ၀၉-၂၀၃၁၃၃၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(ဖိုးသန့်-MNA)**

# အလောင်းတော်ကဿပ ရင်ပြင်တော်နှင့်အနီးဆုံးနေရာအထိ လမ်းပေါက်နေပြီဖြစ်၍ ဘုရားဖူးများစတင်တက်ရောက်

**မုံရွာ ဒီဇင်ဘာ ၃၀**

အလောင်းတော်ကဿပ ဘုရားဖူးရာသီလမ်းသည် ဘုရားဝန်းကျင်နှင့်အနီးဆုံးနေရာအထိ လမ်းဖောက်လုပ်မှုပြီးစီးနေပြီဖြစ်သည့်အတွက် မုံရွာမြို့အခြေစိုက်သည့် အလောင်းတော်ကဿပသွားလိုင်းကားအသင်းများက ဒီဇင်ဘာ ၂၈ ရက်မှစ၍ခရီးစဉ်များ စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း အလောင်းတော်ကဿပ ပြေးကားသင်းပိုင် ဦးညိုဝင်းထံမှ သိရသည်။

"အလောင်းတော်ကဿပကို မုံရွာမှာစတင်ပြေးဆွဲနေပါပြီ။ ဘုရားဖူးခရီးသွားတစ်ဦးကို အလောင်းတော်ကဿပအသွားအပြန် ငွေကျပ် ၁၀၀၀၀ နဲ့ပြေးဆွဲပေးနေတာပါ။ ပြီးခဲ့တဲ့နှစ်က မုံရွာ- အလောင်းတော်ကဿပ ပြေးဆွဲတဲ့ ယာဉ်လိုင်းငါးလိုင်းရှိရာကနေ ဒီနှစ် လိုင်းပြေးဆွဲကြမှာဖြစ်ပါတယ်။ အလောင်းတော်ကဿပ ဘုရားရင်ပြင်သန့်ရှင်းရေးလုပ်မယ့် အဖွဲ့တွေကတော့ အစောပိုင်းကတည်းက တက်သွားပြီး ခရီးသည်တွေအဆင်ပြေဖို့ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဒီဇင်ဘာ၂၂ ရက်ကတည်းက သွားလို့ရပေမယ့် လမ်းထိုးလမ်းရှင်းတာ နောက်ကျတဲ့အတွက် တစ်ပတ်နောက်ကျပြီးမှသွားလို့ရတဲ့ အနေအထားဖြစ်ပါတယ်" ဟု ၎င်းက ပြောပြသည်။

အလောင်းတော်ကဿပသို့ ကျန်ဘုရားဖူးခရီးစဉ်များနှင့်အတူ လာရောက်ကြသော ဘုရားဖူးမှန်လုံကားကြီးများသည် မုံရွာမြို့သို့ ပြီးခဲ့သည့် ဒီဇင်ဘာ ၂၅ ရက်ကတည်းက လာရောက်ခြင်းများရှိသော်လည်း လမ်းမှာသွား၍မရသေးခြင်းကြောင့် မုံရွာဝန်းကျင်ရှိ အခြားဘုရားဖူးနေရာများသို့သာ လှည့်လာသွားရောက်ခဲ့ကြရပြီး ဒီဇင်ဘာ ၂၇ ရက်ညနေပိုင်းက ရောက်လာသောမှန်လုံယာဉ်ကြီးများအနေဖြင့် အလောင်းတော်ကဿပသို့ သွားရောက်ခွင့်ရရှိပြီဖြစ်သဖြင့် မုံရွာမြို့၌ ကားကြီးများရပ်နားကာ မုံရွာ- အလောင်းတော်ကဿပ ပြေးယာဉ်လိုင်းများဖြင့် ချိတ်ဆက်သွားလာနေကြပြီဖြစ်ကြောင်း သိရသည်။

အလောင်းတော်ကဿပသို့ သွားရောက်ကြရာတွင် အနယ်နယ်အရပ်ရပ်မှ မုံရွာသို့လာကာ မုံရွာမှ တစ်ဆင့်သွားသည်များရှိသလို ကပိုင်ကျေးရွာသို့အရောက်သွားကာ ထိုမှ တစ်ဆင့်ပြေးဆွဲသောကားဖြင့် သွားရောက်သည်များ လည်းရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



# တောင်သူအကျိုးပြု ခရုစုပ်ငှက်များကို ဖမ်းယူစားသောက်ခြင်းမပြုရန် ပြည်သူများအား အသိပညာပေး

**ဘားအံ ဒီဇင်ဘာ ၃၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် တောင်သူကုန်းကျေးရွာ အုပ်စုအတွင်း၌ တောင်သူအကျိုးပြု ခရုစုပ်ငှက်များ သားပေါက်နေချိန်တွင် ဖမ်းယူစားသောက်ခြင်းမပြုရန် ဘားအံမြို့နယ် သစ်တောဦးစီးဌာနနှင့် ဇာသပြင်နယ်မြေရဲစခန်းတို့ပူးပေါင်း၍ ဒေသတွင်းကျေးရွာများမှ ပြည်သူများအား အသိပညာပေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

တောင်သူကုန်း ကျေးရွာအုပ်စုအတွင်း ခြံကလေးကျေးရွာနှင့် ကော့ရေးကျေးရွာအကြားမှ ဒီရေစိမ့်တောများရှိ လက်ကလိုက်ပင်များပေါ်တွင် တစ်နှစ်သားခန့်အရွယ် ခရုစုပ်ငှက်များနှင့် သားပေါက်များ ကောင်ရေအများအပြားကို ဒီဇင်ဘာ ၁၆ ရက်ကတွေ့ရှိခဲ့ပြီးနောက် ဒေသခံပြည်သူများအား အသိပညာပေးမှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

ခရုစုပ်ငှက်များမှာ အကောင်အရေအတွက်များပြားသဖြင့် အရေအတွက်အတိအကျကို ခန့်မှန်း၍မရသေးကြောင်း၊ ငှက်သားပေါက်များမှာ အတောင်များပေါက်နေပြီဖြစ်သော်လည်း ပျံသန်းနိုင်ခြင်းမရှိသေးကြောင်း၊ အဆိုပါငှက်များမှာ စပါးပင်များကို ဖျက်ဆီးတတ်သည့် ခရုများကို စားသောက်တတ်သည့် ငှက်များဖြစ်ပြီး တောင်သူများကို အကျိုးပြုသော ငှက်များဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် ဖမ်းယူသတ်ဖြတ် စားသောက်ခြင်းမပြုရန် ဇာသပြင်နယ်မြေရဲစခန်းမှူး ရဲအုပ်အောင်သန်း ဦးစီးသည့်ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက ပတ်ဝန်းကျင်ကျေးရွာများသို့ ဒီဇင်ဘာ ၁၆ ရက်မှစ၍ လိုက်လံအသိပေး အကြောင်းကြားထားကြောင်း သိရသည်။

ထို့အတူ ကျေးရွာအုပ်ချုပ်ရေးမှူးများကလည်း သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခဲ့ရာ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဇော်မင်းဦး ဦးဆောင်သည့်အဖွဲ့များနှင့် ဇာသပြင်နယ်မြေရဲစခန်းမှ ဒုရဲအုပ်မျိုးမင်းဆွေ ဦးဆောင်သည့်ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ ယင်းငှက်များကို ဖမ်းယူသတ်ဖြတ် စားသောက်ခြင်းမပြုရန်ပြည်သူများအား ပညာပေးဟောပြောပွဲကို ကော့ရေးကျေးရွာ၌ ဒီဇင်ဘာ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ထို့ပြင် ခရုစုပ်ငှက်များကို ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုရန်နှင့် တွေ့ရှိပါက တောရိုင်းတိရစ္ဆာန်များ ကာကွယ်ရေးနှင့် ထိန်းသိမ်းရေးဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေးဆိုင်းဘုတ်များကိုလည်း ကော့ရေးကျေးရွာထိပ် ဘားအံ-ဇာသပြင် ကားလမ်းဘေး၌ ဒီဇင်ဘာ ၂၇ ရက်မှစ၍ စိုက်ထူကာ ဒေသခံပြည်သူများအား အသိပေးထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



## ကျေးလက်ရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**စလင်း ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကြို့ဝန်းကြီးကျေးရွာနှင့် တောစိမ့်တပ်နယ်(အထက)တို့ရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် လေးလက်မအချင်းရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေမှ ရေတွင်းတစ်တွင်းလျှင်ငွေကျပ် ၁၈ ဒသမ ၅ သန်းဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးနိုင်ရေးအတွက် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသက်နိုင်နှင့်အဖွဲ့က ဒီဇင်ဘာလစတုတ္ထပတ်က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မကွေးတက္ကသိုလ်၌ လွတ်လပ်ရေးနေ့အကြို ဟောပြော

**မကွေး ဒီဇင်ဘာ ၃၀**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟောပြောပွဲတစ်ရပ်ကို မကွေးတက္ကသိုလ် ဘက်စုံခန်းမ၌ ဒီဇင်ဘာ ၂၇ ရက်က ကျင်းပခဲ့ပြီး ဟောပြောပွဲတွင် တက္ကသိုလ်များမြန်မာ့သမိုင်းသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆရာကြီးဒေါက်တာတိုးလှက "တို့ဘိုးဘွားအမွေ "ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ဟောပြောပွဲသို့ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာဝင်းစိုး၊ ပါမောက္ခ(ဌာနမှူး) ဆရာ ဆရာမများနှင့် ဘာသာရပ်အလိုက် ကျောင်းသားကျောင်းသူများ စုစုပေါင်း ၆၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

# သုံးမြွှာပူးမွေးသော မိခင်တစ်ဦးအား ငွေကျပ်ငါးသိန်းထောက်ပံ့ပေးအပ်

**လယ်ဝေး ဒီဇင်ဘာ ၃၀**

ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံကြီး၌ ဒီဇင်ဘာ ၂၃ ရက်က သုံးမြွှာပူးမွေးခဲ့သော လယ်ဝေးမြို့နယ် မကြီးကုန်းအုပ်စု ခရမ်းကိုင်းကျေးရွာနေ မိခင်ဒေါ်ရီမေဌေးအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ငွေကျပ်ငါးသိန်း ထောက်ပံ့ပေးအပ်ခြင်းကို အဆိုပါ ပြည်သူ့ဆေးရုံကြီး၌ ဒီဇင်ဘာ ၂၈ ရက်ကကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်တာက သွားရောက်ထောက်ပံ့ပေးခဲ့သည်။

"သုံးမြွှာပူးက ယောက်ျားလေးတွေချည်းပဲဖြစ်တယ်။ မိခင်ရောကလေးပါ ကျန်းမာရေးကောင်းပါတယ်။ အခုလို လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ ငွေကျပ်ငါးသိန်းထောက်ပံ့ပေးတော့ အတိုင်းမသိဝမ်းသာပါတယ်" ဟု ဒေါ်ရီမေဌေးက ပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် သုံးမြွှာပူးနှင့်အထက်မွေးသည့် မိခင်နှင့်ကလေးများကို ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိကြောင်း နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပြောကြားသည်။

**သန့်မောင်**

<table>
<tr>
<td>

## ကျွန်းစုမြို့နယ်၌ လွတ်လပ်ရေးနေ့အကြို ဖူဆယ်ဘောလုံးပြိုင်

</td>
<td>

**ကျွန်းစု ဒီဇင်ဘာ ၃၀**

ကျွန်းစုမြို့နယ်၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်မည့် (၆၉)နှစ် မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိရာ အမျိုးသားအလွတ်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းမှစတင်ကာ ကျွန်းစုမြို့မြို့မအားကစားကွင်း၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ရပ်ကွက်၊ ကျေးရွာများနှင့် ဌာနပေါင်းစုံမှ အသင်း ၁၇ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားများ ကျင်းပသွားမည်ဖြစ်သည်။

အလားတူ အခြားအားကစား ပြိုင်ပွဲများကိုလည်း လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အမျိုးသားအလွတ်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲ၌ ဆုရအသင်းများကို MOTUL အဆင့်မြင့် အင်ဂျင်ဝိုင်ကုမ္ပဏီမှ ဆုများချီးမြှင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

</td>
</tr>
</table>

## သတိပေးနှိုးဆော်ချက်

၁။ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၃ နာရီခွဲအချိန်မှစ၍ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလ ပန်းခြံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အခမ်းအနားကျင်းပစဉ် နံနက် ၃ နာရီခွဲ အချိန်မှစ၍ အခမ်းအနားပြီးဆုံးချိန်အထိ အောက်ဖော်ပြပါအတိုင်း ခေတ္တ လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း။

(ခ) ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း။

(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိ လည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလလမ်းမှ လာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းမှလည်းကောင်း၊ ကုန်သည်လမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်းအတိုင်း မောင်းနှင်ကြပါရန်။

(ဃ) အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များ၏ မော်တော်ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းကြားရှိ ကုန်သည်လမ်းပေါ်တွင်လည်းကောင်း၊ ဘဏ်လမ်းပေါ်တွင်လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင်လည်းကောင်း ရပ်နားနိုင်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# မူးယစ်ဆေးမှုဖြင့် အကျဉ်းကျခံနေရသူများပြားသဖြင့် ထောင်နှင့် အချုပ်များ၌ လူဦးရေမမျှမတဖြစ်နေ

**ဘားအံ ဒီဇင်ဘာ ၃၀**

ကရင်ပြည်နယ်အတွင်း မူးယစ်ဆေးသုံးစွဲသူများ မြင့်တက်လျက်ရှိကာ ထောင်နှင့် အချုပ်ခန်းများတွင် မူးယစ်ဆေးမှုဖြင့်အကျဉ်းကျခံနေရသူ များပြားနေပြီး ထောင်နှင့် အချုပ်များ၌ လူဦးရေမမျှမတဖြစ်နေကြောင်း ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ပြောကြားချက်အရ သိရသည်။

ကရင်ပြည်နယ်အတွင်းမှ မူးယစ်ဆေးစွဲနေသူများအနေဖြင့် မိမိတို့သဘောဆန္ဒအရ ဆေးဖြတ်ရေးတွင် ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ကရင်ပြည်နယ်ကုသရေးဦးစီးဌာန (ဘားအံပြည်သူ့ဆေးရုံ)၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)တို့ ပူးပေါင်း၍ ဘားအံပြည်သူ့ဆေးရုံကြီး သုံးထပ်ဆောင်၌ ဒီဇင်ဘာ ၂၇ ရက်က ဖွင့်လှစ်ခဲ့သော မူးယစ်ဆေးစွဲရောဂါကုသမှု ရက်တိုသင်တန်းဖွင့်ပွဲတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူးက အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"ဆေးစွဲတဲ့သူတစ်ယောက်၊ မကောင်းမှန်းသိလို့ ဆေးဖြတ်ချင်တဲ့သူတစ်ယောက်ကို ကျွန်တော်တို့က ဆေးရုံမပို့နိုင်ဘူးဆိုရင် ကျွန်တော်တို့မှာ တာဝန်ရှိတယ်။ အစိုးရမှာလည်း တာဝန်ရှိတယ်။ ဒီလူတွေအတွက်ရည်မှန်းပြီး ဒီနေ့သင်တန်းကို လုပ်တာပါ။ တစ်ဖက်ကလည်း ဥပဒေကိုပြင်ဆင်ပေးဖို့အပိုင်းမှာ အားနည်း နေတယ်။ ဆိုလိုတာက မူးယစ်ဆေးဝါးကို သုံးစွဲတဲ့သူရော၊ ရောင်းချတဲ့သူရော ဖမ်းဆီး၊ အကုန်ထောင်ထဲပို့ဖို့ လုပ်ရတယ်။ အခု ဘားအံထောင်ဟာ ၆၀၀ ဆံ့ပေမယ့် အကျဉ်းသား ၁၅၀၀ သွင်းထားရတယ်။ မြဝတီအချုပ်ခန်းမှာဆိုရင်လည်း အချုပ်ခန်းမှာ ၆၀ ဆံ့တာကို ၄၅၀ ထည့်ထားရတယ်။ အဲလိုဖြစ်နေတယ်။ ကရင်ပြည်နယ်ဝန်ကြီးချုပ်ကလည်း ဆေးစွဲသူတွေ ဆေးဖြတ်ကုသနိုင်ဖို့ မြေနေရာချထားပေးတာရှိတယ်။ ဒီမိုကရေစီခေတ်မှာ အချုပ်ခန်းတွေ လူလျော့သွားရမယ်ဆိုတဲ့ဟာ တိုးလာနေတာက ကျွန်တော်တို့ အားနည်းချက်ပါပဲ။ စိတ်မကောင်းပါဘူး။ ဒါကြောင့် ဥပဒေပြင်ဆင်ရမယ်။ သုံးစွဲတဲ့လူတွေဆိုရင် ကမ့်တွေမှာပို့ပြီး ဆေးဖြတ်ခိုင်းရမယ်။ ပြီးရင်ပြန်သွား။ ရောင်းချတဲ့လူတွေဆိုရင် ထောင်ထဲကိုသွား"ဟု ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြည်လင်းကပြောသည်

လက်ရှိ ကရင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးမှုများနှင့်ပတ်သက်၍ သုံးစွဲသူများကို ဖမ်းဆီးခဲ့ရာတွင် တက္ကသိုလ်ကျောင်းသားများ၊ လူငယ်များနှင့် ဝန်ထမ်းများကိုပါ ဖမ်းဆီးရမိခဲ့ကြောင်း၊ သုံးစွဲသူများကိုလည်း ဥပဒေအရ ဖမ်းဆီး၊ထောင်ချခြင်းများကြောင့် လူငယ်များ၏ အနာဂတ်ကို ရိုက်ချိုးရာရောက်သဖြင့် သားသမီးချင်းစာနာ၍ ၄င်းအနေဖြင့် စိတ်မကောင်းဖြစ်မိကြောင်းလည်း ပြည်နယ်ရဲတပ်ဖွဲ့မှူးက ပြောသည်။

ဆေးဖြတ်စင်တာ ဖွင့်လှစ်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ ကရင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး မူးယစ်ဆေးဝါးသုံးစွဲသူများ လာရောက်ဆေးဖြတ်သည့်အခါ လိုအပ်သည့်ဆေးဝါးများကိုလည်း ပြည်နယ်အစိုးရ၏ အရန် ရန်ပုံငွေနှင့် MANA မှ ရန်ပုံငွေများဖြင့် လိုအပ်သော ဆေးဝါးကုသမှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကာ ပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြထားရာတွင်လည်း ဝန်ကြီးချုပ်က ခွင့်ပြုခဲ့ကြောင်း သိရသည်။

သင်တန်းနှင့်ပတ်သက်၍ ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်မြင့်က "မူးယစ်ဆေးစွဲတဲ့ပြဿနာက တော်တော်ကြီးတဲ့ပြဿနာမို့ တစ်နိုင်ငံလုံးအတိုင်းအတာအထိ ရှိနေတယ်။ အသိပညာပေးရုံနဲ့ မလုံလောက်တော့ဘူး။ အခုဆိုရင် ပြည်နယ်ရဲ့ မြို့နယ်ခုနစ်မြို့နယ်က တာဝန်ခံဆရာဝန်တွေကို သင်တန်းပေးဖို့ ခေါ်ယူထားတယ်။ သူတို့ကို ရက်တိုသင်တန်းပေးမှာဖြစ်တယ်။ ကုသမှုအပိုင်းမှာ အခက်အခဲတွေရှိပေမယ့် အဲဒါကို ကျွန်တော်တို့က ပူးပေါင်းဖြေရှင်းသွားရမှာပဲ။ အခိုက လိုအပ်တဲ့ဆေးတွေကိုလည်း စီစဉ်ပေးမယ်။ ဘယ်လိုလုပ်ရမယ်ဆိုတဲ့ Guide Line လည်း ပေးမယ်။ ပြီးတော့ Procedure တစ်ခါတည်း လွှဲပေးလိုက်မှာပါ"ဟု ပြောသည်။

စိတ်ကျန်းမာရေးတာဝန်ခံဆရာဝန် ဒေါက်တာစိုင်းကျော်ခမ်းမောင်ကလည်း "ကျွန်တော်တို့ စိတ်ကျန်းမာရေးဌာနကို ပုံမှန်အားဖြင့် လူနာ ၃၀ ကျော်လောက် လာရောက်ကုသကြပါတယ်။ ကာယကံရှင်ဆေးစွဲသူတွေရဲ့ဆန္ဒနဲ့ လာကြတာတော့ မဟုတ်ဘူး။ အခြေအနေဆိုးလာတဲ့အချိန် နောက်ဆုံးအဆင့်ကျမှ မိဘတွေ လာရောက်ပို့ဆောင်ကုသကြတာက များပါတယ်။ ကျွန်တော်တို့ဖြစ်စေချင်တာက မူးယစ်ဆေးဝါးရဲ့မကောင်းကျိုးတွေ သိနေပြီဆိုရင် ကိုယ်တိုင်ဆန္ဒ၊ ကိုယ်တိုင်အသိစိတ်နဲ့ လာရောက်ဆေးဖြတ် စေချင်တယ်။ အဲဒါတွေ လုပ်ဆောင်နိုင်အောင်လည်း ကျွန်တော်တို့ တိုးချဲ့ဆောင်ရွက်သွားမှာပါ"ဟု ပြောသည်။

**ကရင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးမှုများနှင့်ပတ်သက်၍ သုံးစွဲသူများကို ဖမ်းဆီးခဲ့ရာတွင် တက္ကသိုလ်ကျောင်းသားများ၊ လူငယ်များနှင့် ဝန်ထမ်းများကိုပါ ဖမ်းဆီးရမိခဲ့ကြောင်း၊ သုံးစွဲသူများကိုလည်း ဥပဒေအရ ဖမ်းဆီး၊ ထောင်ချခြင်းများကြောင့် လူငယ်များအနာဂတ်ကို ရိုက်ချိုးရာရောက်သဖြင့် သားသမီးချင်းစာနာ၍ ၄င်းအနေဖြင့် စိတ်မကောင်းဖြစ်မိကြောင်းလည်း ပြည်နယ်ရဲတပ်ဖွဲ့မှူးက ပြောသည်။**

ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနအနေဖြင့် လူသားအားလုံး ရောဂါကင်းရှင်းပြီး သက်တမ်းစေ့နေနိုင်ရန် ရည်ရွယ်လုပ်ဆောင်ချက်များအနက် မူးယစ်ဆေးစွဲပြဿနာအား လက်ရှိအခြေအနေအရ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ရာ မူးယစ်ဆေးစွဲသူများ ဆေးဖြတ်ရန် အစီအစဉ် ရက်တိုသင်တန်းကို စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းသိရသည်။

ပြည်နယ်အတွင်း မူးယစ်ဆေးသုံးစွဲသူများ မြင့်တက်လျက်ရှိရာ ဖမ်းဆီးအရေးယူခြင်းအပြင် ကုသမှုပိုင်းဆိုင်ရာများဖြင့် ပူးတွဲလုပ်ဆောင်ရန် လိုအပ်လျက်ရှိသောကြောင့် ကရင်ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးစွဲသူများ ဆေးဖြတ်ရန် စီစဉ်ဆောင်ရွက်မှုတွင် အလေးထားပူးတွဲပါဝင်သွားမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများဖြစ်သည့် KNU၊ KNU/KNLA(PC) အဖွဲ့များကလည်း ဒေသတွင်းရှိ မူးယစ်ဆေးဝါးသုံးစွဲနေသူများ၊ ဆေးဖြတ်လိုသူများကို မူးယစ်ဆေးစွဲရောဂါ ကုသနိုင်ရေးအတွက် ရဲတပ်ဖွဲ့နှင့် ဝိုင်းဝန်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်းမှ မူးယစ်ဆေးစွဲသူများ ဆေးဖြတ်နိုင်ရန် စီမံဆောင်ရွက်မှုတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ငွေကြေးပံ့ပိုးကူညီသွားမည်ဖြစ်ပြီး ပြည်နယ်ဒေသအတွင်းရှိ မြို့နယ်အားလုံးတွင် မူးယစ်ဆေးစွဲသူများ ဆေးဖြတ်ရန် ကုသရေးဌာနများ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းဆောင်းပါး - မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် စံပြမိခင်နှင့်ကလေးပြိုင်ပွဲ ကျင်းပ




**မဒေါက် ဒီဇင်ဘာ ၃၀**

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စံပြမိခင်နှင့် ကလေးပြိုင်ပွဲနှင့် ဆုပေးပွဲကို ဒီဇင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်က မဒေါက်မြို့ တိုက်နယ်ဆေးရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

စံပြမိခင်နှင့် ကလေးပြိုင်ပွဲများကို ဒီဇင်ဘာ ၂၈ ရက်က ကျင်းပခဲ့ပြီး စံပြမိခင်၊ မွေးစမှ ခြောက်လအထိ၊ ခြောက်လမှ တစ်နှစ်အထိနှင့် တစ်နှစ်မှ တစ်နှစ်ခွဲအထိ ကလေးပြိုင်ပွဲဟု ပြိုင်ပွဲအမျိုးအစား လေးမျိုး ကျင်းပခဲ့ခြင်းဖြစ်ကာ မဒေါက်မြို့ပေါ်ရှိ ကလေးမိခင်များ လာရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ဆုပေးပွဲကို ဒီဇင်ဘာ ၂၉ ရက်တွင် ဆက်လက်ကျင်းပခြင်းဖြစ်ပြီး မဒေါက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းရွှေနွယ်၊ မဒေါက်မြို့အုပ်ချုပ်ရေးမှူး ဦးနေဇာမျိုးနှင့် မြို့မိ မြို့ဖ ဦးစိုးဝင်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် မဒေါက်မြို့တိုက်နယ်ဆရာဝန် ဒေါက်တာခင်မာလွင်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့် ကျန်းမာရေးဆိုင်ရာအသိပညာများကို ရှင်းလင်းပြောကြားပြီး ဆုများကို ချီးမြှင့်ရာ စံပြမိခင်ဆုသုံးဆု၊ ကလေးပြိုင်ပွဲသုံးပွဲတွင် ဆုသုံးဆုစီနှင့် အထူးဆုအဖြစ် အမြွှာကလေးဆု နှစ်ဆုကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**



# ကဗျာဝကမ်းခြေ၌ နှစ်သစ်ကိုကြိုဆိုရန် ကြိုတင်မှာယူပြင်ဆင်မှုများရှိလာ

**ရေး ဒီဇင်ဘာ ၃၀**

မွန်ပြည်နယ် ရေးမြို့နယ်ရှိ ကဗျာဝပင်လယ်ကမ်းခြေ၌ ယခုနှစ် နှစ်သစ်ကို ကြိုဆိုမည့်ညတွင် မီးပုံပွဲများ ကျင်းပရန်နှင့် ပင်လယ်စာများ စားသုံးနိုင်ရန်အတွက် ကြိုတင်မှာယူထားသူများရှိလာကြောင်း သိရသည်။

"ကမ်းခြေမှာ အားလပ်ရက်ကျောင်းပိတ်ရက်နဲ့ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနေ့တွေမှာ ပြည်တွင်းက ရန်ကုန်၊ မော်လမြိုင်၊ အင်းလေး၊ တောင်ကြီး၊ နေပြည်တော်၊ ဘားအံ၊ မြဝတီ ဘက်တွေကလည်း ပိုမိုလာနေကြပါတယ်။ လာမယ့်နှစ်သစ်ကူးမှာ မီးပုံပွဲတွေ ကျင်းပ ဖို့အတွက် ပင်လယ်စာကို ကြိုတင်မှာယူသူတွေလည်း ရှိနေပါတယ်"ဟု ကဗျာဝကမ်းခြေမှ ပင်လယ်စာရောင်းချနေသူ ဒေါ်ခင်ဝင်းချိုက ပြောသည်။

ကဗျာဝကမ်းခြေ၌ ဝန်ဆောင်မှုလုပ်ကိုင်သူတစ်ဦးဖြစ်သည့် ဦးလင်းပိုင်က ပြည်ပခရီးသွားအနေနဲ့ ထိုင်း၊ နော်ဝေနိုင်ငံတွေက လာကြပါတယ်။ တခြား ပြည်ပက ခရီးသွားကတော့ အလာနည်းတယ်။ ပင်လယ်စာတွေထက် အုန်းစိမ်းကိုသောက်ကာ ထိုင်ခုံမှာထိုင်ပြီး ပင်လယ်လေညင်းခံကြတယ်။ ရေကစားတဲ့လူတွေလည်း များလာတယ်။ တစ်နေ့တာ ထိုင်ခုံနဲ့ အနားယူအပန်းဖြေချင်တဲ့သူကို ၁၅၀၀ကျပ်အထိ ယူပါတယ်"ဟု ပြောသည်။

ကဗျာဝကမ်းခြေသည် ရေးမြို့မှ ၁၉ မိုင်အကွာတွင် တည်ရှိပြီး ကားလမ်းဖြင့်လည်းကောင်း၊ ဘုရားတောင် ပင်လယ်ဝကမ်းခြေမှ စက်လှေဖြင့်လည်းကောင်း သွားလာနိုင်ကာ ဟိုတယ်ဇုန်တည်ဆောက် ရင်းနှီးမြှုပ်နှံရန် လျာထားသောနေရာလည်းဖြစ်ကြောင်း သိရသည်။ ယခုအချိန်တွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသည်နှင့်အမျှ ကဗျာဝကမ်းခြေကို လာရောက်လည်ပတ်သူများလည်း ပိုများလာလျက်ရှိသည်။

**နေမျိုးထွဋ်(ရေး)**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲ ကျင်းပ

**ရေဦး ဒီဇင်ဘာ ၃၀**

ရေဦးမြို့နယ် အားကစားနှင့်ကာယပညာကော်မတီက ကြီးမှူး၍ အောင်ရတနာ ကားအသင်းနှင့် ပူးပေါင်းကာ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အောင်ရတနာ မီနီမာရသွန်အပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က ကျင်းပခဲ့သည်။

အပြေးပြိုင်ပွဲတွင် ရေဦးမြို့နှင့် ၁၄ မိုင်အကွာရှိ ကျည်ကျေးရွာမှ စတင်တာလွှတ်ကာ ရေဦးမြို့နာရီစင်တွင် ပန်းဝင်ရပြီး အပြေးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးနှင့် အား/ကာဝန်ထမ်းများက ကြီးကြပ်ကာ အောင်ရတနာကားအသင်း တာဝန်ရှိသူများကလည်း ပြိုင်ပွဲဝင်အားကစားသမားများကို လိုအပ်သလို ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ သည်။

အပြေးပြိုင်ပွဲတွင် စာရင်းပေးဝင်ရောက်ယှဉ်ပြိုင်သူ ၆၀ ရှိပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကာ ပန်းဝင်သည်အထိ ပြေးလာနိုင်သူများအား အထူးဆု ၂၅ ဆုကို အောင်ရတနာကားအသင်းဥက္ကဋ္ဌ ဦးမြင့်ဦး မိသားစုက ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ **သန်းထိုက်(ရေဦး)**



# မြစ်ကမ်းပါးပြို၍ ပြောင်းရွှေ့ရသည့် အိမ်ထောင်စုများအား ထောက်ပံ့

**ဗန်းမော် ဒီဇင်ဘာ ၃၀**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ကောင်းစင့်အုပ်စု သပြေကုန်းကျေးရွာမှ ဧရာဝတီမြစ်ကမ်းပါးပြိုကျ၍ နေအိမ်များမှ ပြောင်းရွှေ့နေထိုင်ရသည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဗန်းမော်ခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက ဒီဇင်ဘာ ၂၈ ရက်က ထောက်ပံ့ပေးအပ်ခဲ့သည်။

ပြောင်းရွှေ့နေထိုင်ရသည့် အိမ်ထောင်စု ၁၆၀ အနက် အိမ်ထောင်စု ၆၅ စုမှ လူဦးရေ ၃၉၉ ဦးအတွက် ထောက်ပံ့ပစ္စည်းများအဖြစ် ကျားဝတ်လုံချည်၊ မဝတ်လုံချည်၊ တဘက်၊ ကာဘော်လိပ်ဆပ်ပြာများနှင့် ဆန်ဖိုးထောက်ပံ့ငွေ ကျပ် ၃၅၉၃၀၀ ကို ဗန်းမော်ခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးမြင့်ဌေးက အိမ်ထောင်စုများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ကျော်ထံ ပေးအပ်ခဲ့သည်။

ထို့နောက် နေအိမ်မှပြောင်းရွှေ့ရသည့် အိမ်ထောင်စု ၁၆၀ လုံးအတွက် ကြိုတင်ပြောင်းရွှေ့မှု အိမ်ဆောက်တန်ဖိုး တစ်အိမ်လျှင်ကျပ်နှစ်သောင်းဖြင့် စုစုပေါင်းငွေကျပ် ၃၂ သိန်းကို ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့်အတူ လိုက်ပါကူညီဆောင်ရွက်ပေးသည့် ဗန်းမော်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးအောင်ကျော်ထွန်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအေးမျိုးအောင်တို့က ပြောင်းရွှေ့အိမ်ထောင်စုများထံသို့ လက်ဝယ်အရောက်ပေးအပ်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# ဆွာချောင်းဆည်ရေပေးဝေရေး လက်တံမြောင်းမကြီးများပြုပြင်

**ရေတာရှည် ဒီဇင်ဘာ ၃၀**

တောင်သူများ၏ လူမှုစီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးနိုင်ရန် နိုင်ငံတော်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ချောင်းပိတ်၊ မြောင်းပိတ်ဆည်များ၊ မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်၍ တစ်သီးစား စိုက်ပျိုးခြင်းမှ နွေ၊ မိုး၊ ဆောင်း ရာသီအလိုက် ဆည်ရေပေးဝေသည့်စနစ်ဖြင့် စိုက်ပျိုးရေးကဏ္ဍများ အောင်မြင်ဖြစ်ထွန်းမှုများ ရရှိလျက်ရှိသည်ကိုတွေ့ရသည်။



နွေစပါး စိုက်ပျိုးရေးလုပ်ငန်းများ ယခုရက်ပိုင်းအတွင်း စတင်တော့မည်ဖြစ်ရာ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဝင်းဘိုနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၈ ရက်က တောင်ငူမြို့နယ် ပသိဆည်သို့ရောက်ရှိကာ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ နွေစပါးစိုက်ခင်းများ ရေပေးဝေရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ရေအရင်းအမြစ်လေလွင့် မှုနည်းပါးရေးအတွက် ဆောင်ရွက်လျက်ရှိသည်ကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့အတူ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦးနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၂၈ ရက်တွင် အုတ်တွင်းမြို့နယ် ခပေါင်းဆည်ရေ သောက်အောက်ဘက်ရှိ မင်းရဲဆည်ရေသောက်စနစ်၊ ရေသိုးဆည်ရေသောက်စနစ်မှ လက်ရှိရေပေးဝေနေမှု လုပ်ငန်းများကိုလည်းကောင်း၊ ရေတာရှည်မြို့နယ် ဆွာချောင်းဆည်ရေပေးဝေရေး လက်တံမြောင်းမကြီးများ ပြုပြင်နေသည့်လုပ်ငန်းများနှင့် ရေလွှဲတံခါးများ၊ ကုန်ထုတ်တံတားများ ပြုပြင်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး နွေစပါးစိုက်တောင်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်ရန် ကွင်းဆင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မြန်မာနိုင်ငံ အလေးမအားကစားဖွံ့ဖြိုးတိုးတက်ရေး နှီးနှောဖလှယ်ပွဲကြီး ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနအောက်ရှိ မြန်မာနိုင်ငံ အလေးမအားကစား ဖွံ့ဖြိုးတိုးတက်ရေး နှီးနှောဖလှယ်ပွဲကြီးကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ အလေးမအဖွဲ့ချုပ်ရုံးခန်း၌ ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိမြန်မာနိုင်ငံ အလေးမအားကစားအဖွဲ့ချုပ်သစ်သည် အားကစားသမားများ၊ သက်ကြီး အလေးမလက်ရွေးစင် အားကစားသမားဟောင်းများ၊ အလေးမအားကစား မိသားစုဝင်များအားတွေ့ဆုံ၍ အလေးမအားကစား ဖွံ့ဖြိုးတိုးတက်ရေး၊ အပြည်ပြည်ဆိုင်ရာနှင့် အရှေ့တောင်အာရှ အလေးမပြိုင်ပွဲများတွင် အောင်နိုင်မှုရရှိရေး၊ မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးရေး၊ အားကစားသမားဟောင်းကြီးများ၏ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ကူညီပံ့ပိုးပေးရေးစသည့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်သွားရန် အဖွဲ့ချုပ်သစ်အတွင်း ဒီဇင်ဘာ ၁၁ ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အလေးမအဖွဲ့ချုပ်ရုံးခန်း၌ ဆွေးနွေးမှုပြုလုပ်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံ အလေးမအားကစားအဖွဲ့ချုပ်သစ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနကဦးဆောင်၍ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်မှုအဖွဲ့၏ လမ်းညွှန်မှု ဖြင့် ရွေးချယ်ခဲ့ရာ ဥက္ကဋ္ဌ ဦးအောင်ချစ်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးထွန်းမြင့်၊ ဦးကျော်အောင်စိုး၊ ဦးဌေးဝင်း၊ ဦးစန်းမြင့်၊ အတွင်းရေးမှူး ဦးသီဟန်နှင့် အမှုဆောင် ၂၁ ဦးဖြင့် အသစ်ပြန်လည် ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**မင်းခေတ်**

# ဆိုင်ကယ်မောင်းလိုင်စင်များ ပေါင်မြို့နယ်တွင် ကွင်းဆင်းပြုလုပ်ပေး

**ပေါင် ဒီဇင်ဘာ ၃၀**

မွန်ပြည်နယ် ပေါင်မြို့နယ် နတ်ကြီးချောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးလက်ဒေသများမှ ပြည်သူများအတွက် ဆိုင်ကယ်မောင်းလိုင်စင်များကို သထုံခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှကြူ ဦးဆောင်သော ဝန်ထမ်းများက ဒီဇင်ဘာ ၂၄ ရက်က ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

နတ်ကြီးချောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံသို့ ကွင်းဆင်းပြီး ပတ်ဝန်းကျင်ကျေးရွာများဖြစ်ကြသော တောင်အရှေ့ခြမ်းနှင့် အောက်ကွင်းဒေသကျေးရွာများမှ ပြည်သူများအား ဆိုင်ကယ်မောင်းလိုင်စင်များကို ကွင်းဆင်းပြုလုပ်ပေးခဲ့ကြခြင်းဖြစ်သည်။

လိုင်စင်လာရောက် ပြုလုပ်သူများအား လိုင်စင်မပြုလုပ်ပေးမီ ဆိုင်ကယ်မောင်းနှင်ရာတွင် အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ကြရန် လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သထုံခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်မောင်း/ယာဉ်စစ် ဦးမြင့်ခိုင်က အသိပညာပေးဟောပြောကာ ဝန်ထမ်းများက ယာဉ်အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များကို ဝေငှပေးခဲ့ကြသည်။

လိုင်စင်များပြုလုပ်ပေးခဲ့ရာ ဒေသခံပြည်သူ ၂၇၃ ဦးအား ဆိုင်ကယ်မောင်းလိုင်စင်များ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ခင်မောင်ဝေ(ပေါင်)**

# မုံရွာအမှတ်(၃) အထက်တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုပွဲသို့ အကယ်ဒမီဇင်ဝိုင်းတက်ရောက်

**မုံရွာ ဒီဇင်ဘာ ၃၀**

မုံရွာမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၏ နှစ် (၅၀)ပြည့် ရွှေရတုပွဲကို ဒီဇင်ဘာ ၂၆ ရက်၊ ၂၇ ရက် နှင့် ၂၈ ရက်တို့တွင် ကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်း၍ကျင်းပ ရာကျောင်းသားဟောင်း ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဇင်ဝိုင်းနှင့်အတူ ပြည်တွင်းပြည်ပရောက်နေသူများ စုပေါင်း၍ ကျင်းပနိုင်ခဲ့ကြောင်း ရွှေရတု ပွဲဖြစ်မြောက်ရေး ကော်မတီဝင်တစ်ဦး ထံမှ သိရသည်။



“၁၉၇၃ ခုနှစ်က ရှစ်တန်းတက်ခဲ့ရ တာပါ။ မုံရွာဆူးလေကုန်းရပ်မှာနေတာပါ။ ငယ်စဉ်ကနေခဲ့တဲ့ကျောင်းဖြစ်တဲ့အတွက် ငယ်သူငယ်ချင်းတွေရှိနေတယ်။ ငယ်စဉ်က ပညာသင်ကြားပေးခဲ့တဲ့ ဆရာကြီး ဆရာမကြီးတွေရှိနေတော့ ကန်တော့ချင်တဲ့အတွက် မရောက်ရောက်အောင် လာရောက်တာ ဖြစ်ပါတယ်။ မုံရွာကိုမရောက်တာ နှစ်ပေါင်း ၄၀ ကျော်ပါပြီ။ အခုပြန်ရောက်လာတော့ တခြားစီဖြစ်နေတာတွေ့ရတယ်။ မြို့ကြီးက ပြောင်းလဲတိုးတက်တာ တစ်ဟုန်ထိုးလို့ မြင်ရပါတယ်။ မုံရွာကိုတစ်နှစ်ပဲနေခဲ့ပြီး အခုလို ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ အကုန်စုပြီးကျင်းပခွင့်၊ တက်ရောက်ခွင့်ရတာ ဂုဏ်ယူပါတယ်”ဟု ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဇင်ဝိုင်းက ပြောပြသည်။

မုံရွာမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၅ ရက်နံနက်ပိုင်းက သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်း၊ ဒီဇင်ဘာ ၂၆ ရက်တွင် ရွှေရတုသဘင်ဖွင့်ပွဲအခမ်းအနားနှင့် ရွှေရတုအထိမ်းအမှတ် ကမ္ပည်းကျောက်စာကိုစိုက်ထူကာ ညပိုင်းတွင် မိတ်ဆုံစားပွဲနှင့်အတူ တေးဂီတဖျော်ဖြေပွဲကို တေးသံရှင် မိုးမိုး၊ ဂျီလတ်တို့က သီဆိုဖျော်ဖြေခဲ့ကြသည်။

ဒီဇင်ဘာ ၂၈ ရက်တွင် (၁၇)ကြိမ် မြောက် အာစရိယပူဇော်ပွဲ အခမ်းအနား ကို ကျင်းပရာ ကျောင်းသားကျောင်းသူဟောင်း၁၀၀၀ခန့်က ဆရာကြီး ဆရာမ ကြီး ၁၂၄ ဦးကို ကန်တော့ခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ခရမ်းချဉ်များလှိုင်လှိုင်ပေါ်၍ ဈေးနှုန်းကျဆင်းသဖြင့် တောင်သူများသင့်တင့်သော အကျိုးအမြတ်သာရရှိ

**စစ်ကိုင်း ဒီဇင်ဘာ ၃၀**

စစ်ကိုင်းမြို့နယ်မှ ဒေသထွက် ခရမ်းချဉ်သီးများ လှိုင်လှိုင်ပေါ်ပြီဖြစ်၍ ဈေးကွက်အတွင်း အပြိုင်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းကျဆင်းလာသဖြင့် ခရမ်းချဉ်စိုက်တောင်သူများ သင့်တင့်သော အကျိုးအမြတ်သာရရှိကြကြောင်း ခရမ်းချဉ်ဈေးကွက်မှ သိရသည်။

ခရမ်းချဉ်သီးစိုက်ပျိုးရာတွင် ထိုင်ဝမ်(အချို)သီးနှင့် ဒေသထွက် (အချဉ်)သီး နှစ်မျိုးရှိပြီး ခရမ်းချဉ်အချိုသီးမှာ ပေါင်ပြုလုပ်၍ တိုင်ထောင်ရေပေးသွင်းစိုက်ရကာရေရရှိပါက ရာသီမရွေး စိုက်ပျိုးနိုင်ကြောင်း၊ ဒေသထွက် အချဉ်သီးမှာ ဝါခေါင်လနှင့် တော်သလင်းလများတွင် ရာသီဥတုအခြေအနေကို ကြည့်၍ မြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သည့် ရေတွင်းကောင်း၊ ပန်းချီ၊ ဆားတောင်၊ ကျားမင်းကြီး၊ မာလဲတောစသည့် ကျေးရွာများတွင် အထူးသဖြင့်စိုက်ကြသည်။



ဒီနှစ်အချဉ်သီး ကနဦးပေါ်သူတွေက တစ်ပိဿာ ငွေကျပ် ၂၅၀၀ အထိရခဲ့ကြပြီး ယခု လှိုင်လှိုင်ပေါ်ချိန် ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်း စစ်ကိုင်းဈေးကွက်မှာ အချိုသီးတစ်ပိဿာလျှင် အရွယ်အစားလိုက်၍ ငွေကျပ် ၁၂၀၀ မှ ငွေကျပ် ၁၃၀၀ အတွင်း၊ ဒေသထွက် အချဉ်သီးမှာလည်း သီးလုံးအရွယ်အစားအလိုက် ငွေကျပ် ၉၀၀ မှ ငွေကျပ် ၁၁၀၀ အထိ ပေးဝယ်ကြကြောင်း၊ နောက်ရက်ဆိုလျှင် ပြိုင်တူပေါ်သောကြောင့် ကျဈေးဘက်ရောက်ရှိမှာဖြစ်ကြောင်း၊ တောင်သူများ သင့်တင့်သော အကျိုးအမြတ်သာ ရရှိကြကြောင်း ခရမ်းချဉ်စိုက်တောင်သူတစ်ဦးက ပြောသည်။

**မျိုးဝင်း(စစ်ကိုင်း)၊ ဓာတ်ပုံ-မေမိုးသဲ**

# ကချင်ပြည်နယ်၌ အားကစားပြိုင်ပွဲများကျင်းပ

**မြစ်ကြီးနား ဒီဇင်ဘာ ၃၀**

ကချင်ပြည်နယ် အခြေခံပညာ ကျောင်းသား အားကစားပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကို ပြည်နယ်အားကစားကွင်း၌ ဒီဇင်ဘာ ၂၈ ရက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူတို့က အားကစားပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂၈ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဘတ်စကက်ဘော၊ ဘော်လီဘော၊ ဘောလုံး၊ စားပွဲတင်တင်းနစ်၊ အမျိုးသား အမျိုးသမီး ခြင်းလုံးနှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများ ပါဝင်ကာ ကချင်ပြည်နယ်အတွင်း မြို့နယ်များမှ အခြေခံပညာ ကျောင်းသား ကျောင်းသူပေါင်း ၆၀၀ ကျော် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# နှစ်ကူးညတွင် ယာဉ်မတော်တဆမှုများမဖြစ်အောင် ထိန်းသိမ်းကြပ်မတ်မည်

**ရေး ဒီဇင်ဘာ ၃၀**

မွန်ပြည်နယ် ရေးမြို့နယ်၌ ၂၀၁၇ ခုနှစ် နှစ်ကူးညတွင် နှစ်သစ်ကိုကြိုဆိုကြမည့်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားခြင်းမရှိစေရန်အတွက် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားနိုင်ခြေရှိသည့် လမ်းဆုံနေရာများတွင် မြို့နယ်ရဲတပ်ဖွဲ့က ဦးဆောင်ကာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ယာဉ်စည်းကမ်းထိန်းသိမ်းကြပ်မတ်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာတဲ့ယာဉ်တွေကို ထိရောက်စွာအရေးယူသွားပါမယ်။ အဝေးပြေးကားတွေကိုလည်း ယာဉ်ကြံ့ခိုင်မှုရှိ မရှိနဲ့ ယာဉ်မောင်းတွေ အရက်သေစာသောက်စားခြင်း၊ သတ်မှတ်ကုန်ထက် တင်ဆောင်ခြင်းရှိ မရှိကို ယာဉ်မထွက်ခွာမီ ကြိုတင်စစ်ဆေးသွားပါမယ်။ မြို့ပေါ်နဲ့ ကျေးရွာတွေမှာလည်း အသိပညာပေးမှုတွေ ယခုရက်ပိုင်းတွေမှာ လုပ်သွားပါမယ်"ဟု မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သော်က ပြောသည်။

ရေးမြို့နယ်တွင် ၂၀၁၅ ခုနှစ်အတွင်း ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု ၂၆ မှု ဖြစ်ပွားခဲ့ပြီး ၂၀၁၆ ခုနှစ်အတွင်း ၂၁ မှု ဖြစ်ပွားခဲ့ရာ ယခင်နှစ်နှင့်ယှဉ်လျှင် ယာဉ်မတော်တဆမှုလျော့နည်းကျဆင်းခဲ့ကြောင်း၊ လူထိခိုက်မှုအနေဖြင့် ၂၀၁၆ ခုနှစ် ယာဉ်တိုက်မှုများကြောင့် ၁၅ ဦးသေဆုံးပြီး ၂၇ ဦး ဒဏ်ရာရရှိကြောင်း၊ ယာဉ်မတော်တဆမှုများတွင် အသက် ၁၇ နှစ်မှ အသက် ၁၉ နှစ်ကြားအရွယ် လူငယ်များပါဝင်မှုပိုများခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၏မှတ်တမ်းများအရ သိရသည်။ ယာဉ်မတော်တဆမှုများ ဖြစ်ပွားရသည့်အကြောင်းအရင်းတွင် အများဆုံးမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို မလိုက်နာကြဘဲ ဆိုင်ကယ်မောင်းစဉ်ဦးထုပ်မဆောင်းခြင်း၊ လမ်းဖြတ်ကူးစဉ်နှင့် ယာဉ်ကျော်တက်စဉ်တွင် သတိပေးဆိုင်းဘုတ်နှင့် လမ်းညွှန်အမှတ်သားများကို မလိုက်နာခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်းများကြောင့်ဖြစ်ကြောင်း သိရသည်။

ရေးမြို့နယ်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ စာသင်ကျောင်းများတွင် အသိပညာပေးမှုများကို ၂၀၁၆ ခုနှစ်အတွင်း အကြိမ် ၁၈၀ ပြုလုပ်နိုင်ခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသော မော်တော်ယာဉ်နှင့် ဆိုင်ကယ်များကို အရေးယူရာတွင် စုစုပေါင်း ၄၈၉ မှုကို အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးများအတွက် ပြိုင်ပွဲများကျင်းပပေး

**ညောင်ဦး ဒီဇင်ဘာ ၃၀**

(၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်ဦးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Community Center ၌ အခြေခံပညာမူလတန်းအရွယ် ကျောင်းသား ကျောင်းသူများအတွက် ပြိုင်ပွဲများနှင့် ဂိမ်းကစားခြင်းများ အစီအစဉ်များ ကို ဒီဇင်ဘာ ၂၈ ရက်က ကျင်းပပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲများအဖြစ် ပုံပြောပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ပန်းချီဆွဲပြိုင်ပွဲများ ပါဝင်ပြီး ကျောင်းသားကျောင်းသူ ကလေးငယ်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကာ ဆုရရှိသော ကလေးငယ်များအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်တင်မြလွင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးနှင့် မြို့နယ်ဦးစီးမှူး ဒေါ်သွယ်သွယ်ဦးတို့က ကလေးသူငယ်များ စာပေဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံများနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်း အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**



# နယ်စပ်ကုန်သွယ်မှုတိုးတက်စေရေး ပြည်နယ်အဆင့်ညှိနှိုင်းဆွေးနွေး

**ဘားအံ ဒီဇင်ဘာ ၃၀**

မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ၏ ကုန်သွယ်မှုသုတေသနစာတမ်း တွေ့ရှိချက်များအပေါ်မူတည်၍ တွေ့ရှိရသော အခက်အခဲများ၊ စိန်ခေါ်မှုများကို အတူတကွလေ့လာဆန်းစစ်ရန်နှင့် သက်ဆိုင်ရာအာဏာပိုင်များ၊ ပါဝင်ပတ်သက်ကြသူများက အဆိုပါပြဿနာများ၊ မူဝါဒများကို ဖြေရှင်းနိုင်ရန် ဦးစားပေးနည်းလမ်းများ ၊ လုပ်ငန်းစဉ်များ ရေးဆွဲကြရန်လည်းကောင်း၊ EWEC (East-West Economic Corner) လမ်းကြောင်းတစ်လျှောက် နယ်စပ်ကုန်သွယ်မှု လျင်မြန်စွာချောမွေ့စေရေးအတွက် စီမံကိန်းဧရိယာအတွင်းရှိ ပြည်နယ်အဆင့်၊ နိုင်ငံတော်အဆင့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ခြင်းများ ဦးစားပေးလုပ်ကိုင်သွားရန်လည်းကောင်း ရည်ရွယ်၍ အရှေ့မှအနောက် စီးပွားရေးလမ်းကြောင်းပေါ်ရှိ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော နိုင်ငံများ၏ နယ်စပ်ကုန်သွယ်မှုတိုးတက်စေရေး ပြည်နယ်အဆင့် ညှိနှိုင်းဆွေးနွေးပွဲကို မြဝတီမြို့နယ် ဂရိတ်ဝမ်းဟိုတယ်၌ ဒီဇင်ဘာ ၂၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်ရေးအတွက် အခွင့်အလမ်းကောင်းများ ဖြစ်ပေါ်လာစေမည်ဟု မျှော်လင့်ကြောင်းနှင့် နှစ်နိုင်ငံအကြား သတင်းအချက်အလက်များ၊ အကျိုးအမြတ်များ ရရှိစေသော နည်းလမ်းများကို ဖော်ဆောင်ကြရန် အမှာစကားပြောကြားကာ ထိုင်းနိုင်ငံ တက်ခ်ခရိုင်မှ ဒါရိုက်တာ Mr. Dutta က ဆွေးနွေးပွဲကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲသို့ ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ထိုင်းနိုင်ငံ တက်ခ်ခရိုင်မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများ၊ နယ်ခြားစောင့်တပ်၊ ကုန်သည်ကြီးများအသင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များ၊ သွင်းကုန်/ထုတ်ကုန်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

မဲခေါင်သိပ္ပံအနေဖြင့် အရှေ့မှအနောက် စီးပွားရေးလမ်းကြောင်းပေါ်ရှိ နိုင်ငံများအားလုံးပါဝင်သော တန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ၂၀၁၃ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ကာ စီမံကိန်းဧရိယာသုံးနေရာဖြစ်သည့် မြန်မာနိုင်ငံ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့တွင် အစေ့ထုတ်ပြောင်း၊ စပါး၊ ကော်ဖီ သီးနှံသုံးမျိုး စိုက်ပျိုးရေးလုပ်ငန်းများကို ရွေးချယ်လုပ်ဆောင်နေကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# ရွှေဘို-မြစ်ကြီးနားလမ်းပိုင်း ရွှေဘိုမြို့တွင်းလမ်း နိုင်လွန်ကတ္တရာခင်း



**ရွှေဘို ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို-မြစ်ကြီးနားလမ်း ရွှေဘိုမြို့တွင်းလမ်းပိုင်းများကို ရွှေဘိုခရိုင်တွင် လမ်းဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၆၁၉ ဒသမ ၄၇၃ သန်းဖြင့် နိုင်လွန်ကတ္တရာ(AC) ခင်းခြင်းလုပ်ငန်းကို ခရိုင်လမ်းဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ရွှေဘို-မြစ်ကြီးနားလမ်း၏ ရွှေဘိုမြို့တွင်းလမ်းပိုင်း ၀ ကီလိုမီတာမှ ၀ ဒသမ ၈ ကီလိုမီတာကြားတွင် လမ်းအကျယ် ၁၀ ဒသမ ၈ မီတာ နိုင်လွန်ကတ္တရာခင်းခြင်းနှင့် ၀ ဒသမ ၈ ကီလိုမီတာမှ ၁ ဒသမ ၈ ကီလိုမီတာကြားတွင် လမ်းအကျယ် ၁၄ ဒသမ ၆၃ မီတာ နိုင်လွန်ကတ္တရာခင်းခြင်းများကို ဆောင်ရွက်နေခြင်းဖြစ်ကာ လမ်းပိုင်းနှစ်ခုပေါင်း အရှည် ၁ ဒသမ ၈ ကီလိုမီတာဖြစ်ကြောင်း သိရသည်။ လမ်းလုပ်ငန်းဆောင်ရွက်မှုများကို ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် အဖွဲ့ ဒီဇင်ဘာ ၂၇ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး ရွှေဘိုခရိုင်တွင် လမ်းဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ)ဦးနေရဲလင်း၊ မြို့နယ်ဦးစီးအရာရှိ (မြို့ပြ) ဒေါ်အေးအေးမွန်နှင့် အဖွဲ့က ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြခဲ့သည်။

**ကျော်ဇော (ရွှေဘို)**

# မိုးလေဝသကြိုတင်ခန့်မှန်းချက်များအပေါ် ဘာသာပြန်ဆိုအသုံးချခြင်းဆိုင်ရာ သင်တန်းဖွင့်

**ပုသိမ် ဒီဇင်ဘာ ၃၀**

မိုးလေဝသ ကြိုတင်ခန့်မှန်းချက်များအပေါ် ဘာသာပြန်ဆိုခြင်း၊ အသုံးချခြင်းနှင့် ကြိုတင်သတိပေးစနစ် စစ်ဆေးခြင်းဆိုင်ရာ သင်တန်းကို နိုင်ငံတကာ မိုးလေဝသအဖွဲ့အစည်းများဖြစ်သော DMH၊ RIMES၊ BRACED၊ UNHABITAT၊ UKAID တို့ ပူးပေါင်းမှုဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်ဟိုတယ်၌ ဒီဇင်ဘာ ၂၇ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် အောက်မြန်မာပြည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ရီရီငြိမ်းနှင့် RIMES မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် Ms. Ruby တို့က အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြကာ သင်တန်းကာလ နှစ်ရက်ကြာ သင်ကြားပို့ချခဲ့သည်။

သင်တန်းတွင် မိုးလေဝသ ကြိုတင်ခန့်မှန်းချက်များနှင့်ပတ်သက်၍ အရင်းအမြစ်များ တိုးမြှင့်ရန်နှင့် ဘေးအန္တရာယ်များကို စီမံခန့်ခွဲရန်၊ ကာလအလိုက် စီမံကိန်းရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း၊ သင်တန်းသားများအားလုံး စွမ်းရည်မြင့်မားတိုးတက်စေရန်နှင့် သတင်းအချက်အလက်များကိုပေါင်းစည်းပြီး စီမံကိန်းရေးဆွဲခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ ကာလအလိုက် သတင်းအချက်အလက်များကို အခြေခံပြီး အဖွဲ့အစည်းများနှင့် ရပ်ရွာလူထုများ၏ အကျိုးအတွက် စေ့စပ်ဆွေးနွေးခြင်း ၊ ဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိသော ဒေသ၏ အခြေအနေများကို နားလည်သဘောပေါက်ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း ၊ အမျိုးမျိုးသောအချိန်များမှ ရရှိသော သတင်းအချက်အလက်များကို ခွဲခြားစိတ်ဖြာခြင်း၊ မြန်မာနိုင်ငံ၏ ဘက်စုံသဘာဝဘေးနှင့် ဘူမိဗေဒဖြစ်စဉ်အန္တရာယ်များကို ကြိုတင်ကာကွယ်ခြင်း၊ တိုင်းတာခြင်း၊ သတင်းထုတ်ဖော်ခြင်း၊ သတိပေးသတင်းအချက်အလက်များကို ဘာသာပြန်ခြင်း၊ အသုံးချခြင်းနှင့် ချိတ်ဆက်နေသည့် ကြိုတင်သတိပေးစနစ်များကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# RG-12 တွင်းတူးစက်ကြီးဖြင့် ရေတွင်းနက်တူးဖော်ပြီးစီး

**မလှိုင် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)ပိုင် RG-12 ရေတွင်းတူးစက်ကြီးဖြင့် မလှိုင်မြို့နယ် ရေနီကျေးရွာအုပ်စု ရေနီ(အနောက်)ကျေးရွာ၌ အနက်ပေ ၈၀၀ ရှိလေးလက်မစက်ရေတွင်းနက်ကို စမ်းသပ်တူးဖော်ပေးခဲ့ရာ ဒီဇင်ဘာ ၂၇ ရက်တွင် လုပ်ငန်းများ အောင်မြင်စွာ ပြီးစီးကြောင်း သိရသည်။

မလှိုင်မြို့နယ်တွင် ယခင်က အနက်ပေ ၈၀၀ အထိ ရေတွင်းတူးဖော်မှု မရှိခဲ့သေးကြောင်း၊ ထို့ကြောင့် မလှိုင်မြို့နယ်အတွင်း မြေအောက်ရေအောင်းလွှာ၏ အခြေအနေကို သိရှိရန် RG-12 တွင်းတူးစက်ကြီးဖြင့် အနက် ပေ ၈၀၀ အထိ စမ်းသပ်တူးဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ တွေ့ရှိရသည့်အချက်အလက်များအပေါ် အခြေခံ၍ နောင်တွင် ရေတွင်းများကို တူးဖော်ပေးသွားမည်ဖြစ်ကြောင်း၊ ရေရှားပါးသည့် ရေနီကျေးရွာကို ရွေးချယ်၍ စမ်းသပ်တူးဖော်ပေးခြင်းဖြင့် ရေကောင်းရရှိလျှင်လည်း ကျေးရွာအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်တူးဖော်ခဲ့ခြင်းဖြစ်ကြောင်း မိတ္ထီလာခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အေးက ပြောသည်။



"ယခုလို စမ်းသပ်တူးဖော်တယ်ဆိုပေမယ့် ကျွန်တော်တို့ ကျေးရွာအတွက်တော့ အများကြီးကို အထောက်အကူပြုပါတယ်။ ရွာမှာက သောက်ရေအခက်အခဲရှိပါတယ်။ ကျွဲ၊ နွားသောက်ဖို့ကစလို့ ခက်ခဲပါတယ်။ သုံးရေတော့ ပေါပါတယ်။ ရွာထဲကစက်တွင်းဆိုပေ ၂၀၀ ကျော် တူးတာတောင် ရေချိုမရပါဘူး။ အခုဒီတွင်းရေက တစ်နာရီ ရေဂါလန် ၂၅၀၀ နှုန်းထွက်ရှိပြီး ကျွဲ၊ နွားတိုက်လို့ရတဲ့အတွက် အများကြီး အထောက်အကူဖြစ်စေပါတယ်။ နွေရာသီ မီးဘေးအန္တရာယ်အတွက်လည်း စိတ်ချသွားရပါပြီ"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက ပြောသည်။

စက်ရေတွင်းနက်များကို မန္တလေးတိုင်းဒေသကြီးအတွင်းမှ ခြောက်သွေ့သော ခရိုင်များဖြစ်သည့် မိတ္ထီလာခရိုင်တွင် တစ်တွင်း၊ မြင်းခြံခရိုင်တွင် တစ်တွင်းနှင့် ညောင်ဦးခရိုင်တွင် တစ်တွင်းစီကို ခရိုင်ကိုယ်စားပြု စမ်းသပ်တူးဖော်သွားမည်ဖြစ်ရာ ယခု မလှိုင်မြို့နယ် ရေနီအနောက်ရွာတွင် တူးဖော်ခဲ့သောစက်ရေတွင်းနက်မှာ မိတ္ထီလာခရိုင်အတွက် ကိုယ်စားပြုတူးဖော်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ရေတွင်းအတွက် မြင်းကောင်ရေ ၃၀ အား အင်ဂျင်စက်တစ်လုံး၊ ၂၀ ကီလိုဝပ် ဒိုင်နမိုတစ်လုံးနှင့် ရေတင်ပန့် တစ်စုံကိုလည်း တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**


# ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံ ဆက်သွယ်ရေးနှင့် နည်းပညာကဏ္ဍမှ ထူးခြားမှုများ

ဆောင်းပါး - သုရဖြိုး

ကမ္ဘာမှာ နည်းပညာကဏ္ဍဟာ အရှိန်အဟုန်နဲ့ ပြောင်းလဲမှုတွေ နေ့စဉ်ဖြစ်နေသလို ပြည်တွင်း ဆက်သွယ်ရေးနဲ့ နည်းပညာကဏ္ဍမှာလည်း တိုးတက်ပြောင်းလဲမှုတွေ ဖြစ်နေပါတယ်။ အခု ၂၀၁၆ ခုနှစ် ကုန်ဆုံးတဲ့အချိန်မှာ တစ်နှစ်တာအတွင်း ပြည်တွင်းက ဆက်သွယ်ရေးနဲ့ နည်းပညာကဏ္ဍ တိုးတက်ပြောင်းလဲမှုတွေထဲက ထူးခြားချက်ငါးခုကို ဖော်ပြလိုက်ပါတယ်။

**(၁) 4G အင်တာနက်ဝန်ဆောင်မှု စတင်ရရှိခြင်း**

မြန်နှုန်းမြင့် အင်တာနက်ဆက်သွယ်ရေးစနစ်ဖြစ်တဲ့ 4G ကို ၂၀၁၆ ခုနှစ်အတွင်းမှာ မြန်မာနိုင်ငံသားတွေ စတင်အသုံးပြုမြည်းစမ်းခွင့် ရခဲ့ပါတယ်။ သိပ်မကြာခင်နှစ်တွေကအထိ အင်တာနက်ဆိုရင် အဝိုင်းလည်တာကို ထိုင်ကြည့်နေရတဲ့ အခြေအနေကနေ ဒီနှစ်ထဲမှာ တော်တော်လေးမြန်တဲ့ 4G ကို ရရှိအသုံးပြုနိုင်ခြင်းဟာ ပြည်တွင်းက ဆက်သွယ်ရေးနည်းပညာကဏ္ဍရဲ့ အထင်အရှား တိုးတက်မှုတစ်ခုဖြစ်ပါတယ်။




4G အင်တာနက်ကွန်ရက်ကို ပြည်ပအော်ပရေတာတစ်ခုဖြစ်တဲ့ အူရီဒူးက နေပြည်တော်နဲ့ မန္တလေးမြို့တွေမှာ ဒီနှစ် မေလအတွင်းက ပထမဆုံး စတင်မိတ်ဆက်ပေးခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာ ရန်ကုန်မြို့မှာ 4G အင်တာနက်ကွန်ရက်ဝန်ဆောင်မှုကို ဆက်လက်ပေးအပ်ခဲ့ပြီး အခုနှစ်ကုန်ပိုင်းမှာတော့ အချို့မြို့ကြီးတွေကို ထပ်မံတိုးချဲ့ခဲ့သလို အချို့မြို့တွေမှာလည်း တိုးချဲ့ဝန်ဆောင်မှုပေးဖို့ စီစဉ်နေပါတယ်။

အခြား အော်ပရေတာတစ်ခုဖြစ်တဲ့ တယ်လီနောကလည်း 4G အင်တာနက်ကွန်ရက်ကို နေပြည်တော်မှာ ဇူလိုင်လဆန်းပိုင်းက စတင်မိတ်ဆက်ခဲ့ပြီး မကြာခင်မှာပဲ ရန်ကုန်မြို့မှာ ဆက်လက်ဝန်ဆောင်မှုပေးခဲ့ပါတယ်။ အခုဆိုရင် တယ်လီနောကလည်း အခြားမြို့ကြီးတချို့မှာ 4G ဝန်ဆောင်မှုတွေ ပေးအပ်နေပြီဖြစ်ပြီး ဆက်လက်တိုးမြှင့်ဖို့လည်း စီစဉ်လျက်ရှိပါတယ်။

**(၂) ပိုကီမွန်ဂိုးဂိမ်း**

ကမ္ဘာ့ဂိမ်းလောကကို တစ်ခေတ်ဆန်းစေခဲ့တဲ့ မိုဘိုင်းဂိမ်းတစ်ခုဖြစ်တဲ့ ပိုကီမွန်ဂိုးဂိမ်းရဲ့ အရှိန်ဟာ မြန်မာနိုင်ငံထဲကိုလည်း ရိုက်ခတ်လာခဲ့ပြီး ပြည်တွင်းမှာ အရူးအမူးဖြစ်ခဲ့ကြပါသေးတယ်။ ဂိမ်းကဖန်တီးပေးထားတဲ့ ပုံစံမျိုးထဲမှာ ကစားနေရတဲ့ အနေအထားကနေ ပြင်ပပတ်ဝန်းကျင်နဲ့ ဂိမ်းကို ပေါင်းစပ်ကစားရတဲ့ ထူးခြားတဲ့ ပုံစံမျိုးကြောင့် လူကြိုက်များခဲ့တဲ့ ပိုကီမွန်ဂိုးဂိမ်းကို နိုင်ငံတကာမှာ စတင်ကစားနိုင်ချိန်ကနေ လအနည်းငယ်သာကြာပြီး ဇူလိုင်လကုန်လောက်မှာ မြန်မာနိုင်ငံအတွင်းမှာ စတင်ကစားနိုင်ခဲ့ပါတယ်။




ရန်ကုန်မြို့ရဲ့ လူစည်ကားရာနေရာတွေမှာလည်း ပိုကီမွန်ဖမ်းသူတွေ အုပ်စုလိုက်ဖမ်းနေကြတာမျိုးကို အဲဒီအချိန်က တွေ့ခဲ့ရသလို ပိုကီမွန်ဂိုးဂိမ်းဆော့နည်း မျှဝေတာတွေ၊ ဂိမ်းကစားသူရဲ့ လယ်ဗယ်အလိုက် အပြင်ကဆိုင်တွေမှာ ဒစ်စကောင့်ပေးတာတွေ၊ ဂိမ်းကစားသူ တွေ့ဆုံပွဲလုပ်တာတွေ၊ မီဒီယာတွေမှာ ဂိမ်းကြောင့်ဖြစ်နိုင်တဲ့ ယာဉ်တိုက်မှုအန္တရာယ်အကြောင်း သတိပေးရေးသားချက်တွေနဲ့ တော်တော်နာမည်ကြီးခဲ့တဲ့ ပိုကီမွန်ဂိုးဂိမ်းဟာ ပြည်တွင်းမှာ နာမည်ကျော်ခဲ့တယ်ဆိုပေမယ့် အထူးသဖြင့် ရန်ကုန်မြို့နဲ့ မန္တလေးမြို့မှာသာ အသည်းအသန် ဆော့ခဲ့ကြတာဖြစ်ပါတယ်။ အခြားနယ်တွေဘက်မှာတော့ ဆော့တဲ့လူနည်းတာ၊ အင်တာနက်လိုင်းအခြေအနေနဲ့ နည်းပညာရောက်ရှိမှုနည်းတာကြောင့် သိပ်မဆော့ခဲ့ပါဘူး။

**(၃) သမ္မတရုံးဝက်ဘ်ဆိုက်သို့ တိုင်ကြားစာပေးပို့နိုင်ခြင်း**

ပြည်သူတွေအနေနဲ့ မိမိတို့ရဲ့မကျေနပ်ချက်တွေ၊ တိုင်ကြားချင်တာတွေ၊ အကြံပြုချင်တာတွေကို နိုင်ငံတော်သမ္မတရုံးဝက်ဘ်ဆိုက်ဖြစ်တဲ့ http://www.president-office.gov.mm/ ဝက်ဘ်ဆိုက်ကနေတစ်ဆင့် ပေးပို့တိုင်ကြားနိုင်မယ့် နိုင်ငံတော်သမ္မတထံပေးစာ ကဏ္ဍကို အဲဒီဝက်ဘ်ဆိုက်မှာ စက်တင်ဘာ ၂၈ ရက်က စတင်ထည့်သွင်းပေးခဲ့ပါတယ်။




ပြည်သူတွေရဲ့အသံကို နားထောင်နိုင်ဖို့အတွက် နည်းပညာရဲ့အစွမ်းကို အသုံးချပြီး နိုင်ငံတော်သမ္မတရုံးဝက်ဘ်ဆိုက်မှာ ဒီပေးစာကဏ္ဍကို ထည့်သွင်းလိုက်တာဟာ နည်းပညာရဲ့အစွမ်းကို အစိုးရအနေနဲ့လည်း အသိအမှတ်ပြု အလေးထားကြောင်း ဖော်ထုတ်ပြသလိုက်သလိုဖြစ်ပါတယ်။

အရင်က ရှိခဲ့ဖူးတဲ့ ပေးစာကဏ္ဍတွေလို အီးမေးလ်လိပ်စာတစ်ခုပေးထားပြီး ပို့ခိုင်းရုံမဟုတ်ဘဲ ဝက်ဘ်ဆိုက်ထဲက ဖောင်ကို ဖြည့်စွက်ပြီး စနစ်တကျ ပေးပို့ရတာတွေ၊ ပစ်စာသဘောမဖြစ်အောင် တိုင်ကြားသူရဲ့ ဖုန်းနံပါတ်နဲ့ Verification လုပ်ရတာတွေဟာ နည်းပညာကို ထိထိမိမိ အသုံးချနိုင်တဲ့ အဓိပ္ပာယ်မျိုးလည်း ထင်ရှားစေခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတော်သမ္မတရုံးဝက်ဘ်ဆိုက်မှာပဲ ကွမ်းစားသုံးမှုလျှော့ချရေးနဲ့ စည်းကမ်းမဲ့ကွမ်းတံတွေးထွေးမှု ပပျောက်ရေး လူထုစစ်တမ်းကောက်တဲ့အစီအစဉ်(Voting )ကို ဒီနှစ်ထဲမှာ စပြီးလုပ်ခဲ့ပြီးတော့ လူထုရဲ့စိတ်ဝင်စားမှုကိုလည်း အမှန်တကယ် ရရှိခဲ့ပါတယ်။

**(၄) မိုဘိုင်းနည်းပညာများ**

မိုဘိုင်းဖုန်းတွေကို ကမ္ဘာအနှံ့အသုံးများလာသလို ပြည်တွင်းမှာလည်း မိုဘိုင်းအသုံးများလာပြီး မိုဘိုင်းနည်းပညာတွေက ကွန်ပျူတာနည်းပညာတွေထက်တောင် ပိုပြီး လူများများလက်ထဲ ရောက်ခဲ့ပါတယ်။ ဒီနှစ်ထဲမှာပြည်တွင်းကို ရောက်ရှိလာတဲ့ မိုဘိုင်းဖုန်းမော်ဒယ်သစ်မှာ ပါလာတဲ့ နည်းပညာသစ်တွေအဖြစ် Finger Print, On the Go, Dual Camera စတာတွေထဲက လူအများလက်ထဲအရောက်ဆုံး နည်းပညာကတော့ Finger Print ဖြစ်ပါတယ်။



ဖုန်းမော်ဒယ်အသစ် အများစုမှာ Finger Print Lock တွေ ပါဝင်လာပြီး ဖုန်းတစ်လုံးကို ဖွင့်ပိတ်ချိန်မှာ အရင်လို Pattern Lock, Pin Lock, Password Lock တွေအစား ပိုမိုလွယ်ကူပြီး လုံခြုံမှုရှိတဲ့ Finger Print Lock ကို အသုံးချနိုင်လာတာကြောင့် သုံးသူများအတွက် ပိုပြီး လွယ်ကူအဆင်ပြေစေပါတယ်။ လက်ရှိ ပြည်တွင်းဈေးကွက်မှာဆိုရင် အရည်အသွေးပိုင်းကောင်းမွန်တယ်လို့ နာမည်ကြီးနေတဲ့ Xiaomi အမှတ်တံဆိပ် ဖုန်းတွေဟာ Finger Print လည်း ပါသလို ဈေးလည်းမကြီးဘဲ အသုံးပြုနိုင်နေသလို Finger Print Sensor ပါတဲ့ အခြားဖုန်းတွေ အတော်များများကိုလည်း ဈေးသိပ်မများဘဲ ဝယ်ယူနိုင်ပါတယ်။

**(၅) ဆင်းကတ်မှတ်ပုံတင်ခြင်း**

နောက်ဆုံးအချက်အနေနဲ့ ဖော်ပြပေးမယ့် ဒီတစ်ချက်က တစ်နိုင်ငံလုံးက ပြည်သူလူထုအပေါ်မှာ အကျိုးသက်ရောက်မှု အကြီးမားဆုံးဖြစ်ပါတယ်။ ပြည်တွင်းက မိုဘိုင်းဖုန်းအသုံးပြုသူတိုင်းအနေနဲ့ ဘယ်ဖုန်းကိုအသုံးပြုနေသည်ဖြစ်စေ မိမိတို့ဆင်းကတ်တွေကို မှတ်ပုံတင်ကြဖို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ဇူလိုင်လကုန်ပိုင်းက စတင်ကြေညာခဲ့ပါတယ်။




ဩဂုတ် ၁ ရက်ကစလို့ မှတ်ပုံတင်တွေ ပြုလုပ်နိုင်ကြောင်းနဲ့ ဆင်းကတ်မှတ်ပုံတင်တွေကို ၂၀၁၇ မတ်လကုန်အထိ ပြုလုပ်နိုင်ပြီး အဲဒီနောက်မှာ မှတ်ပုံတင်မလုပ်ထားတဲ့ ဆင်းကတ်တွေကို ပိတ်သိမ်းမှာဖြစ်ကြောင်း အသိပေးခဲ့ပါတယ်။ ပြည်ပအော်ပရေတာနှစ်ခု ဝင်ရောက်လာပြီးနောက်မှာ ဆင်းကတ်တစ်ကတ်ကို ၁၅၀၀ နဲ့ လွယ်လွယ်ဝယ်လို့ရတဲ့ ကောင်းကျိုးနဲ့အတူ ဆင်းကတ်တွေကို မကောင်းတဲ့ရည်ရွယ်ချက်နဲ့ အသုံးပြုမှုတွေလည်း ရှိလာနေတာကြောင့် ကြိုဆိုရမယ့် လုပ်ဆောင်ချက်ဖြစ်ခဲ့ပါတယ်။ ဒီလိုဆင်းကတ်တွေ မှတ်ပုံတင်ခြင်းကြောင့် ဖုန်းအသုံးပြုတဲ့ ရာဇဝတ်မှုတွေမှာ ကျူးလွန်သူကို ခြေရာခံလိုက်နိုင်ဖို့ လွယ်ကူစေမှာဖြစ်သလို မိုဘိုင်းငွေကြေးစနစ်တွေကို အသုံးပြုတဲ့အခါမှာလည်း ပိုမိုလုံခြုံမှုရှိစေမှာဖြစ်ပါတယ်။

ဒီနောက်မှာ အော်ပရေတာတွေဖြစ်တဲ့ MPT၊ တယ်လီနောနဲ့ အူရီဒူးတို့အနေနဲ့ ဆင်းကတ်ဝယ်သုံးထားသူတွေကို မှတ်ပုံတင်ပြုလုပ်ကြဖို့ အသိပေးမှုတွေ အဆက်မပြတ် ပြုလုပ်နေသလို မှတ်ပုံတင်လုပ်ရင် လွယ်လွယ်ကူကူ လုပ်နိုင်ဖို့အတွက်လည်း မြေပြင်ကွင်းဆင်းတဲ့နည်း၊ အွန်လိုင်းကနေ မှတ်ပုံတင်နိုင်မယ့်နည်း စသည်ဖြင့် အမျိုးမျိုး ဆောင်ရွက်ပေးနေကြပါတယ်။

ဆင်းကတ်မှတ်ပုံတင်ဖို့ သတ်မှတ်ထားချိန် ရှစ်လမှာ ငါးလကြာပြီဖြစ်တဲ့ အခုအချိန်မှာ ဆင်းကတ်အသုံးပြုသူ ပြည်သူတွေအနေနဲ့လည်း အချို့က မှတ်ပုံတင်လုပ်ထားပြီးဖြစ်သလို အချို့ကလည်း မလုပ်ရသေးဘဲ ကိုယ့်ဆင်းကတ်ဟာ ဝယ်တုန်းက မှတ်ပုံတင်ထားပြီးသားလား၊ မှတ်ပုံတင်ထားတာက ကိုယ့်အမည်ပေါက်ရော ဟုတ်ရဲ့လား၊ ကိုယ့်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တွေကိုသုံးပြီး တခြား ကိုယ်မသိတဲ့ မသုံးတဲ့ ဆင်းကတ်တစ်ခုခုကို မှတ်ပုံတင်ထားတာမျိုးတွေ ရှိနေမလား၊ ကိုယ့်အမည်နဲ့ တခြားဆင်းကတ်တစ်ခုကို မှတ်ပုံတင်ထားပြီး အဲဒီဆင်းကတ်က မဟုတ်တာလုပ်နေရင် ဘာဖြစ်လာမလဲ စသည်ဖြင့် စိုးရိမ်ပူပန်မှုတွေလည်း ရှိနေကြပါတယ်။


## အများသိစေရန်

မြင်းမူမြို့၊ မင်းရဲကျော်စွာရပ်၊ သဇင်လမ်း၊ အကွက်အမှတ်၁၁၊ ဦးပိုင်အမှတ် ၆၄၊ ဧရိယာ ၀ဒသမ ၀၃၃ဧကရှိ ဂရန်အမည်ပေါက် ဒေါ်တော်(ခ)ဒေါ်လှမေအား ဒေါ်အေးစိုးမွန်အမည်ဖြင့် ဂရန်အမည်ပြောင်းသက်တမ်းတိုးမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ၂၈-၁၂-၂၀၁၆ရက်မှ ၁၁-၁-၂၀၁၇ ရက်အတွင်း မြင်းမူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးစိုးမွန်**
**၅/မမတ(နိုင်)၁၀၀၄၃၄**
**မြင်းမူမြို့**

## ဦးထွန်းလွင် ၁၃/လရန(နိုင်)၁၀၂၁၀၃ နှင့် အများသိစေရန်ကြေညာခြင်း

၂၂-၁၂-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၃)၊ ကော်လံ(၆/၇)တွင် ဦးထွန်းလွင် ၁၃/လရန(နိုင်)၁၀၂၁၀၃၏ အများသိစေရန်ကြေညာခြင်းတွင် လားရှိုးမြို့၊ (၁၂)ရပ်ကွက်၊ အကွက်အမှတ် ၂၅/တရုတ်ဈေးတန်း၊ ဦးပိုင်အမှတ် ၂/၁၁၊ မြေချိန်ဧရိယာ ၀ဒသမ၁၆၀ဧက၊မြေငှားဂရန်အမှတ်၃၃၂-၅/၂၀၀၂-၂၀၀၃(အေ)မြေကွက်အား ကွယ်လွန်သူ ဦးထွန်းစိန်၏အမည်မှ ၎င်း၏အမည်သို့ လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဂရန်အမည်ပြောင်း/ထပ်မံအသစ် လျှောက်ထားမည်ဖြစ်ကြောင်း ကြေညာချက်အား ကန့်ကွက်ပါသည်။ အဆိုပါမြေကွက်သည် အမွေဆိုင်မြေကွက်ဖြစ်ပြီး အမွေမခွဲဝေရသေးသဖြင့် ဂရန်အမည်ပြောင်း/ထပ်မံအသစ်လျှောက်ထားမည်ဆိုပါက အမွေဆိုင်များမှ ကန့်ကွက်ကြောင်း ဦးထွန်းလွင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**(၁)ဒေါ်ဟာဇရာ(LSO-၁၀၈၈၁၄)၊ (၂)ဦးကျော်လင်းဦး ၁၃/လရန(နိုင်)၁၂၄၇၂၈**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၁၁-၂၀၁၆ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(၃၀)ကန့်ကွက်နိုင်ကြောင်းကြော်ငြာဒဂုံမြောက်မြို့နယ်ဒေါ်ကြော့မွန်နိုင်(ခ)ဒေါ်ကျော့မွန်နိုင်၏ပိုင်ဆိုင်မြေပုံကူးတွင်ဦးကျော်နိုင်(AA-၀၀၁၂၄၇)အစား(AR ၀၀၁၂၄၇)ဟုအမှန်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၁၁-၂၀၁၆ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၆)ကန့်ကွက်နိုင်ကြောင်းကြော်ငြာ၊မြောက်ဥက္ကလာပမြို့နယ်၊ဒေါ်မြင့်မြင့်ကြည်၏ပိုင်ဆိုင်မြေပုံကူးတွင်မြေတိုင်းရပ်ကွက်အမှတ်- ၂၀/ရွှေပေါက်ကံ၊မြေကွက်အမှတ်- ၂၅၁နှင့်မြေကွက်တည်နေရာအမှတ်(၂၅၁)မြင်းခိုင်းလမ်းဟုအမှန်ဖတ်ရှုပါရန်။

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပြည်လမ်းအနောက်ရပ်ကွက်၊ ကင်းဝန်မင်းကြီးလမ်း၊ အမှတ် ၂/ဘီနေ ဒေါ်အင်ကြင်(ခ)ဒေါ်စင်ချင်ဟွာ ၆/မအရ(နိုင်) ၀၉၁၇၉၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အထက်လိပ်စာပါနေထိုင်သူ ဒေါ်အင်ကြင်မှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာအုပ်စုနေ လယ်သမား ဦးလှမောင် အမည်ပေါက် ကွင်းအမှတ် ၅၆၁၊ ကရင်ချောင်းကွင်း၊ ဦးပိုင်အမှတ် ၈၊ ၉ဒသမ၆၇ဧက၊ ဦးနှင်းအမည်ပေါက် ကွင်းအမှတ် ကရင်ချောင်းကွင်း၊ ဦးပိုင်အမှတ် ၉၊ ၉ဒသမ ၆၀ဧက၊ ဦးဘိုကြီး အမည်ပေါက် ကွင်းအမှတ် ကရင်ချောင်းကွင်း၊ ဦးပိုင်အမှတ် ၇၊ ၁၀ ဒသမ ၀၀ဧက၊ ဦးအောင်သန်းဝင်း အမည်ပေါက် ကွင်းအမှတ် ကရင်းချောင်းကွင်း ဦးပိုင်အမှတ် ၁၀၊ ၂ဒသမ၄၀ဧကတို့ကို (၄-၄-၁၉၉၃)ခုနှစ်တွင် ရယကရုံး၌ အရပ်ကတိစာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အဆိုပါလယ်ယာမြေနှင့်ပတ်သက်သည့် စာချုပ်စာတမ်းများမှာ ပျောက်ဆုံးသွားခဲ့ပါသဖြင့် အထက်ပါမြေနှင့်ပတ်သက်၍ သက်ဆိုင်ရာရုံးများတွင် ပျောက်ဆုံးသွားကြောင်း သတင်းပို့အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အထက်ပါမြေနှင့်ပတ်သက်၍ စာချုပ်စာတမ်းများ လက်ဝယ်ရှိသူ၊ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်နှင့် ကန့်ကွက်နိုင်ရန် အသိပေးကြေညာအပ်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေယာနှင့်ပတ်သက်၍ ဆောင်ရွက်စရာရှိသည်များကို သက်ဆိုင်ရာရုံးဌာနများတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်အင်ကြင်(ခ)ဒေါ်စင်ချင်ဟွာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျ (စဥ်-၄၃၁၃၅)၊ ဒေါ်မေဒေးခင် (စဥ်-၃၉၅၈၂)**
**အထက်တန်းရှေ့နေများ**
**အမှတ် ၇၅၁၊ ပီမိုးနင်း ၄ လမ်း၊ (၄၂) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၄၂၀၂၉၂၁၄၇၊ ၀၉-၂၅၄၅၄၁၆၃၈၊ ၀၉-၄၂၀၁၆၄၄၉၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**လက်ပံတန်းမြို့နယ်တရားရုံးတော်၌**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၆၈**

| | | | |
|---|---|---|---|
| ၁။ ဒေါ်သန်းမြွေး | **နှင့်** | ၁။ ဦးစိုးတင့် | ၈။ ဒေါ်လှဲ့လှဲ့ဝင်း |
| ၂။ ဒေါ်ရင်သန်း | | ၂။ ဒေါ်အုန်းရှင် | ၉။ ဦးမြင့်နိုင် |
| | | ၃။ ဦးလှဝင်း | ၁၀။ ဒေါ်တင်တင်အေး |
| | | ၄။ ဦးသန်းဝင်း | ၁၁။ ဒေါ်သန်းသန်းဝင်း |
| | | ၅။ ဒေါ်ဖြူ | ၁၂။ ဒေါ်သင်းသင်းမာ |
| | | ၆။ ဦးစိုးနိုင် | ၁၃။ ဒေါ်သင်းသင်းအေး |
| | | ၇။ မခင်မေသန်း | ၁၄။ ဒေါ်ရွှေစိန် |
| **တရားလိုများ** | | **တရားပြိုင်များ** | |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ စက်မှုဇုန် (၂)၊ (၆၄) ရပ်ကွက်၊ အင်းတော်လမ်းနေ ဒေါ်လှဲ့လှဲ့ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ဆိပ်ငယ်ရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ်(၅၂)နေ ဦးမြင့်နိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ စက်မှုဇုန် (၂)၊ (၆၄)ရပ်ကွက်၊ အင်းတော်လမ်း၊ အမှတ် (၅၂၆) နေ ဒေါ်တင်တင်အေး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၈ ရက် (၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ၏စွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူဝင်းလတ်)**
**မြို့နယ်တရားသူကြီး**
**လက်ပံတန်းမြို့နယ်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/3882 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄/၉၃၅၇ Traulegi B2 လက်တွန်းထွန်စက် (တွဲပါ) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွန်းအောင် ၁၄/ဒဒရ(နိုင်)၀၁၈၃၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် CC/5690 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**အမှတ်၊ ၃၊ ဒေသကောလိပ်၊ ရန်ကုန်**
ရန်ကုန်တက္ကသိုလ်၊ ကြည့်မြင်တိုင်နယ်မြေ၊
(၁၉၇၈ – ၁၉၈၈)
**ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါ၍**
**ကျောင်းသား၊ ကျောင်းသူဟောင်းများ ပူးပေါင်းပါဝင်ကြပါရန် ဖိတ်ကြားအပ်ပါသည်**
နေ့ရက် ၊ ၊ ၁၄၊ ၁၊ ၂၀၁၇ (စနေနေ့)
အချိန် ၊ ၊ မွန်းလွဲ ၂း၀၀ နာရီ
နေရာ ၊ ၊ စကားဖြူခန်းမ၊ ယခင် ဒေသကောလိပ် (၃)
ဆက်သွယ်ရန်
ကိုဘိုကြည်သောင်း ၀၉ ၄၃၁၀ ၁၅၃၂ ကိုခင်ဝင်း ၀၉ ၅၁၃ ၈၂၃၃ ကိုညီညီလွင် ၀၉ ၅၁၁ ၈၆၄၃
ကိုကွန်းဇော်ထွန်း ၀၉ ၄၅၉၃ ၅၄ ၃၉၃ ကိုခင်မောင်လွင်(ကြက်တော) ၀၉ ၅၀၀ ၄၁၈၉ မမိမိနိုင် ၀၉ ၄၂၀ ၀၃၀ ၄၃၅
Facebook Name- RC (3)

**Myanmar B2B Management Magazine**
- FDI အခက်၊ ဒေါ်လာဈေးအတက်နှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု
- သူတို့ပြောတဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှု
- အနားယူသွားသော်လည်း ဆက်လက်လှုပ်ရှားနေသေးသူ
- ဝိုက်ဆံဆိုတာဘာလဲ
- နောက်ကလူ
- နည်းလမ်းဟောင်းတွေကို ပစ်ချနိုင်ပြီဖြစ်တဲ့ ယနေ့ ဒစ်ဂျစ်တယ်ဈေးကွက်ရှာဖွေရဲ့ထွင်ရေး
- လူတိုင်းအတွက် အကြွင်းမဲ့ အောင်မြင်ရေးဖော်မြူလာ
- Hilton Hotel ကိုဦးဆောင်နေသူနှစ်ဦးနှင့် တွေ့ဆုံခြင်း
- ပါမောက္ခဒေါက်တာအောင်ထွန်းသက် ဦးဆောင်ဆွေးနွေးထားသည့် "အစိုးရသစ်၊ မူဝါဒအပြောင်းအလဲနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ၏ အနာဂတ်" စကားဝိုင်း
- ဗဒ္ဒမင်းတရား(ဘိုးတော်မင်း)၏ ခေါင်းဆောင်မှုအရည်အသွေးကို လေ့လာခြင်း

အစရှိသဖြင့် –

**ဇန်နဝါရီလထုတ် ထွက်ပြီ**




လပေးမှတ်ပုံလိုပါက – 09 4200 33366 ကြော်ငြာထည့်သွင်းလိုပါက – 09 4200 333 55 , 77 (Hot Line)

တက္ကသိုလ်ဝင် စာမေးပွဲမှာ ... အမှတ်များရလိုသူများ အတွက်
**ဂုဏ်ထူး ဦးအောင်ခိုင်**
2017 English Question 5 Sets
၂၀၁၇ အင်္ဂလိပ်စာ မေးခွန်း ၅ စုံ
၂၄၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919

**ပါကေး အစားထိုး ကြမ်းခင်း**
New Year Special Promotion
မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော
Since 1996
Home
think of House, think of Home



Buy Flooring → Get Box
၄ ကျင်း ဝယ်လျှင် ၁ ပုံး လက်ဆောင်



Grade A,B,C,D
စစ်မှန်မှုကိုစက်ဖြင့် "အခမဲ့" လက်တွေ့ စစ်ဆေးပေးသည်။
- ★ Grade A,B,C,D အစစ်များသာရောင်းပါသည်
- ★ ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိရှိပါသည်
- ★ လက္ကား ဝယ်ယူလိုသူများ အတွက် အထူး ဈေးနှုန်း

ပိတ်ရက်မရှိ
(အင်းစိန်) (သင်္ဃန်းကျွန်း) (ပဲခူး) (မန္တလေး) (တောင်ကြီး)
(အောင်ဆန်းကွင်း) (မြောက်ဥက္ကလာ) (မော်လမြိုင်) (ပြင်ဦးလွင်) (မုံရွာ) (နေပြည်တော်)
HOTLINE: 09-79 700 70 70
09-79 700 70 80

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

**နေပြည်တော်**
**ကားမောင်း(အတတ်သင်)သင်တန်း**
ပ–(154)၊ မြို့မဈေး ၊ ပွဲရုံတန်း ၊ နေပြည်တော်
Ph:067-421755 ,09-73011078 ,09-73041277
ဓာတ်မီးကားမျိုးစုံဖြင့် Manual & Auto နှစ်မျိုးစလုံးသင်ကြားပေးပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၅၀ယ/၆၄၉၈၂ CATOL 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ပိုင်ဦး ၁/မကန(နိုင်)၁၈၂၇၄၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**




*Merry Christmas &*
*Happy New Year 2017*

**Oramin-G**
အဆင့်မြင့်ဂျင်ဆင်းအားဆေး

**ခန္ဓာသန်စွမ်းစိတ်ရွှင်လန်းဖို့**
**'အော်ရာမင်–ဂျီ' ကိုသောက်ကြပါစို့ ...**

MARKETED BY: AA MEDICAL PRODUCTS LTD.
TEL : (01) 249590~93, 391644~50
MEDICAL

# ဒဂုံတက္ကသိုလ်(၂၈)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ဒဂုံတက္ကသိုလ်မှ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ၊ မေလနှင့် စက်တင်ဘာလများတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ဖြင့် စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး၊ ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ ရရှိပြီးသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်ပါသည်။

**၁။ (၂၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၃-၂-၂၀၁၇ရက် (သောကြာနေ့)**

**နံနက်ပိုင်း -နံနက် ၉း၀၀နာရီ**

မဟာသုတေသနဘွဲ့ - ရူပဗေဒ၊ သတ္တဗေဒ
မဟာဝိဇ္ဇာဘွဲ့ - ပထဝီဝင်
မဟာသိပ္ပံဘွဲ့ - ရက္ခဗေဒ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - သမိုင်း
သိပ္ပံဂုဏ်ထူးဘွဲ့ - အဏုဇီဝဗေဒ
ဥပဒေဘွဲ့ - ဥပဒေပညာ
ဝိဇ္ဇာဘွဲ့ - သမိုင်း
သိပ္ပံဘွဲ့ - ဘူမိဗေဒ၊ အဏုဇီဝဗေဒ၊ Biotechnology
ဘွဲ့လွန်ဒီပလိုမာဘွဲ့ - Geographic Information System

**ညနေပိုင်း-မွန်းလွဲ ၂း၀၀နာရီ**

မဟာသုတေသနဘွဲ့ - သမိုင်း၊ ရက္ခဗေဒ
မဟာဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ
မဟာသိပ္ပံဘွဲ့ - သတ္တဗေဒ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - စိတ်ပညာ
သိပ္ပံဂုဏ်ထူးဘွဲ့ - ဇလဗေဒ၊ ဘူမိဗေဒ
ဝိဇ္ဇာဘွဲ့ - စိတ်ပညာ
သိပ္ပံဘွဲ့ - ရူပဗေဒ

**(အစမ်းလေ့ကျင့်ရန် ၃၁-၁-၂၀၁၇ရက် နံနက် ၉း၀၀နာရီ)**

**၂။ (၂၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၄-၂-၂၀၁၇ရက်**

**စနေနေ့ နံနက်ပိုင်း-နံနက် ၉း၀၀နာရီ**

မဟာသုတေသနဘွဲ့ - ဓာတုဗေဒ
မဟာဥပဒေဘွဲ့ - ဥပဒေပညာ
မဟာဝိဇ္ဇာဘွဲ့ - ဒဿနိကဗေဒ
မဟာသိပ္ပံဘွဲ့ - ဘူမိဗေဒ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - အင်္ဂလိပ်စာ
သိပ္ပံဂုဏ်ထူးဘွဲ့ - ရက္ခဗေဒ
ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ(ခုံအမှတ် ၄အ-၁ မှ ၄အ-၂၅၀ထိ)
သိပ္ပံဘွဲ့ - သတ္တဗေဒ

**ညနေပိုင်း-မွန်းလွဲ ၂း၀၀နာရီ**

မဟာသုတေသနဘွဲ့ - ဥပဒေပညာ၊ ဘူမိဗေဒ
မဟာဝိဇ္ဇာဘွဲ့ - မြန်မာစာ
မဟာသိပ္ပံဘွဲ့ - ဓာတုဗေဒ
သိပ္ပံဂုဏ်ထူးဘွဲ့ - သတ္တဗေဒ
ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ(ခုံအမှတ် ၄အ-၂၅၁နှင့်အထက်)
သိပ္ပံဘွဲ့ - ရက္ခဗေဒ

**(အစမ်းလေ့ကျင့်ရန် ၃၁-၁-၂၀၁၇ရက် မွန်းလွဲ ၁း၀၀နာရီ)**

**၃။ (၂၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း-နံနက် ၉း၀၀နာရီ**

မဟာသုတေသနဘွဲ့ - သင်္ချာ
မဟာဝိဇ္ဇာဘွဲ့ - ရှေးဟောင်းသုတေသနပညာ
မဟာသိပ္ပံဘွဲ့ - ရူပဗေဒ
သိပ္ပံဂုဏ်ထူးဘွဲ့ - ဓာတုဗေဒ
ဝိဇ္ဇာဘွဲ့ - မြန်မာစာ၊ ဒဿနိကဗေဒ
သိပ္ပံဘွဲ့ - ဇီဝဓာတုဗေဒ၊ ကွန်ပျူကလိယရူပဗေဒ

**ညနေပိုင်း-မွန်းလွဲ ၂း၀၀နာရီ**

မဟာသုတေသနဘွဲ့ - ဒဿနိကဗေဒ၊ ရှေးဟောင်းသုတေသနပညာ
မဟာသိပ္ပံဘွဲ့ - သင်္ချာ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - ရှေးဟောင်းသုတေသနပညာ
သိပ္ပံဂုဏ်ထူးဘွဲ့ - ရူပဗေဒ၊ ဇီဝဓာတုဗေဒ
ဝိဇ္ဇာဘွဲ့ - မြန်မာမှုပညာ၊ ရှေးဟောင်းသုတေသနပညာ
သိပ္ပံဘွဲ့ - ဓာတုဗေဒ

**(အစမ်းလေ့ကျင့်ရန် ၁-၂-၂၀၁၇ရက် နံနက် ၉း၀၀နာရီ)**

**၄။ (၂၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၆-၂-၂၀၁၇ရက် (တနင်္လာနေ့)**

**နံနက်ပိုင်း-နံနက် ၉း၀၀နာရီ**

မဟာသုတေသနဘွဲ့ - မနုဿဗေဒ
မဟာဝိဇ္ဇာဘွဲ့ - အရှေ့တိုင်းပညာ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - မနုဿဗေဒ
သိပ္ပံဂုဏ်ထူးဘွဲ့ - သင်္ချာ
ဝိဇ္ဇာဘွဲ့ - ပထဝီဝင်၊ မနုဿဗေဒ
သိပ္ပံဘွဲ့ - ကုန်ထုတ်ဓာတုဗေဒ

**ညနေပိုင်း-မွန်းလွဲ ၂း၀၀နာရီ**

မဟာသုတေသနဘွဲ့ - ပထဝီဝင်
မဟာဝိဇ္ဇာဘွဲ့ - မနုဿဗေဒ
မဟာသိပ္ပံဘွဲ့ - ကုန်ထုတ်ဓာတုဗေဒ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - ပထဝီဝင်
သိပ္ပံဂုဏ်ထူးဘွဲ့ - ကုန်ထုတ်ဓာတုဗေဒ
ဝိဇ္ဇာဘွဲ့ - အရှေ့တိုင်းပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ
သိပ္ပံဘွဲ့ - သင်္ချာ

**(အစမ်းလေ့ကျင့်ရန် ၁-၂-၂၀၁၇ရက် မွန်းလွဲ ၁း၀၀နာရီ)**

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၂၆-၁-၂၀၁၇ရက်မှ ၂၇-၁-၂၀၁၇ရက်ထိ ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးပါမည်။

**(သက်လွင်)**
**ဌာနမှူး-သင်တန်းရေးရာဌာန**
**ဒဂုံတက္ကသိုလ်**

---

## ဒဂုံတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၇ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် ပြုလုပ်မည့် (၂၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအတွက် ဘွဲ့နှင်းသဘင် ခန်းမအတွင်း(အပြင်မပါ)ဓာတ်ပုံ ရိုက်ကူးခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာ(တင်ဒါ)ကို ဒဂုံတက္ကသိုလ်တွင် တင်သွင်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာကို ၂-၁-၂၀၁၇ ရက်တွင် စတင်လက်ခံမည်ဖြစ်ပြီး ၁၀-၁-၂၀၁၇ ရက် မွန်းတည့် ၁၂း၀၀ နာရီတွင် နောက်ဆုံးထားတင်သွင်းရပါမည်။ အသေးစိတ်အချက်အလက်များကို ဒဂုံတက္ကသိုလ်သင်တန်းရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံရိုက်လုပ်ငန်းကြီးကြပ်ရေးအဖွဲ့**
**ဒဂုံတက္ကသိုလ်**

---

**ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ရန်ကုန်အနောက်ပိုင်းခရိုင်**
**မရမ်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ရုံးအဆောက်အဦ အသေးစားပြင်ဆင်ရန်**

**ရက်စွဲ။ ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၂၆ရက်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မရမ်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် အဆောက်အဦအသေးစား ပြင်ဆင်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ - ရန်ကုန်အနောက်ပိုင်းခရိုင်၊ မရမ်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ၈/၇၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်း

(ခ) တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၆-၁-၂၀၁၇ရက် ၁၆း၀၀နာရီ

၂။ အသေးစိတ်သိရှိလိုပါက မရမ်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၁-၆၆၁၃၇၅၊ ၀၁-၆၆၀၇၆၇သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရဲရွာဓာတ်အားပေးစက်ရုံ 230 kV Switch Yard Equipment များအား Silicon Coating Cleaning Service & Composite Rubber Coating ပြုလုပ်လိုပါသည်။

Tender No-21/EPGE/2016-2017

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ ၁၆-၁-၂၀၁၇ ရက်ဖြစ်ပြီး တင်ဒါပိတ်ချိန်မှာ ၁၃း၀၀ နာရီ ဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈ နှင့် ၈၁၀၄၂၇၉**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး)၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် (၄၀၆)၊ မြေကွက်အမှတ် (၉၈·၅)(၉၈·၃)မြေကွက်တွင် အဆောက်အအုံတည်ဆောက်ရန်အတွက် အောက်ဖော်ပြပါအချက်အလက်များအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူမည်ဖြစ်ပါသည်။

(က) **(၃၄×၉၆)ပေ RCC (၄)ထပ် အဆောက်အအုံ** - (၁)လုံး

(ခ) **တင်ဒါရောင်းချမည့်ရက်/အချိန်** - ၂၉-၁၂-၂၀၁၆ရက် နံနက် ၉း၃၀ နာရီ

(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၂-၁-၂၀၁၇ရက် မွန်းတည့် ၁၂း၀၀ နာရီ

(ဃ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၂-၁-၂၀၁၇ရက် မွန်းလွဲ ၂း၀၀ နာရီ

(င) **တင်ဒါပုံစံဝယ်ယူရမည့်နေရာ** - ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး (မန္တလေး)၃၄လမ်း× ၈၅ လမ်းထောင့်၊မန္တလေးမြို့။

(စ) **တင်ဒါတင်သွင်းရမည့်နေရာ** - ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းရုံး (မန္တလေး) ၃၄လမ်း×၈၅ လမ်းထောင့်၊မန္တလေးမြို့။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာ ဖြစ်သော ၃၄လမ်း×၈၅လမ်းထောင့်၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းရုံး(မန္တလေး) သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၂-၂၄၇၇၉၊ ၀၂-၆၅၂၆၀၊ ၀၉-၄၄၄၆၃၄၈၄၉ တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**အသင်းရုံးဆောက်လုပ်ရေးကော်မတီ**

---

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**
**(၁၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင်**

## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်ထိ ပဥ္စမနှစ်ရေကြောင်း သိပ္ပံဂုဏ်ထူးဘွဲ့နှင့် သိပ္ပံဘွဲ့စာမေးပွဲများကိုဖြေဆိုအောင်မြင်ခဲ့ကြသူများနှင့် ၂၀၁၅-၂၀၁၆ပညာသင်နှစ် အတွက် ၂၀၁၆ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ပဥ္စမနှစ်အင်ဂျင်နီယာဘွဲ့စာမေးပွဲများ၊ ဘွဲ့လွန်ဒီပလိုမာ (အချိန်ပြည့်၊ အချိန်ပိုင်း) စာမေးပွဲများနှင့် မဟာအင်ဂျင်နီယာဘွဲ့စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

၂။ **ကျင်းပမည့်ရက်** - ၁၁-၂-၂၀၁၇ရက် (စနေနေ့)
**ကျင်းပမည့်နေရာ** - ဘွဲ့နှင်းသဘင်ခန်းမ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
**ကျင်းပမည့်အချိန်**
**(နံနက်ပိုင်းအစီအစဉ်)** - (၁) နံနက် ၈း၀၀နာရီ
မဟာအင်ဂျင်နီယာဘွဲ့အားလုံး
အင်ဂျင်နီယာဘွဲ့လွန်ဒီပလိုမာအားလုံး
အင်ဂျင်နီယာဘွဲ့အားလုံး
